http://www.[illegible]adownload.com

## အရှင်သာရိပုတ္တရာ စိတ်ထား

- အရှင်သာရိပုတ္တရာ, ကျောင်းလှည့်ကာ, လိုတာ လိုက်လုပ်သည်။
- သောက်ရေအိုးတွင်, ရေကောင်းစင်, အရှင်ဖြည့်ပေးသည်။
- မသန့်ရှင်းတာ, တွေ့ခဲ့ပါ, သူဟာ သန့်ရှင်းသည်။
- ပစ္စည်းထားကြ, ချိုးမကျ, သူကပြင်ထားသည်။
- ကြောင့်ကြစိုက်တတ်, သူ့စိတ်ဓာတ်, မြင့်မြတ်လှပါသည်။

ကြည်ညိုဖွယ်ရာ

# အရှင်သာရိပုတ္တရာ

သာမဏေကျော်

DESIGN 553920

ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ ● သာမဏေကျော်

ကြည်ညိုဖွယ်ရာ

# အရှင်သာရိပုတ္တရာ

သာမဏေကျော်

ဒုတိယအကြိမ်

http://www.dhammadownload.com

ကြည်ညိုဖွယ်ရာ

# အရှင်သာရိပုတ္တရာ

သာမဏေကျော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ● ၃၂၀၁၉၄၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၃၄၀၀၆၀၇

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၈၀၀ ကျပ်

ပုံနှိပ်ခြင်း ● ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ
ဒုတိယအကြိမ်

မျက်နှာဖုံးနှင့် ● ဦးအောင်ထက် (၀၈၀၀၃)
အတွင်းပုံနှိပ် အောင်ပါရမီပုံနှိပ်တိုက်
အမှတ်-၁၂၇၊ အခန်း--၃၊ ၅၂-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးတင်ကိုဦး
ရွှေရည်မြင့်မြတ်စာပေ
အမှတ် (၅၈၀/ခ)၊ အောင်ရတနာလမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

**ဖြန့်ချိရေး**

**သာမဏေကျော်စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
**မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၉၆၈၀**

http://www.dhammadownload.com

# မာတိကာ


* လျှောက်ထားပါသည် ဘုရား ၁
* အရှင်သာရိပုတ္တရာ၏ ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များ ၆
၁။ သူ့ပညာစွမ်းအားကို လျှောက်ထားပြသော
အရှင်သာရိပုတ္တရာ ၇
၂။ ၇ - နှစ်အရွယ် သာမဏေလေး၏ စကားကိုပင်
ရိုသေစွာ လိုက်နာသော အရှင်သာရိပုတ္တရာ ၁၀
၃။ ဆရာရှိရာ ဦးခေါင်းပြု၍ အိပ်လေ့ရှိသော
အရှင်သာရိပုတ္တရာ ၁၁
၄။ သံဃာအားလုံး ကြွသွားပြီးမှ
ဆွမ်းခံဝင်လေ့ရှိသော အရှင်သာရိပုတ္တရာ ၁၂
၅။ 'သည်းခံမှု ရှိသည်' ဟု သတင်းကြီးသဖြင့်
စမ်းသပ်ခံရသော အရှင်သာရိပုတ္တရာ ၁၄
၆။ ဆွမ်းတစ်ဇွန်း၏ ကျေးဇူးကိုပင် မမေ့သော
အရှင်သာရိပုတ္တရာ ၁၇

http://www.dhammadownload.com

၇။ မယ်တော်ကြီး၏ မြည်တွန်ခြင်းခံရရှာသော
အရှင်သာရိပုတ္တရာ ၁၉
၈။ တဏှာရှိသေးသည်ဟု အပြောခံရသော
အရှင်သာရိပုတ္တရာ ၂၁
၉။ ၉ ကြိမ် မြေငလျင်တုန်လှုပ်စေသည့်
အရှင်သာရိပုတ္တရာ၏ စကား ၉ ခွန်း ၂၃
- ရန်ငြိုးဖွဲ့သော ရဟန်း ၂၃
- အရှင်သာရိပုတ္တရာ ပြန်လာရသည် ၂၄
- အရှင်သာရိပုတ္တရာ၏ စိတ်နေသဘောထား ၂၄
- တပည့်တော်အားလည်း သည်းခံတော်မူပါတဲ့ ၂၇
၁၀။ 'ဘုရားရှင်ကိုပင် မယုံကြည်သေး' ဟု
အပြစ်တင်ခံရသော အရှင်သာရိပုတ္တရာ ၂၉
၁၁။ အသက်ပင် သေပါစေ၊ ဘုရားဥပဒေကို
မချိုးဖျက်သော အရှင်သာရိပုတ္တရာ ၃၁
၁၂။ ရောဂါပျောက်ဆေး မဘုဉ်းပေးသဖြင့်
ရောဂါပျောက်သော အရှင်သာရိပုတ္တရာ ၃၂
၁၃။ အယူမှားနေသည့် ဦးလေးကို
ဘုရားထံ ပို့ပေးသော အရှင်သာရိပုတ္တရာ ၃၆
၁၄။ အယူမှားနေသည့် တူတော်မောင်ကို
ဘုရားထံသို့ ပို့ပေးသော အရှင်သာရိပုတ္တရာ ၃၈
၁၅။ အယူမှားနေသည့် သူငယ်ချင်းကို
ဘုရားထံ ပို့ပေးသော အရှင်သာရိပုတ္တရာ ၄၀
၁၆။ လှူစရာမရှိလို့ ၃ ကြိမ် ပုန်းနေသော ပုဏ္ဏားထံကိုမှ
ဆွမ်းခံကြွသော အရှင်သာရိပုတ္တရာ ၄၁

http://www.dhammadownload.com

# လျှောက်ထားပါသည် ဘုရား

## ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

ရိုသေစွာ ခြေတော်ဦးခိုက် လျှောက်ထားလိုက်ပါသည် ဘုရား။

တပည့်တော် အရင် ရေးခဲ့တဲ့ဆောင်းပါးတွေထဲမှာ လျှောက်ထားခဲ့ဖူးသလို အရှင်ဘုရားရဲ့ စာတွေကို ဖတ်ခွင့်ရတာ ရတနာထုပ်ကြီးကို ရသလို တပည့်တော် ခံစားရပါတယ် ဘုရား။

တပည့်တော်တို့ အရင်ကတည်းက မှတ်သားခဲ့ရတဲ့ စကားပုံကလေး တစ်ခု ရှိပါတယ်။ 'အလိမ္မာ စာမှာရှိ'ဆိုတဲ့ စကားပုံကလေး ဖြစ်ပါတယ်။ တကယ်ဆိုတော့ဘုရား၊ လိမ္မာအောင် သွန်သင်ညွှန်ပြ ဆုံးမတဲ့စာ၊ လမ်းမှန်ကို ညွှန်ပြတဲ့စာမှ အလိမ္မာရှိတဲ့စာ ဖြစ်နိုင်မှာပေါ့ဘုရား၊ နို့မဟုတ်လို့ကတော့ စာဖတ်ပြီးမှ မိုက်တွင်းပိုပြီးနက်သွားတာတွေ ရှိလာမှာပါပဲ ဘုရား။

တပည့်တော်တို့ကတော့ အလိမ္မာပေးတဲ့စာတွေမှာ ထုံမွှေ့ခွင့် ရခဲ့ပါတယ်။ အဲသည်လိုဆိုတော့ သိပ်လိမ္မာမှာပေါ့နော်လို့ တစ်ယောက်ယောက်က မေးခဲ့ရင် တော်သေးလို့သာ လမ်းမှန်ပေါ် ကို ပြန်ပြန်ရောက်လာတာ ဖြစ်ပါတယ်လို့ ဖြေရမှာပါပဲ။

http://www.dhammadownload.com



လိမ္မာတယ်လို့ ဆိုတာကလည်း ဉာဏ်ရည်ပြည့်မှု၊ တကယ်ကောင်းတဲ့ လမ်းညွှန်သင်ပြမှု၊ ကိုယ်ကိုယ်တိုင်ရဲ့ ကိုင်းညွတ်မှုတွေက အလိမ္မာကို တရားကို နားလည်နိုင် သဘောပေါက်နိုင် တန်ဖိုးထားနိုင်မှ ပိုပြီး ပြည့်ပြည့်ဝဝ အကျိုးရနိုင်မယ်လို့ တပည့်တော် သဘောပေါက်မိပါတယ် ဘုရား။

တပည့်တော်တို့ တော်တော်ငယ်တဲ့ အရွယ်ကစပြီး ဆိုကရေးတီးစ် (Socrates) ဆိုတဲ့ ဂရိပညာရှိကြီးတစ်ယောက်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို သင်ရိုးထဲမှာပါတာရော မပါတာရော ဖတ်ဖူးပါတယ်ဘုရား။ သူ့ရဲ့ပညာ၊ သူ့ရဲ့ရိုးသားမှု၊ ရဲရင့်မှုတွေကိုလည်း သဘောကျခဲ့ရပါတယ်ဘုရား။ သူက ပြောဖူးပါတယ်။ "လောကမှာ ငါသိတာ တစ်ခုပဲရှိတယ်။ အဲဒါ ငါ ဘာမှ မသိသေးဘူးဆိုတာပါပဲ" တဲ့။ တပည့်တော်တို့က လေးစားရင်းစွဲရှိထားတော့ ဩော် ပညာရှိများ တကယ်ပြည့်တာ သူ့ကိုယ်သူ နှိမ့်ချပြောတတ်တယ်လို့ ယူဆခဲ့ကြပါတယ်။

တကယ်တော့ သူဟာ အမှန်ကို ပြောခဲ့တာပါလားဆိုတာ ကြီးလာမှ ကောင်းကောင်း သဘောပေါက်ပါတော့တယ်။ သိစရာ၊ တတ်စရာတွေရဲ့ ကျယ်ပြန့်များပြားတဲ့အဖြစ်၊ ကိုယ်တိုင်လည်း သိသလိုလို တတ်သလိုလိုနဲ့ ဘာကိုမျှ အဟုတ်မတတ်တဲ့ အဖြစ်တွေကို သိလာတော့မှ ဩော် ငါတို့ထက် များစွာတော်တဲ့ ပညာရှိကြီး ဆိုကရေးတီးစ်က အမှန်ကို ဖွင့်ဟဝန်ခံသွားတာပါကလားလို့ သိလာပါတယ် ဘုရား၊ သူက ဟန်ဆောင်ခြင်းကို ရှောင်ပြီး ပြောင်ပြောင်ကြီး ဝန်ခံသွားတဲ့အတွက် ရိုးသားပါပေတယ်လို့ ချီးမွမ်းရမှာပါ ဘုရား၊ အသက်ကြီးလာတဲ့အခါ ဆင်ခြင်နိုင်တဲ့အား ပိုလာတာကို ဝမ်းသာရတာပါပဲ ဘုရား။

အဲဒီလိုအချိန်မှာ အရှင်ဘုရား ရေးသားတော်မူခဲ့တဲ့ "ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ" ကို တပည့်တော် ဖတ်ရတော့ ပိုပြီးလည်း

http://www.dhammadownload.com



ကြည်ညိုသဒ္ဓါပွားရပါတယ် ဘုရား၊ ကိုယ့်ရဲ့ကြမ်းတမ်းတဲ့ မောက်မာတဲ့ အဖြစ်တွေကို ပြန်မြင်ပြီး ရှက်မိပါတယ် ဘုရား၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ် လောက်က ပညာမာန တက်နေတယ်လို့ ကွယ်ရာမှာ ပြောတာကို ပြန် ကြားတဲ့အခါ တပည့်တော်က လူပုံအလယ်မှာ အဲဒီလူကို ရှင်းဖူးပါတယ် ဘုရား။

တကယ်လို့ အခုအချိန်မှာသာ အဲဒီစကားမျိုးနဲ့ စွပ်စွဲတာကို ခံရရင် "ဩော် အဲသည်လိုထင်တာ မဟုတ်ပါဘူးရှင်၊ ပညာဆိုတာကလည်း တကယ်တော့ သင်ယူခွင့်ရလို့ တတ်ထားသမျှကလေးသာပါ။ အဲဒီ လောက်ကလေးကလည်း မာနတံခွန်ထူလောက်စရာ ဘာမျှမရှိပါဘူး" လို့ အေးအေးသက်သာ ပြောပြလိုက်မှာ ဖြစ်ပါတယ်။ အဲသည်လိုဆိုရင် ဘယ်လောက် ကောင်းလိမ့်လေမလဲ။

အရင်တုန်းကတော့ ဘုရား၊ "ပညာမာနဆိုတာ ပညာရှိမှ ထားလို့ ရတာ။ ပညာမတောက်တခေါက်နဲ့တောင် မာနထားနေတတ်ကြသေး တာပဲ၊ လာမပြောနဲ့"ဆိုတာမျိုးတွေ ပြောခဲ့တာပါ ဘုရား။ တကယ်တော့ အလွန်ရှက်စရာကောင်းပါတယ် ဘုရား။ အဲသည်လို နည်းနည်းလောက် ဖြစ်စေ မကောင်းမှုမှ ရှက်တတ်လာတဲ့ အချိန်ကျမှ ပညာအရာမှာ ဧတဒဂ် ရတော်မူပြီး မြတ်စွာဘုရားမှအပ ပညာဉာဏ်အကြီးမားဆုံး အရှင်သာရိ ပုတ္တရာကြီးရဲ့ မိမိကိုယ်ကို မိမိ နှိမ့်ချတတ်တဲ့ သဘောထား၊ သူတစ်ပါး အပေါ်မှာ ညှာတာထောက်ထားတတ်တဲ့ သဘောထားတွေအကြောင်း ကို ဖတ်ရတာ ကြည်ညိုဖွယ်အတိ ဖြစ်နေပါတယ် ဘုရား။

တပည့်တော်ဟာ ဖတ်မိသမျှအကြောင်းတွေကို ထပ်ထပ်ဖတ်ချင် နေသလို ပိုပြီးလည်း အကျယ်တဝင့် သိချင်ပါတယ် ဘုရား၊ အရှင်ဘုရား ကိုလည်း လျှောက်ထားပြီးပါပြီ။ အရှင်သာရိပုတ္တရာရဲ့ အဆုံးအမကို ခံယူပြီး ရဟန္တာဖြစ်သွားတော်မူကြတဲ့ ကိုရင်ကလေးများအကြောင်းကို

http://www.dhammadownload.com



ဖတ်ရလို့ "သြော် ဝမ်းသာစရာကောင်းလိုက်တာ၊ ပညာဉာဏ်ကြီးမား သလောက် ကလေးသူငယ်များကအစ ကျွတ်ထိုက်တဲ့သူမှန်သမျှ အတွက် ကြောင့်ကြစိုက်တော်မူတတ်တဲ့ အရှင်မြတ်ကြီးပါတကား" လို့ တွေးတောကြည်ညိုရပါတယ် ဘုရား။ အဲဒီလို ကြည်ညိုရာကတစ်ဆင့် အရှင်သာရိပုတ္တရာရဲ့ သာဝကဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အလွန်ငယ်ရွယ်သေးတဲ့အချိန်မှာ သာသနာ့ဘောင်ကို ဝင်ရောက်ကာ ထူးထူးခြားခြား ကြိုးစားအားထုတ်တော်မူကြပြီး အရဟတ္တမဂ် အရဟတ္တ ဖိုလ်တို့သို့ ဆိုက်ရောက်သွားကြတဲ့ ကိုရင်ကလေးများအကြောင်းကို သိရ ရင် ကောင်းမှာပဲလို့ တွေးမိပါတယ် ဘုရား။

အလွန်ရှိသေသော စိတ်ထားနဲ့ လျှောက်ထားလိုတာကတော့ တပည့်တော်တို့ မြန်မာဗုဒ္ဓသာသနာဝင်များထဲမှာ ဗုဒ္ဓစာပေနဲ့ ဝေးနေတဲ့ သူတွေ အရွယ်တိုင်းမှာ ရှိနေပါတယ် ဘုရား။

တပည့်တော်တို့ တက္ကသိုလ်က ပါမောက္ခတချို့တောင်မှ သက်ဆိုင် ရာ ဘာသာရပ်ကို တစ်ဖက်ကမ်းခပ်အောင် ကြိုးစားရတာ အလုပ်နဲ့ဆိုင် တာရော၊ လူမှုရေးနဲ့ဆိုင်တာရော ပါဝင်ဆောင်ရွက်ရတဲ့ ကိစ္စတွေက များနေရတာကြောင့် ဗုဒ္ဓသာသနာနဲ့ ပတ်သက်တာကို ကြိုးမှ ဖတ်ရဦး မယ်လို့ပြောတာ တပည့်တော်ကိုယ်တိုင် ကြားဖူးပါတယ် ဘုရား။ အဲသည်လို ပြောတဲ့သူက ငါးဆယ်ကနေ ခြောက်နှစ်လောက် စွန်းနေပြီ ဖြစ်ပါတယ်။

အဲဒီလို လူကြီးတွေတောင်မှ ရှိနေသေးရင် လူငယ်တွေမှာလည်း အရှင်သာရိပုတ္တရာဟာ အလွန်ကြွယ်ဝချမ်းသာပြီး အလွန်ပင် ပျော်ရွှင် တတ်တဲ့ သူငယ်ဘဝက ဉာဏ်ပညာကြီးလွန်းလို့ ပွဲကြည့်ရင်း သံဝေဂ ရလာကာ အပေါင်းအဖော်များနဲ့အတူ တောထွက်လာတဲ့သူ ဖြစ်တယ် ဆိုတာကို သိမှသိကြပါ့မလားလို့ တပည့်တော် စိုးရိမ်မိပါတယ် ဘုရား။

http://www.dhammadownload.com



အရှင်ဘုရား ရေးသားခဲ့တဲ့ အရှင်သာရိပုတ္တရာ ရဟန္တာအရှင်မြတ်ကြီးရဲ့ တပည့်များအပေါ် ကြောင့်ကြစိုက်ပုံ၊ ကျွတ်ထိုက်သောသူတို့အတွက် အပင်ပန်းခံကာ ကြိုးစားပုံ၊ အင်မတန်မှ ပညာကြီးပုံ၊ ပညာကြီးသလောက် မိမိကိုယ်ကို နှိမ့်ချပုံ၊ အင်မတန်မှ သီလဝန္တ ဖြစ်တော်မူပုံ၊ အလိုက်သိတော်မူပုံ စတဲ့ စတဲ့ ကြည်ညိုဖွယ်ရာ အကြောင်းအရာတွေဟာ အတော်များပါတယ် ဘုရား။

အရှင်ဘုရားက ၄၁ ပုဒ် ရေးခဲ့ပြီးနောက် အခွင့်သာလျှင် ထပ်ပြီးရေးဦးမယ်လို့ ဆိုထားတဲ့အတွက် တပည့်တော်ကတော့ အခွင့်မသာလို့တော့ မဖြစ်တော့ပါဘူး ဘုရားလို့ လျှောက်ထားလိုပါတယ် ဘုရား။ ဘုရားတရားဘက်ကို စာဖတ်ဝါသနာပါတဲ့သူတိုင်း ကိုင်းညွတ်လာအောင် ဆွဲဆောင်ပေးနိုင်တဲ့ စာတွေကို အရှင်ဘုရား ရေးနေတာကြောင့် တရားအားထုတ်လာတဲ့သူတွေ အတော်များလာနိုင်ပါတယ် ဘုရား။

တရား အားမထုတ်ဖြစ်သေးသည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးနဲ့ ပတ်သက်ပြီး အကြားအမြင်များလာတဲ့အတွက် ထောင်လွှားတဲ့ မိမိရဲ့စရိုက်ကို မိမိထိန်းတတ်လာတဲ့သူတွေ များလာမှာပါ ဘုရား။ တပည့်တော်က လောကီနယ်ထဲမှာဖြင့် အတော်ကို ကြမ်းတမ်းတဲ့ စိတ်နေသဘာဝနဲ့ လူတွေ ရှိနေပါသေးတယ်ဆိုတာ လူတတ်ကြီးလုပ်ပြီး လျှောက်ထားနေသလိုဖြစ်ရင် ခွင့်လွှတ်တော်မူပါလို့ ရိုသေစွာ လျှောက်ထားရင်း တပည့်တော်ရဲ့ လျှောက်ထားလွှာကို နိဂုံးချုပ်ပါရစေ ဘုရား။

**တင်ဝင်း**

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာ၏ ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များ

## သဒ္ဓါတရားက တွန်းအားပေးလို့

"ဘုရားရှင်တစ်ဆူ၏ ဂုဏ်တော်များကို အခြားဘုရားရှင် တစ်ဆူက တခြားမည်သည့်စကားကိုမျှ မပြောကြားဘဲ တစ်ကမ္ဘာကြာအောင် ပြောဆိုသော်လည်း တစ်ကမ္ဘာ ကုန်လွန်သွားစေကာမူ ဘုရားရှင်၏ ဂုဏ်တော်တို့ကား မကုန်နိုင်ပါ" ဟူသော ဤစကားရပ်ကို ဖတ်ရှုဖူးပါသည်။ စာရေးသူသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များကို ရေးသားဖော်ပြဖို့ စိတ်ကူးမိသောအခါ ထိုစကားရပ်လေးကို ပြန်လည်သတိရလာမိပါသည်။ ပညာအရာတွင် အသာလွန်ဆုံး ပညာရှင်ဖြစ်သည့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်များကိုလည်း အရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်မြတ်တစ်ပါးကသာလျှင် ကုန်စင်အောင် ပြောဆိုနိုင်ဖွယ်ရာ ရှိပါသည်။ စာရေးသူ ရေးသားဖော်ပြလျှင်လည်း မဟာသမုဒ္ဒရာဝယ် ယင်ငယ်၏နှုတ်သီးဖျားဖြင့် ထောက်သကဲ့သို့သာ ဖြစ်ပါလိမ့်မည်။ သို့သော် အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်တည်းဟူသော မဟာသမုဒ္ဒရာဝယ် ယင်ငယ်၏ နှုတ်သီးဖျားသဖွယ်ဖြစ်သော စာရေးသူ၏ အသိလေးဖြင့် ရေးသားဖော်ပြပေးရန် စာရေးသူ၏ ရင်ဝယ်ဖြစ်ပွားနေသော သဒ္ဓါတရားက တွန်းအားပေးနေသဖြင့် ကြိုးစားလိုက်ပါသည်။

**သာမဏေကျော်**

http://www.dhammadownload.com

# ၁။ သူ့ပညာစွမ်းအားကို လျှော့ထားပြသော အရှင်သာရိပုတ္တရာ

ဘုရားရှင်သည် မယ်တော် သန္တုသိတနတ်သား အမှူးရှိသော နတ်ပြဟ္မာတို့အား ဝါတွင်း ၃ လ အဘိဓမ္မာတရား ဟောကြားပြီး၍ သီတင်းကျွတ်လပြည့်နေ့တွင် အရှင်သာရိပုတ္တရာ ဝါကပ်ရာဖြစ်သည့် သင်္ကဿမြို့သို့ သက်ဆင်းတော်မူရာ လက်ယာခြေတော်ချရာဖြစ်သည့် 'အစလစေတီ' နေရာဝယ် ရပ်တော်မူကာ အဆင့်ဆင့်မြင့်တက်လာသော ပြဿနာတို့ကို မေးတော်မူခဲ့ပါသည်။ ထိုသို့မေးသောအခါ ပုထုဇဉ်တို့သည် ပုထုဇဉ်တို့၏ အရာဖြစ်သော ပြဿနာတို့ကိုသာ ဖြေနိုင်ကြ၏။ သောတာပန်တို့၏ အရာဖြစ်သည့် ပြဿနာတို့ကိုကား မဖြေနိုင်ကြ၊ သောတာပန်စသည်တို့လည်း သကဒါဂါမ် စသူတို့၏ အရာဖြစ်သည့် ပြဿနာတို့ကို မဖြေနိုင်ကြချေ။ အရှင်မဟာမောဂ္ဂလ္လာန်၏ အရာဖြစ်သည့် ပြဿနာတို့ကို ကြွင်းသော မဟာသာဝကတို့ မဖြေနိုင်ကြပေ။ အရှင်သာရိပုတ္တရာ၏ အရာဖြစ်သည့် ပြဿနာတို့ကို အရှင်မောဂ္ဂလ္လာန် မဖြေနိုင်ချေ။ အရှင်သာရိပုတ္တရာသည်လည်း ဘုရားအရာဖြစ်သည့် ပြဿနာတို့ကိုမူ မဖြေနိုင်တော့ပေ။ ဘုရားရှင်က အရှင်သာရိပုတ္တရာ အား ဘုရားအရာဖြစ်သည့် ပြဿနာတစ်ခုကို မေးလေရာ မဖြေနိုင်ဖြစ်

http://www.dhammadownload.com



နေ၍ ဖြေဖို့ နည်းပေးသဖြင့် ထိုနည်းကို မှီကာ အရှင်သာရိပုတ္တရာ ဖြေခဲ့လေသည်။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ ရှေ့တော်မှောက်ဝယ် ခြင်္သေ့မင်း၏ ဟိန်းသံကဲ့သို့သော ရဲရင့်စွာသော အသံဖြင့် လျှောက်ထားခဲ့ပေသည်။

"မြတ်စွာဘုရား၊ တပည့်တော်သည် တစ်ကမ္ဘာလုံး မိုးရွာသွန်းသည့်အခါ 'မဟာသမုဒ္ဒရာ၌ကျရောက်သည့် ရေပေါက်တို့သည် ဤမျှ ရှိသည်၊ မြေကြီးပေါ်၌ ကျရောက်သည့် ရေပေါက်တို့သည် ဤမျှ ရှိသည်။ တောင်ပေါ်၌ ကျရောက်သည့် ရေပေါက်တို့သည် ဤမျှ ရှိသည်' ဟု ရေတွက်ကာ ဂဏန်းဖြင့် တင်ပြနိုင်ပါသည် ဘုရား" တဲ့။

"သာရိပုတ္တရာ၊ သင့်မှာ ထိုသို့ ဂဏန်းဖြင့် တင်ပြနိုင်သည့် စွမ်းရည်ရှိသည်ကို ငါဘုရားရှင် သိတော်မူပေသည်" ဟု ဘုရားရှင်က အရှင်သာရိပုတ္တရာအား မိန့်ကြားတော်မူခဲ့ပါသည်။

"မြတ်စွာဘုရား၊ တပည့်တော် ပြဿနာတစ်ခုကို ဖြေဆိုပြီးသည့်အခါ ဂင်္ဂါမြစ်ထဲမှ သဲတစ်လုံးကို ဖြစ်စေ၊ မဟာသမုဒ္ဒရာထဲမှ ရေတစ်ပေါက်ကို ဖြစ်စေ၊ မြေကြီးပေါ်မှ မြေမှုန်တစ်မှုန်ကို ဖြစ်စေ ယူမပစ်ဘဲ ပြဿနာပေါင်းတစ်ရာကို ဖြစ်စေ၊ တစ်ထောင်ကို ဖြစ်စေ၊ တစ်သန်းကို ဖြစ်စေ ဖြေဆိုပြီးမှ ဂင်္ဂါမြစ်ထဲမှ သဲတစ်လုံးကို ဖြစ်စေ၊ မဟာသမုဒ္ဒရာထဲမှ ရေတစ်ပေါက်ကိုဖြစ်စေ၊ မြေကြီးပေါ်မှ မြေမှုန်တစ်မှုန်ကို ဖြစ်စေ သင့်တော်တဲ့ တစ်နေရာမှာ ပစ်ချရာပါ၏။ ဂင်္ဂါမြစ်ထဲမှ သဲလုံးတွေ၊ မဟာသမုဒ္ဒရာထဲမှ ရေတွေ၊ မြေကြီးမှ မြေမှုန်တွေသာ အလွန်လျင်မြန်စွာ ကုန်စင်သွားကြရာပါ၏။ တပည့်တော်၏ ပြဿနာတို့ကို ဖြေဆိုခြင်းကား မကုန်ဆုံးသေးပါ ဘုရား" ဟု အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား လျှောက်ထားခဲ့ပေသည်။

http://www.dhammadownload.com



ဤမျှ ပညာကြီးမားသော အရှင်သာရိပုတ္တရာသည်သော်မှ ဘုရားရှင် အရာဖြစ်သည့် ပြဿနာကို မေးလိုက်သောအခါ မဖြေဆိုနိုင်ဘဲ ရှိနေသဖြင့် ဘုရားရှင်က ဖြေဆိုဖို့နည်း ပေးတော်မူ၍ ထိုနည်း၌ တည်ကာသာ ဖြေဆိုနိုင်ခဲ့ပါသည်။ ဘယ်သူမျှ မဖြေဆိုနိုင်သော ထိုပြဿနာကို အရှင်သာရိပုတ္တရာ တစ်ပါးတည်းသာ ဖြေဆိုနိုင်ခဲ့ပါပေသည်။

ထိုမျှလောက် အရှင်သာရိပုတ္တရာ၏ ကြီးမားလှသော ပညာအရည်အသွေးကို စာရေးသူသည် ထူးထူးခြားခြား လေးစားကြည်ညိုနေမိပါသည်။

http://www.dhammadownload.com

## ၂။ ၇ - နှစ်အရွယ် သာမဏေလေး၏ စကားကိုပင် ရိုသေစွာ လိုက်နာသော အရှင်သာရိပုတ္တရာ

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာ၏ သင်္ကန်းဝတ်ပုံ မညီမညွတ် ဖြစ်နေသည်ကို မြင်ရသော ၇ နှစ်အရွယ် သာမဏေငယ်က "အရှင်ဘုရား သင်္ကန်းဝတ်ပုံ မညီပါတကား" ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာသည် "ကိုရင်လေးက ငါ့ ပြောရကောင်းလား" ဟု သဘောထားတော်မမူဘဲ တစ်နေရာသို့ သွားကာ ကောင်းစွာ ပြင်ဝတ်ပြီးလျှင် ကိုရင့်ထံ ပြန်လာ၍ ရပ်လျက် လက်အုပ်ချီကာ "သည်လောက်ဆိုလျှင် သင့်တော်ပါပြီလား ဆရာ" ဟု မိန့်ကြားပြီးနောက် ထိုနေ့၌ "သာမဏေဖြစ်သည့် ၇ နှစ်အရွယ် သာမဏေငယ်ကလေးကပင် ဆုံးမလာလျှင် ထိုအဆုံးအမကို ဦးခေါင်းထက်မှာ ခံယူပါသည်" ဟု ကျူးရင့်တော်မူခဲ့ပါသည်။

ပညာအရာတွင် အသာဆုံးဖြစ်သော အရှင်သာရိပုတ္တရာ၏ မိမိကိုယ်ကို နှိမ့်ချသည့်ဂုဏ် အရည်အသွေးကား မည်မျှလေးစားကြည်ညိုဖွယ်ရာ ကောင်းလှပါသနည်း။ မည်မျှ အတုယူဖွယ်ရာ ကောင်းလှပါသနည်း။ အလွန်ပင် အနှစ်ပြည့်သည့် စပါးနှံသဖွယ် ဖြစ်နေပါတကား။

http://www.dhammadownload.com

# ၃။ ဆရာရှိရာ ဦးခေါင်းပြု၍ အိပ်လေ့ရှိသော အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာသည် အရှင်အဿဇိ၏ တရားဖြင့် သောတာပန်ဖြစ်ရသည့်အခါမှစ၍ အရှင်အဿဇိ ရှိရာအရပ်သို့ ရည်မှန်းကာ လက်အုပ်ချီလျက် ထိုအရှင်မြတ်ရှိရာသို့ ဦးခေါင်းထားကာ အိပ်လေ့ရှိ၏။ မသိသော ရဟန်းတို့က "အရှင်သာရိပုတ္တရာသည် ယနေ့တိုင် အယူမှားနေသေး၏။ အရပ်မျက်နှာတွေကို ရှိခိုးနေသည်" ဟု ဘုရားရှင်အား လျှောက်ထားကြလေရာ ဘုရားရှင်က "သာရိပုတ္တရာသည် အရပ်မျက်နှာတွေကို ရှိခိုးခြင်း မဟုတ်၊ မိမိဆရာ အဿဇိကို ရှိခိုးခြင်း ဖြစ်ကြောင်း" မိန့်တော်မူ၍ "မိမိကို တရားသိအောင် ပြပေးသော ပုဂ္ဂိုလ်ကို မီးပူဇော်သော ပုဏ္ဏားသည် မီးကို ရှိခိုးသကဲ့သို့ ရှိခိုးရမည်" ဟု ဟောတော်မူခဲ့ပါသည်။

တရားမသိသူများက ဂါရဝမှုကို အောက်ကျသည်ဟု အထင်အမြင် မှားနေကြသော်လည်း ဂါရဝသည် အလွန်မွန်မြတ်သော တရားတစ်ခု ဖြစ်လေရာ တရားကို ပို၍ သိလေလေ ဂါရဝတရား ပို၍ ရှိလေလေ ဖြစ်ပေသည်။ ကျေးဇူးရှင်ဆရာကို လေးစားရိုသေသည့်အရာတွင် စံနမူနာ တင်ထိုက်သော ထိပ်တန်းပညာရှင် အရှင်သာရိပုတ္တရာ၏ ထုံးကို နှလုံးမူကာ တပည့်ဖြစ်သူတို့ အတုယူ ကျင့်သုံးသင့်လှပါပေသည်။

http://www.dhammadownload.com

# ၄။ သံဃာအားလုံး ကြွသွားပြီးမှ ဆွမ်းခံဝင်လေ့ရှိသော အရှင်သာရိပုတ္တရာ

ဘုရားရှင်၏ တပည့်အပေါင်းတို့တွင် အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏ လက်ယာဘက်တွင် ထိုင်ရသဖြင့် လက်ယာတော်ရံ ဖြစ်လေသည်။ ဘုရား၏ တပည့်သားအပေါင်းတို့တွင် သားကြီးအရာ၌ တည်လေသည်။ သံဃာအပေါင်းကလည်း နောင်တော်ကြီးအရာထား၍ လေးစားကြည်ညို ဆည်းကပ်ကြပေသည်။ ဘုရားရှင်ကလည်း ရဟန်းတို့အား မိန့်ကြားရာတွင် "သင်တို့၏ နောင်တော်ကြီး သာရိပုတ္တရာထံ သွားကြ" စသည်ဖြင့် မိန့်ကြားတော်မူလေ့ရှိပေသည်။ သံဃာအားလုံး၏ နောင်တော်ကြီးအရာတွင် တည်ရှိသော အရှင်သာရိပုတ္တရာ၏ သူနေထိုင်ရာ ကျောင်းတိုက်တာအတွက် ကြောင့်ကြစိုက်ပုံလေးမှာ အတုယူဖွယ် လေးစားဖွယ် ကောင်းလှပါသည်။

အရှင်သာရိပုတ္တရာသည် ရဟန်းသံဃာတွေ မြို့တွင်း၊ ရွာတွင်းသို့ ဆွမ်းခံကြွကြသောအခါ ကျောင်းတိုက် တစ်တိုက်လုံးကို လှည့်လည်ကြည့်ရှုတော်မူပေသည်။ တံမြက်မလှည်းရသေးသော နေရာ တွေ့လျှင် တံမြက်လှည်းတော်မူသည်။ သောက်ရေအိုး၊ သုံးရေအိုးတို့ ရေကုန်နေတာ တွေ့လျှင် ရေဖြည့်တော်မူသည်။ ခုတင်၊ ကုလားထိုင် စသည့် အသုံး

http://www.dhammadownload.com



အဆောင်ပစ္စည်းတို့ကို နေရာတကျ မဟုတ်ဘဲ ထားတာ တွေ့ရလျှင် နေရာတကျ သိမ်းဆည်းထားတော်မူသည်။ ထို့နောက်မှ ဆွမ်းခံဝင်တော်မူပေသည်။ သာသနာ့ဝ ဝါဒရှိသူတို့ သံဃာများ ဆွမ်းခံကြွချိန်တွင် ကျောင်းတိုက်တွင်းသို့ဝင်လာခဲ့လျှင် အမြင်မတော်သောအရာတွေ တွေ့ပြီး အပြစ်တင်ပြောစရာ မဖြစ်စေလိုသဖြင့်လည်း အရှင်သာရိပုတ္တရာသည် ကျောင်းတိုက်တစ်တိုက်လုံး လှည့်လည်ကြည့်ရှုကာ သန့်ရှင်းပြီးမှ ဆွမ်းခံဝင်တော်မူခြင်း ဖြစ်လေသည်။

http://www.dhammadownload.com

# ၅။ "သည်းခံမှု ရှိသည်" ဟု သတင်းကြီးသဖြင့် စမ်းသပ်ခံရသော အရှင်သာရိပုတ္တရာ

နေရာတစ်နေရာမှာ လူများစွာတို့ အရှင်သာရိပုတ္တရာ၏ ဂုဏ်တွေကို ပြောဆိုနေကြသည်မှာ "ငါတို့၏ အရှင်မြတ် အရှင်သာရိပုတ္တရာ၏ သည်းခံမှုအားနှင့် ပြည့်စုံပုံမှာ အံ့ဩလောက်ပါပေသည်။ တစ်ပါးသူတို့က ဆဲရေးလျှင် ဖြစ်စေ၊ ရိုက်နှက်လျှင် ဖြစ်စေ အမျက်ထွက်ခြင်း လုံးဝမရှိပါပေ" ဟူ၍ ဖြစ်ပေ၏။ ထိုစကားကို ကြားသော သာသနာပဝါဒရှိသူ ပုဏ္ဏားတစ်ယောက်က "အဲဒီ အမျက်မထွက် စိတ်မဆိုးဘူးဆိုတဲ့ သူက ဘယ်သူလဲ" ဟု မေးလေရာ လူအများက "ငါတို့ရဲ့ အရှင်သာရိပုတ္တရာ" ဟု ပြောကြလေ၏။

"သူ့ကို စိတ်ဆိုးအောင် လုပ်နိုင်သူ မရှိဘူးလား" ဟု ပုဏ္ဏားက မေးသောအခါ လူအများက 'မရှိ' ဟု ပြောသဖြင့် "ဒီလိုဆိုရင် ထိုအရှင် အရှင်သာရိပုတ္တရာကို စိတ်ဆိုးအောင် သူ လုပ်ပြမည်" ဟု ပုဏ္ဏားက ပြောလေသည်။ "စွမ်းနိုင်ရင် လုပ်လေ" ဟု အများက ပြောလေသဖြင့် "ကြည့်နေ ငါ လုပ်ပြမည်" ဟုဆိုကာ ဆွမ်းခံဝင်နေသော အရှင်သာရိပုတ္တရာကို မြင်၍ အရှင်သာရိပုတ္တရာ၏နောက်မှ လိုက်သွားပြီး အရှင်သာရိပုတ္တရာ၏ ကျောကုန်းအလယ်ကို လက်ဝါးဖြင့် ပြင်းပြင်းထန်ထန်

http://www.dhammadownload.com



ရိုက်နှက်လိုက်လေသည်။ အရှင်သာရိပုတ္တရာသည် "ဒါဟာ ဘာလဲ"ဟု လှည့်၍ပင် မကြည့်ဘဲ ကြွမြဲ ကြွသွားလေ၏။ ထိုအခါ ပုဏ္ဏား၏ တစ်ကိုယ်လုံးသည် ပူလောင်နေလေပြီ။ ပုဏ္ဏားသည် "သည်းခံခြင်း ဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်သည် အံ့ဩဖွယ်ကောင်းပါပေစွ"ဟု တွေးကာ အရှင်သာရိပုတ္တရာ၏ ခြေရင်း၌ ဝပ်စင်းပြီး "အရှင်ဘုရား၊ တပည့်တော်အား သည်းခံတော်မူပါ" ဟု လျှောက်ထားလေသည်။

အရှင်သာရိပုတ္တရာက"ဒါဟာ ဘာလဲ"ဟု မေးသောအခါ "တပည့်တော် စမ်းသပ်လိုသဖြင့် အရှင်ဘုရားကို ရိုက်နှက်မိတာပါ ဘုရား" ဟု ပုဏ္ဏားက လျှောက်ထားလေသည်။ "ရှိပါစေ၊ သင့်ကို ငါ သည်းခံပါတယ်" ဟု မိန့်တော်မူသဖြင့် "အရှင်ဘုရား၊ တပည့်တော်ကို သည်းခံပါလျှင် တပည့်တော်အိမ်မှာပဲ ထိုင်တော်မူကာ ဆွမ်းကို ခံယူတော်မူပါ" လျှောက်ထားကာ အရှင်မြတ်၏ သပိတ်ကို ယူလေပြီ၊ အရှင်မြတ်လည်း ပေးလိုက်လေသည်။ ပုဏ္ဏားသည် အရှင်မြတ်ကို အိမ်သို့ ပင့်၍ ဆွမ်းပြုစုလုပ်ကျွေးလေပြီ။

လူတို့သည် စိတ်ဆိုးပြီး "ဒီပုဏ္ဏားသည် အပြစ်မရှိဘဲ ငါတို့ အရှင်မြတ်ကို ရိုက်နှက်လေသည်။ သူ့ကို ဒဏ်တပ်မည်။ ဒီနေရာမှာပင် သေအောင် သတ်မည်" ဟု ဆိုကာ တုတ်၊ ခဲ စသည်တို့ကို ယူပြီး ပုဏ္ဏားအိမ်တံခါး၌ ရပ်နေကြလေသည်။ ထိုင်ရာမှ ထပြီး ပြန်ကြွသော အရှင်သာရိပုတ္တရာသည် ပုဏ္ဏား၏လက်၌ သပိတ်ကို ပေးလိုက်လေသည်။ လူတို့သည် အရှင်မြတ်နှင့်အတူ သွားနေသော ပုဏ္ဏားကို မြင်ရသဖြင့် "အရှင်ဘုရား၊ အရှင်ဘုရား သပိတ်ကို အရှင်ဘုရားကိုယ်တိုင် ယူပြီး ပုဏ္ဏားကို ပြန်ခိုင်းလိုက်ပါ ဘုရား" ဟု လျှောက်ထားကြလေသည်။ "ဒကာတို့၊ အဲဒါက ဘာသဘောလဲ" ဟု အရှင်မြတ်က မေးသဖြင့် "အရှင်ဘုရားကို ရိုက်နှက်တဲ့ အဲဒီပုဏ္ဏားကို ဆုံးမပေးကြမလို့ပါ ဘုရား" ဟု လျှောက်ထားကြ

http://www.dhammadownload.com



လေသည်။ "ဒကာတို့၊ ဒီပုဏ္ဏားက သင်တို့ကို ရိုက်နှက်တာလား၊ ငါ့ကို ရိုက်နှက်တာလား" ဟု အရှင်မြတ်က မေးလေရာ "အရှင်ဘုရားကိုပါ ဘုရား"ဟု လျှောက်ထားကြသဖြင့် "ဒီပုဏ္ဏားက ငါ့ကို သည်းခံဖို့ လျှောက်ထား တောင်းပန်ပြီးပြီ၊ သင်ဒကာတို့ သွားကြလော့" ဟု မိန့်ကာ လူအများကို ပြန်သွားကြဖို့ တိုက်တွန်းပြီး ပုဏ္ဏားကိုလည်း ပြန်လွှတ်ခဲ့လေသည်။ အရှင်မြတ်သည် ကျောင်းတော်သို့ ပြန်ကြွခဲ့ပါသည်။

http://www.dhammadownload.com

## ၆။ ဆွမ်းတစ်ဇွန်း၏ ကျေးဇူးကိုပင် မမေ့သော အရှင်သာရိပုတ္တရာ

သာဝတ္ထိမြို့တွင် 'ရာဓ' အမည်ရှိသော ဆင်းရဲသား ပုဏ္ဏား တစ်ယောက် ရှိ၏။ သူသည် 'ရဟန်းတို့ထံ၌ အသက်မွေးမည်' ဟူ၍ ကြံရွယ်ကာ ကျောင်းသို့ သွားပြီး မြက်ပင်တွေကို ရှင်း၊ ကျောင်းဝိုင်းအတွင်း တံမြက်လှည်း၊ မျက်နှာသစ်ရေ စသည်တို့ကို ပေးလှူကာ ကျောင်းတိုက်တွင်းမှာပင် နေလေ၏။ ရဟန်းတို့ကလည်း သူ့ကို ချီးမြှောက်ထောက်ပံ့ကြ၏။ ရဟန်းအဖြစ် ခံယူခွင့်ကိုကား မပေးလိုကြ၊ ရဟန်းဝတ်ချင်ပါလျက် ဝတ်ခွင့်မရသော ထိုပုဏ္ဏားမှာ ကြုံလှီ ပိန်ချုံးနေပေ၏။

တစ်နေ့သောအခါ ဘုရားရှင်သည် နံနက် မိုးသောက်ချိန်တွင် လောကကြီးကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုတော်မူလေရာ ထိုပုဏ္ဏားကို မြင်တော်မူ၍ "အဘယ်သို့ ဖြစ်လာလေမည်နည်း" ဟု စူးစမ်းဆင်ခြင်တော်မူလိုက်သောအခါ ရဟန္တာ ဖြစ်မည်ကို သိမြင်တော်မူသဖြင့် ညနေချမ်း အချိန်တွင် ကျောင်းဒေသစာရီ လှည့်လည်တော်မူသလို ပြုတော်မူကာ ပုဏ္ဏားအနီးသို့ သွားပြီး "ပုဏ္ဏား၊ သင်သည် ရဟန်းတို့ထံမှ တစ်စုံတစ်ခုသော ချီးမြှောက်မှု ရရှိ၏လော" ဟု မေးတော်မူရာ "အစားအသောက် အာဟာရမျှကို ရပါသည်။ ရဟန်းပြုခွင့်ကိုကား မရပါဘုရား" ဟု လျှောက်ထားလေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤကိစ္စကို အကြောင်းပြု၍ ရဟန်းအပေါင်းတို့ စုဝေးစေပြီး ထိုကိစ္စအကြောင်းကို မေးတော်မူကာ "ရဟန်းတို့၊ ဒီပုဏ္ဏား၏ ကျေးဇူးတရားကို အမှတ်ရသူ တစ်ဦးတလေ ရှိလေသလော" ဟု မေးတော်မူသဖြင့် အရှင်သာရိပုတ္တရာက "မြတ်စွာဘုရား၊ တပည့်တော် သူ့ရဲ့ကျေးဇူးကို အမှတ်ရနေပါသည် ဘုရား၊ တပည့်တော် ရာဇဂြိုလ်မြို့ထဲ ဆွမ်းခံကြွတုန်း တပည့်တော်အား ဒီပုဏ္ဏားက ဆွမ်းတစ်ဇွန်းကို လောင်းလှူဖူးပါသည် ဘုရား" ဟု လျှောက်ထားလေသည်။ "သာရိပုတ္တရာ၊ ဒီလိုဆိုရင် သင့်ရဲ့ ကျေးဇူးရှင်ကို ဒုက္ခမှ လွတ်အောင် လုပ်မပေးသင့်ဘူးလား" ဟု မိန့်ကြားတော်မူသဖြင့် "မြတ်စွာဘုရား၊ တပည့်တော် ရဟန်းဝတ်ပေးလိုက်ပါမည်" ဟု လျှောက်ထားကာ ရဟန်းဝတ်ပေးလိုက်လေသည်။ အရှင်သာရိပုတ္တရာ၏ ဆုံးမဩဝါဒကို တစ်သဝေမတိမ်း လိုက်နာသဖြင့် မကြာခင်ပင် အရှင်ရာဓသည် ရဟန္တာ ဖြစ်သွားလေသည်။

ဆွမ်းတစ်ဇွန်းသည် ဘာမျှပြောပလောက်သောအရာ မဟုတ်ပါပေ။ သို့သော် ကျေးဇူးသိတတ်သောသူ အရှင်သာရိပုတ္တရာအဖို့မူ ကြီးကျယ်နေလေသည်။ တစ်သက်တာ မမေ့နိုင်စရာအဖြစ် ရှုမြင်နေလေသည်။ အသေးအမွှား ကျေးဇူးလေးကိုပင် တလေးတစား အရေးထားတော်မူသော အရှင်သာရိပုတ္တရာ၏ စိတ်ဓာတ်သည် လေးမြတ်ဖွယ်ရာ ကောင်းပါပေစွ။ ကြီးမားသော ကျေးဇူးတွေကိုပင် အသိအမှတ် မပြုချင်သူ ကျေးဇူးကန်းသူတို့၏ စိတ်ဓာတ်နှင့်မူ မိုးနှင့်မြေကြီးပမာ ကွာခြား၍ နေပါပေစွ။ စတင်၍ ကျေးဇူးပြုပေးသူတွေ လောကကြီးထဲမှာ မများကြသလို ကျေးဇူးရှင်တို့၏ ကျေးဇူးကို သိရှိကာ ကျေးဇူးဖော်ကျူးသူ ဆပ်ပေးနိုင်သူတွေလည်း ရှားပါးကြပါပေစွ။ အရှင်သာရိပုတ္တရာလို ကျေးဇူးသိပြီး ကျေးဇူးဖော်ကျူးသူ ဆပ်ပေးနိုင်သူကား ရှာမှ ရှားပါပေတကား။

http://www.dhammadownload.com

# ၇။ မယ်တော်ကြီး၏ မြည်တွန်ခြင်းခံရရှာသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက် ရှိလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် ရဟန်း ၅၀၀ နှင့် အတူ ဆွမ်းခံလှည့်လည်တော်မူရာ နာလကရွာရှိ မယ်တော်၏ အိမ်ပေါက်ဝသို့ ရောက်သွားလေသည်။ မယ်တော်ကြီးသည် သားတော်မောင် အရှင်သာရိပုတ္တရာကို အိမ်၌ထိုင်စေပြီး ဆွမ်းပြုစုလုပ်ကျွေးရင်း "အမောင် စားကြွင်းစားကျန် ပုန်းရည်လေးကို မရလို့ သူများအိမ်တွေမှာ ဇွန်းအနှောင့်လေးဖြင့် ခပ်ပေးတဲ့ ပုန်းရည်လေးကို စားဖို့ရန် အတွက် ကုဋေ ၈၀ သော ဥစ္စာတွေကို စွန့်ပယ်ကာ ရဟန်းဝတ်ခဲ့တာလား၊ သင်ဟာ ငါတို့ကို မျက်နှာပျက်ဖွယ်ဖြစ်အောင် ပြုလုပ်နေတာလား၊ အခု စားလော့" ဟု မြည်တွန်နေလေ၏။ ရဟန်းတို့အား ဆွမ်းလောင်းလှူရင်းလည်း "သင်တို့က ငါ့သားကို သင်တို့ရဲ့ အလုပ်အကျွေးငယ်လေး ဖြစ်အောင် လုပ်နေကြတာလား၊ အခု စားကြ" ဟု တပွတ်တွတ် ပြောနေလေသည်။ ထိုအချိန်၌ မယ်တော်ရူပသာရိပုဏ္ဏေးမကြီးမှာ ဗုဒ္ဓသာသနာဝင် တစ်ဦး မဟုတ်သေးပါချေ။ ထို့ကြောင့်သာ သားတော်မောင် အရှင် သာရိပုတ္တရာနှင့် ရဟန်း ၅၀၀ တို့ကို ထိုသို့ ပြောဆိုနေခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာသည်ကား မယ်တော်ကြီးအပေါ် အမျက်လည်း မထွက် စကားကိုလည်း မပြွက်ဆိုဘဲ မယ်တော်ကြီး လှူအပ်သော ဆွမ်းကို ခံယူပြီး ကျောင်းသို့သာ ပြန်ကြွတော်မူခဲ့ပေသည်။ အရှင်သာရိပုတ္တရာနောက်သို့ လိုက်ပါသွားသော ရဟန်း ၅၀၀ ထဲတွင် အရှင်ရာဟုလာလည်း ပါဝင်ခဲ့ပေသည်။ ကျောင်းသို့ ပြန်ရောက်သောအခါ အရှင်ရာဟုလာက မြတ်စွာဘုရားအား သူ့ဆွမ်းကို အလှူခံကာ ဘုဉ်းပေးဖို့ ပန်ကြားလျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက "ရာဟုလာ သင်ဟာ ဘယ်ကို ဆွမ်းခံသွားခဲ့သလဲ" ဟု မေးတော်မူသဖြင့် "အဘွား (ရူပသာရီပုဏ္ဏေးမ) ရဲ့ ရွာသို့ သွားခဲ့ပါတယ် ဘုရား" ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက "သင့်ရဲ့ ဥပဇ္ဈာယ်ဆရာ သာရိပုတ္တရာကို သင့်အဘွားက ဘာတွေများ ပြောလိုက်သလဲ" ဟု အရှင်ရာဟုလာအား မေးတော်မူသဖြင့် "အဘွားက ဥပဇ္ဈာယ်ဆရာကို ပြစ်တင်မြည်တွန်လိုက်ပါတယ် ဘုရား" ဟု လျှောက်ထားလိုက်သောအခါ " သင့်ဆရာကကော ဘာပြန်ပြောသလဲ" ဟု မေးတော်မူ၍ "ဆရာက ဘာတစ်ခွန်းမျှ မပြောပါဘူး" ဟု လျှောက်ထားလေသည်။

ထိုအကြောင်းကို ကြားကြသော ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့ အရှင်သာရိပုတ္တရာ၏ ဂုဏ်တို့ကား အံ့ဩဖွယ် ကောင်းပါပေစွတကား၊ ဒီလောက် ထင်ရှားကျော်ကြားတဲ့ မထေရ်မြတ်ကြီးဖြစ်နေတဲ့ သူ့ကို သူ့မယ်တော်ကြီးက မြည်တွန်နေတဲ့အခါ အမျက်တစ်စက်ကလေးမျှ မထွက်ဘဲ ရှိခဲ့ပေစွတကား" ဟု ပြောကြားနေကြလေသည်။

ထိုရဟန်းတို့ရှိရာသို့ ဘုရားရှင် ကြွတော်မူလာပြီး "ဘာစကားတွေ ပြောနေကြသလဲ" ဟု မေးသဖြင့် ရဟန်းတို့က လျှောက်ထားသောအခါ ဘုရားရှင်က "ရဟန်းတို့ ရဟန္တာတွေဆိုတာ အမျက်ဒေါသ လုံးဝမရှိကြတော့ဘူး" ဟု မိန့်ကြားတော်မူလိုက်လေသည်။

http://www.dhammadownload.com

# ၈။ တဏှာရှိသေးသည်ဟု အပြောခံရသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူနေ၏။ အရှင်သာရိပုတ္တရာသည်ကား ရဟန်း ၅၀၀ ခြံရံလျက် ဇနပုဒ်တစ်ခုရှိ ကျောင်းတစ်ကျောင်းသို့ ကြွကာ ဝါဆိုခဲ့လေသည်။ ဇနပုဒ်ရှိ ဒကာ၊ ဒကာမအပေါင်းတို့သည် အရှင်သာရိပုတ္တရာကို ဖူးတွေ့ရသဖြင့် ဝါကျွတ်သောအခါ သင်္ကန်းများစွာ လှူပါမည့်အကြောင်း ကြိုတင်လျှောက်ထားကြလေသည်။ အရှင်သာရိပုတ္တရာသည် ဝါကျွတ်ကာလပဝါရဏာပြီး၍ ထိုလှူမည့် သင်္ကန်းများ မရောက်ခင်ပင် ဘုရားရှင်ထံသွားလိုသဖြင့် "ရဟန်းငယ်လေးတို့နှင့် သာမဏေတို့အား ဒကာ၊ ဒကာမတို့ သင်္ကန်းတွေ လှူလျှင် အလှူခံပြီး ထိုရဟန်းငယ်လေးတို့နှင့် သာမဏေတို့ထံ ထိုသင်္ကန်းတွေကို ပို့ပေးကြပါ၊ သို့မဟုတ်လျှင် သင်တို့ သိမ်းထားပြီး သင်္ကန်းအလှူခံထားကြောင်း သတင်းစကား ပို့ပေးကြပါ" ဟု ရဟန်းတော်များအား မှာကြားခဲ့လေသည်။ ဤသို့ မှာကြားပြီးသောအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံတော်သို့ ကြွသွားတော်မူခဲ့လေသည်။

အရှင်သာရိပုတ္တရာ မှာကြားသွားခံရသော ရဟန်းတို့က "အရှင်သာရိပုတ္တရာသည် ဒကာ၊ ဒကာမတို့က သင်္ကန်းလှူလျှင် သူ့တပည့်

http://www.dhammadownload.com



ရဟန်းငယ်တို့နှင့် သာမဏေတို့ထံ သက်န်း သို့မဟုတ် သတင်းစကား ပို့ပေးဖို့ ပြောသွားပေသည်။ ယနေ့တိုင်အောင် အရှင်သာရိပုတ္တရာမှာ တဏှာရှိနေသေးသည်သာ” ဟု အပြစ်တင်စကား ပြောကြားနေကြလေ သည်။ ထိုရဟန်းများ ရှိရာသို့ ဘုရားရှင် ကြွလာတော်မူပြီး “ဘာစကား တွေ ပြောကြားကာ နေကြသလဲ” လို့ မေးတော်မူသဖြင့် အရှင်သာရိ ပုတ္တရာအကြောင်း ပြောနေကြောင်း လျှောက်ထားကြလေ၏။ ထိုအခါ ဘုရားရှင်က “ရဟန်းတို့၊ ငါ့သားတော် သာရိပုတ္တရာမှာ တဏှာ မရှိတော့၊ ဒကာ ဒကာမတို့ လှူဒါန်းလို့ တရားသဖြင့် ရရှိတဲ့ လာဘ်လာဘကို ရဟန်းငယ်တို့နှင့် သာမဏေငယ်တို့ ရရှိကြပါစေ၊ ရရှိခွင့် မဆုံးရှုံးကြပါ စေနှင့် ဟူသော စေတနာကောင်းဖြင့်သာ ပြောကြားခြင်း ဖြစ်ပေသည်” ဟု မိန့်ကြားတော်မူခဲ့လေသည်။

အရှင်သာရိပုတ္တရာ၏ သူ့ကို မှီခိုနေကြသည့် ငယ်ရွယ်သူလေးတွေ ပစ္စည်းမချို့တဲ့စေလိုသော စေတနာ၊ မဆင်းရဲစေလိုသော စေတနာတို့ ဖြင့် ကြောင့်ကြကြီးတော်မူသောစိတ်ထားသည် လေးစားဖွယ်ရာကောင်း လှပါပေသည်။ အတုယူ ကျင့်သုံးဖွယ်လည်း ကောင်းပါပေသည်။

http://www.dhammadownload.com

# ၉။ ၉ ကြိမ် မြေလျှင်တုန်လှုပ်စေသည့် အရှင်သာရိပုတ္တရာ၏ စကား ၉ ခွန်း

## ရန်ငြိုးဖွဲ့သော ရဟန်း

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေပါသည်။ တစ်ခုသောအခါ အရှင်သာရိပုတ္တရာသည် ဝါကျွတ်ပြီး၍ ခရီးထွက်လိုပါသဖြင့် ဘုရားရှင်အား ပန်ကြားလျှောက်ထား ရှိခိုးကာ အခြံအရံနှင့်တကွ ခရီးထွက်တော်မူလေသည်။ ရဟန်းတော်ပေါင်းများစွာတို့ အရှင်သာရိပုတ္တရာ နောက်သို့ လိုက်ခဲ့ကြလေသည်။ အရှင်သာရိပုတ္တရာသည် နာမည်အနွယ်တို့ဖြင့် ထင်ရှားသော ရဟန်းတို့ကို နာမည် အနွယ်တို့ဖြင့် ခေါ်ကာ ပြန်လွှတ်တော်မူခဲ့သည်။

ထိုရဟန်းထဲမှ နာမည်အနွယ်တို့ဖြင့် မထင်ရှားသော ရဟန်းတစ်ပါးသည် "ငါ့ကိုလည်း နာမည် အနွယ်ဖြင့် ချီးမြှောက်သောအားဖြင့် ခေါ်ပြီး အပြန်ခိုင်းရင် ကောင်းမှာပဲ" ဟု ကြံစည်လေ၏။ အရှင်သာရိပုတ္တရာသည် ရဟန်းများစွာထဲတွင် သူ့ကို သတိမထားမိ။ ထိုမထင်ရှားသော ရဟန်းသည် "အခြားသော ရဟန်းတွေကို ခေါ်သကဲ့သို့ သူ့ကို ချီးမြှောက်ပြီး မခေါ်"ဟု တွေးကာ ရန်ငြိုးဖွဲ့လေ၏။ အရှင်သာရိပုတ္တရာ၏ သင်္ကန်းစွန်းဖြင့်လည်း ထိုရဟန်း၏ ကိုယ်ကို ထိခိုက်မိလေ၏။ ထို့ကြောင့်လည်း ရန်ငြိုးဖွဲ့ပြန်လေ၏။

http://www.dhammadownload.com



## အရှင်သာရိပုတ္တရာ ပြန်လာရသည်

ထိုရဟန်းသည် "ယခုအခါ အရှင်သာရိပုတ္တရာသည် ကျောင်း၏ ဥပစာကို လွန်ပြီး ဖြစ်လိမ့်မည်" ဟု သိ၍ ဘုရားရှင်ထံ ချဉ်းကပ်ကာ "မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာသည် သူဟာ အရှင်ဘုရားတို့၏ အဂ္ဂသာဝက ဖြစ်တယ်ဆိုပြီး တပည့်တော်၏ နားရွက်ကို ကွဲအောင် ရိုက်ခဲ့လိုက်သည့်အလား ရိုက်ခဲ့ပြီး သည်းခံရန် မတောင်းပန်ဘဲသာ ခရီးထွက်သွားခဲ့ပါသည်" ဟု လျှောက်ထားလေ၏။ ဘုရားရှင်သည် အရှင်သာရိပုတ္တရာကို ပြန်လာဖို့ အခေါ် ခိုင်းလိုက်လေသည်။

ထိုခဏ၌ အရှင်မဟာမောဂ္ဂလ္လာန်နှင့်အရှင်အာနန္ဒာတို့သည် "ငါတို့၏ နောင်တော်ကြီးက ဤရဟန်းအား ထိခိုက်အောင် မလုပ်ကြောင်းကို ဘုရားရှင် မသိ မဟုတ်ပေ၊ သိတော်မူသည်သာ။ သို့သော် နောင်တော်ကြီးရဲ့ ဖြေရှင်းချက် (သီဟနာဒ) ကို ပြောကြားစေလိုလို့သာ ပရိသတ်ကို စုဝေးစေတာ ဖြစ်ပေလိမ့်မည်" ဟု တွေးနေကြလေ၏။ ထိုအရှင် ၂ ပါးတို့သည် သော့ကိုယူကာ ပရိဝုဏ်တံခါးတို့ကို ဖွင့်ပြီး "အရှင်တို့ ကြွကြပါကုန်၊ အရှင်တို့ ကြွကြပါကုန်၊ ယခုအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်ရှေ့တော်မှောက်ဝယ် ခြင်္သေ့မင်း၏ အသံနှင့်တူသော ရဲရင့်စွာ မြွက်ကြားလျှောက်ထားအပ်သော အသံဖြင့် လျှောက်ထားပါလိမ့်မည်" ဟု ပြော၍ ရဟန်းအပေါင်းကို စုဝေးစေကြကုန်ပြီ။

## အရှင်သာရိပုတ္တရာ၏ စိတ်နေသဘောထား

အရှင်သာရိပုတ္တရာသည်လည်း ပြန်ကြွလာကာ ဘုရားရှင်ကို ရှိခိုးပြီး ထိုင်နေလေပြီ။ ထိုအခါ ဘုရားရှင်သည် အရှင်သာရိပုတ္တရာအား ထိုကိစ္စအကြောင်းကို မေးလေသည်။ အရှင်သာရိပုတ္တရာသည် "ဤရဟန်းကို တပည့်တော် မထိပုတ်ပါ" ဟု မလျှောက်ထားဘဲသာ မိမိ၏ ဂုဏ်ကို လျှောက်ထားလိုသဖြင့် ဤသို့ လျှောက်ထားခဲ့ပါသည်။

http://www.dhammadownload.com



"မြတ်စွာဘုရား၊ ရုပ်အပေါင်းကိုယ်၌ ကာယဂတာ သတိမထင်တဲ့ သူဆိုရင် သီးတင်းသုံးဖော် ရဟန်းတစ်ပါးပါးကို ထိပါးတိုက်ခိုက်ပြီး မတောင်းပန်ဘဲ ထွက်သွားတယ်ဆိုတာ ဖြစ်နိုင်ပါတယ် ဘုရား။

၁။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် မြေကြီးပေါ်မှာ စင်ကြယ်တာတွေရော မစင်ကြယ်တာတွေပါ ပစ်ချကြပါတယ်။ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည်ပုပ်တွေကိုလည်း ပစ်ချကြပါတယ်။ ဒါပေမဲ့ မြေကြီးက ညည်းညူခြင်း၊ စက်ဆုပ်ခြင်း မရှိဘဲ လက်ခံနေပါတယ်။ တပည့်တော်ဟာ အဲဒီမြေကြီးလိုပါပဲ။ ဘယ်သူက ဘယ်လိုပင် ပြုမူပြောဆိုစေကာမူ မြေကြီးလိုပင် သည်းခံနေပါတယ် ဘုရား။

၂။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် ရေထဲမှာ စင်ကြယ်တာ မစင်ကြယ်တာတွေကိုလည်း ဆေးကြောကြပါတယ်။ ကျင်ကြီး၊ ကျင်ငယ် စသည်ကိုလည်း ဆေးကြောကြပါတယ်။ ဒါပေမဲ့ ရေကတော့ ညည်းညူခြင်း ရွံ့ရှာဆက်ဆုပ်ခြင်း မရှိပါ။ တပည့်တော်ဟာ အဲဒီရေလိုပင် စိတ်သဘောထားပြီး သည်းခံနေပါတယ် ဘုရား။

၃။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် မီးဟာ စင်ကြယ်တာကိုလည်း လောင်တယ်၊ မစင်ကြယ်တာကိုလည်း လောင်တယ်။ ကျင်ကြီး၊ ကျင်ငယ်စသည်တို့ကိုလည်း လောင်တယ်။ ဒါပေမဲ့ မီးကတော့ စက်ဆုပ်ခြင်း မရှိပါ။ တပည့်တော်ဟာ အဲဒီမီးလိုပင် သဘောထားကြီးပြီး သည်းခံနေပါတယ် ဘုရား။

၄။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် လေဟာ စင်ကြယ်တာ မစင်ကြယ်တာကိုလည်း တိုက်တယ်၊ ကျင်ကြီးစသည်ကိုလည်း တိုက်တယ်။ ဒါပေမဲ့ လေကတော့ စက်ဆုပ်ခြင်း မရှိပါ။ တပည့်တော်ဟာ အဲဒီလေလိုပင် သဘောထားပြီး သည်းခံနေပါတယ် ဘုရား။

http://www.dhammadownload.com



၅။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် ခြေသုတ်အဝတ်ဟာ စင်ကြယ်တာ မစင်ကြယ်တာကိုလည်း သုတ်တယ်၊ ကျင်ကြီးစသည်ကို လည်း သုတ်တယ်။ ဒါပေမဲ့ အဲဒီခြေသုတ်အဝတ်ကတော့ စက်ဆုပ်ခြင်း မရှိပါ။ တပည့်တော်ဟာ အဲဒီ ခြေသုတ်လိုပင် သဘောထားပြီး သည်းခံ နေပါတယ် ဘုရား။

၆။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် ခွက် လက်စွဲကာ ဟောင်းနွမ်းစုတ်ပြတ်တဲ့အဝတ်ကို ဝတ်ပြီး ရွာနိဂုံးသို့ ဝင်တဲ့အခါ မိမိ ကိုယ်ကို နှိမ့်ချထားတဲ့ စိတ်နဲ့ဝင်တဲ့ သူတောင်းစားသူငယ်လိုပင် တပည့်တော်မှာ နှိမ့်ချတဲ့စိတ် ရှိပါတယ် ဘုရား။

၇။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် ဦးချိုကျိုးတဲ့နွားဟာ ဘယ်သူကိုမျှ ရန်မမူဘဲ ယဉ်ကျေးသိမ်မွေ့နေသလိုပင် တပည့်တော်မှာ အဲဒီလို စိတ်သဘောထား ရှိပါတယ် ဘုရား။

၈။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် ရေချိုးပြီးနောက် နံ့သာ များ လိမ်းပြီး စင်ကြယ်နေတဲ့ အပျို လူပျိုဟာ လည်ပင်း၌ မြွေသေပုပ်၊ ခွေးသေပုပ် ဆွဲထားမယ်ဆိုရင် အဲဒီ အကောင်ပုပ်ကို စက်ဆုပ်သလိုပင် တပည့်တော်လည်း တပည့်တော်လည်း တပည့်တော်ရဲ့ ရုပ်ကိုယ်ကို စက် ဆုပ်နေပါတယ် ဘုရား။

၉။ မြတ်စွာဘုရား၊ ဥပမာဖြင့် လျှောက်ရလျှင် အပေါက်အကွဲများမှ ယိုကျနေသော အဆီအိုးကို ရွက်နေတဲ့သူဟာ အဲဒီ အဆီအိုးကို စက်ဆုပ် သလိုပင် တပည့်တော်လည်း တပည့်တော် ရုပ်ကိုယ်ကို စက်ဆုပ်နေပါ တယ် ဘုရား။

အရှင်သာရိပုတ္တရာသည် ဤဥပမာ ၉ ပါးတို့ဖြင့် သူ့ဂုဏ်တို့ကို လျှောက်ထားသောအခါ ၉ ကြိမ် ရေအဆုံး ရှိသည်ကိုပြု၍ မြေကြီး တုန်

http://www.dhammadownload.com



လှုပ်လေပြီ။ ခြေသုတ်အဝတ် ဥပမာ၊ သူတောင်းစား ဥပမာ၊ အဆီအိုး ဥပမာတို့ဖြင့် လျှောက်ထားသောအခါ ပုထုဇဉ်ရဟန်းတို့မှာ မျက်ရည် မဆည်နိုင်အောင် ဖြစ်ကြလေ၏။ ရဟန္တာတို့မှာ ဓမ္မသံဝေဂ ဖြစ်ကြလေ သည်။

## တပည့်တော်အားလည်း သည်းခံတော်မူပါတဲ့

အရှင်သာရိပုတ္တရာသည် သူ့ဂုဏ်တွေကို လျှောက်ထားနေဆဲမှာ ပင် စွပ်စွဲပြစ်တင်သော ရဟန်း၏ တစ်ကိုယ်လုံးမှာ ပူလောင်နေတော့ပြီ။ ထိုစွပ်စွဲပြစ်တင်သော ရဟန်းသည် ထိုခဏမှာပင် မြတ်စွာဘုရား၏ ခြေတော်တို့၌ လဲကျကာ သူ စွပ်စွဲပြစ်တင်မိသော အပြစ်ကို ထင်ရှားပြပြီး သည်းခံဖို့ လျှောက်ထားလေသည်။ မြတ်စွာဘုရားသည် အရှင်သာရိ ပုတ္တရာကို ခေါ်တော်မူပြီး "အရှင်သာရိပုတ္တရာကို အဲဒီရဟန်းရဲ့ ဦးခေါင်း ၇ စိတ် ၇ မြွာ မကွဲခင် မဂ်ဖိုလ်မမီး အချည်းနှီးဖြစ်တဲ့ ဒီရဟန်းအား သည်းခံလိုက်လော့" ဟု မိန့်ကြားတော်မူလေသည်။ အရှင်သာရိပုတ္တရာ သည် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီကာ "မြတ်စွာဘုရား၊ ထိုအရှင် အား တပည့်တော် သည်းခံပါသည်။ တပည့်တော်မှာ အပြစ်ရှိခဲ့လျှင် ထိုအရှင်သည်လည်း တပည့်တော်အား သည်းခံတော်မူပါ" ဟု လျှောက် ထားလေသည်။

"ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာ၏ နှိုင်းယှဉ်စရာ မရှိတဲ့ ဂုဏ်တော် များကို ကြည့်ရှုကြပါကုန်၊ မဟုတ်မမှန် စွပ်စွဲပြောဆိုသော ဤလိုရဟန်း မျိုး အပေါ်၌ အမျက်ဒေါသ အနည်းငယ်မျှ မထားဘဲ ကိုယ်တိုင်ပဲ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီကာ သည်းခံဖို့ လျှောက်ထားခဲ့ပေသေး သည်" ဟု ရဟန်းတို့ ပြောဆိုနေကြလေသည်။ ထိုရဟန်းတို့ ပြောစကား ကို ဘုရားရှင် ကြားတော်မူ၍ "ဘာစကားတွေ ပြောနေကြသလဲ" ဟု မေး တော်မူသဖြင့် "ဤမည်သော စကားကို ပြောကြားနေကြပါသည် ဘုရား"

http://www.dhammadownload.com



ဟု လျှောက်ထားကြလေရာ ဘုရားရှင်က "ရဟန်းတို့၊ အရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်မျိုးတွေကို အမျက်ဒေါသ ထွက်အောင် ဘယ်သူမျှ မစွမ်းနိုင်ပေ။ ရဟန်းတို့၊ အရှင်သာရိပုတ္တရာ၏စိတ်သည် မြေကြီးနှင့်တူ၏၊ မြို့တံခါး၌ ခိုင်မာစွာ စိုက်ထားအပ်သော တံခါးတိုင်နှင့်လည်း တူ၏၊ ကြည်လင်သော ရေရှိသည့် ရေအိုင်နှင့်လည်း တူ၏" ဟု မိန့်တော်မူလေသည်။

ပညာရှင်အပေါင်းတို့တွင် အမြင့်ဆုံးပညာရှင် အရှင်သာရိပုတ္တရာ၏ နှိမ့်ချသော စိတ်ထားကား မြင့်မားလှပါပေသည်။ မြင့်မြတ်လှပါပေသည်၊ မြတ်နိုးဖွယ် ကောင်းလှပါပေသည်၊ လေးစားဖွယ် ကောင်းလှပါပေသည်၊ အတုယူဖွယ် ကောင်းလှပါပေသည်။ ပညာကို အမှီပြုပြီး မာနတလူလူ ဖြစ်နေကြသူတို့အဖို့ သတိပြုဖွယ်ကောင်းလှပါပေတော့သည်။

http://www.dhammadownload.com

# ၁၀။ "ဘုရားရှင်ကိုပင် မယုံကြည်သေး" ဟု အပြစ်တင်ခံရသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေပါသည်။ အခါတစ်ပါး၌ ၃၀ သော တောနေရဟန်းတို့သည် ဘုရားရှင်ထံ လာကာ ရှိခိုးပြီး ထိုင်နေကြလေ၏။ ဘုရားရှင်သည် ထိုရဟန်းတို့ ပဋိသမ္ဘိဒါ ၄ ပါးနှင့်တကွ ရဟန္တာဖြစ်ဖို့ရာ အကြောင်းကံ ပါလာသည်ကို မြင်တော်မူ၍ အရှင်သာရိပုတ္တရာကို ခေါ်တော်မူပြီး "သာရိပုတ္တရာ၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေ ၅ ပါးကို ပွားများရင် ကြိမ်ဖန်များစွာ ပြုလုပ်ရင် နိဗ္ဗာန်ကို သက်ဝင်သည်။ နိဗ္ဗာန်ဟူသော အဆုံးရှိသည်ကို သင် ယုံကြည်သလော" ဟု မေးတော်မူလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် "မြတ်စွာဘုရား၊ ဤနေရာ၌ ဣန္ဒြေ ၅ ပါး ပွားများရင် ကြိမ်ဖန်များစွာ ပြုလုပ်ရင် နိဗ္ဗာန်သို့ သက်ဝင်သည်။ နိဗ္ဗာန်ဟူသော အဆုံးရှိသည် ဆိုတာကို မြတ်စွာဘုရား မိန့်ကြားတော်မူလို့ ယုံကြည်တာ မဟုတ်ပါ။ မြတ်စွာဘုရား၊ ထိုနိဗ္ဗာန်ကို ပညာဖြင့် မသိ မမြင် မထိုးထွင်း မျက်မှောက်မပြု မတွေ့ထိသေးသူတို့ဟာ သူတစ်ပါးစကားဖြင့် ယုံကြည်ကုန်ရာပါ၏ ဘုရား" ဟု ဖြေကြားခဲ့ပါသည်။ ထိုစကားကို ကြားသော ရဟန်းတော်များက "အရှင်သာရိပုတ္တရာသည်

http://www.dhammadownload.com



ယခုအချိန်တိုင်အောင် အယူများကို မစွန့်သေး၊ ယခုအချိန်တိုင်အောင် မြတ်စွာဘုရားကို မယုံကြည်သေးဘဲကိုး” ဟု ပြစ်တင်စကား ပြောကြား နေကြလေသည်။

ထိုစကားကို ကြားတော်မူသော မြတ်စွာဘုရားသည် “ရဟန်းတို့၊ ဘာစကားတွေ ပြောဆိုနေကြသလဲ။ “ဣန္ဒြေ ၅ ပါး မပွားများဘဲ ဝိပဿနာ အားမထုတ်ဘဲ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်သူ ရှိတယ်” ဆိုတာကို သာရိပုတ္တရာ ယုံကြည်သလားလို့ ငါဘုရားက မေးတော်မူတာပဲ။ သာရိပုတ္တရာက အဲဒီလို မျက်မှောက်ပြုနိုင်သူ ရှိတယ်ဆိုတာ မယုံကြည်ပါ ဘုရားလို့ လျှောက်ထားတာပဲ၊ ပေးလှူအပ်တဲ့ အလှူနဲ့ ပြုလုပ်တဲ့ ကောင်းမှုရဲ့အကျိုးကို မယုံကြည်တာမှ မဟုတ်ဘဲ၊ ရတနာသုံးပါးရဲ့ဂုဏ်ကို မယုံကြည်တာမှ မဟုတ်ဘဲ၊ သာရိပုတ္တရာဟာ သူကိုယ်တိုင် သိထားတဲ့ ဈာန် ဝိပဿနာ မဂ်ဖိုလ်တရားတွေမှာ သူတစ်ပါးအပြောနဲ့ ယုံကြည်တာ မဟုတ်ဘူး။ ဒါ့ကြောင့် သူ့ကို မကဲ့ရဲ့ထိုက်ဘူး” လို့ မိန့်ကြားတော်မူကာ ဂါထာတစ်ပုဒ် ဟောတော်မူရာ ထိုဂါထာ၏အဆုံးတွင် တောနေအရှင်မြတ် ၃၀ တို့ ပဋိသမ္ဘိဒါ ၄ ပါးနှင့်တကွ ရဟန္တာ ဖြစ်တော်မူကြလေသည်။

ရောက်လာသည့် အခြားတရားနာပရိသတ်တို့အဖို့လည်း အကျိုးများသော ဂါထာတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

http://www.dhammadownload.com

# ၁၁။ အသက်ပင် သေပါစေ၊ ဘုရားဥပဒေကို မချိုးဖျက်သော အရှင်သာရိပုတ္တရာ

ယခုကာလ ဘုရားပွဲစသည် ကျင်းပသောအခါ ထိုထိုနေရာတို့၌ အလှူမဏ္ဍပ်ဆောက်၍ နေ့ရက်များစွာ စတုဒိသာ ကျွေးသကဲ့သို့ ရှေးလက်ထက်ကလည်း လူအများ စုပေါင်းလျက် ဧည့်သည်များအတွက် စတုဒိသာ ကျွေးလေ့ရှိကြသည်။ ထိုအရပ်၌ အချို့ရဟန်းတော်များ နေ့စဉ် နေ့စဉ် သွား၍ စားသောက်ကြသည့်အတွက် လူတို့က ကဲ့ရဲ့သောကြောင့် "ယနေ့က စ၍ တစ်ရက်တည်းသာ စားရမည်" ဟု ဘုရားရှင် ပညတ်တော်မူသည်။ အရှင်သာရိပုတ္တရာသည် ဒေသစာရီ လှည့်လာရင်း ထိုစတုဒိသာရုံ၌ မကျန်းမမာ ဖြစ်နေ၏။ ထိုအခါ တစ်ရက်စာ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နောက်ရက်၌ လူအများက ကပ်လှူကြပါသော်လည်း "ဘုရားရှင် တားမြစ်ထားတော်မူသည်" ဟု မိန့်ပြီး ရှောင်လွှဲတော်မူကာ ဆွမ်းဘုဉ်းပေးတော်မမူဘဲ ဆွမ်းအပြတ်ခံတော်မူခဲ့ရှာပေသည်။ ထို့နောက် ဘုရားရှင်သိတော်မူ၍ မကျန်းမမာလျှင် နေ့စဉ် စားနိုင်ကြောင်း ထပ်လောင်း ခွင့်ပြုတော်မူရလေသည်။ အသက်ပင် သေပါစေ ဝိနည်းဥပဒေကို မချိုးဖျက်သော အရှင်သာရိပုတ္တရာ၏ သီလစောင့်ထိန်းမှုသည် နောင်လာနောင်သားတို့အားလည်း သူ့လိုပင် သီလကို အသက်ထက်ပင် လေးစားမြတ်နိုးတန်ဖိုးထားဖို့ လမ်းညွှန်ပြနေလေသည်။ ဥကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သော ရစ်မနှင့် အမြီးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သော စာမရီသားကောင်တို့ပမာ ဖြစ်နေပါတော့သည်။

http://www.dhammadownload.com

## ၁၂။ ရောဂါပျောက်ဆေး မဘုဉ်းပေးသဖြင့် ရောဂါပျောက်သော အရှင်သာရိပုတ္တရာ

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန်နှင့်အတူ တောအုပ်တစ်အုပ်တွင် သီတင်းသုံးတော်မူနေ၏။ တစ်နေ့သောအခါ အရှင်သာရိပုတ္တရာမှာ လေနာရောဂါဖြစ်လာသဖြင့် ပြင်းထန်သော ဒုက္ခဝေဒနာကို ခံစားနေရရှာလေ၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် ညနေချမ်းအခါ အရှင်သာရိပုတ္တရာ ရှိရာသို့ ဆည်းကပ်လေရာ လဲလျောင်းနေသော အရှင်သာရိပုတ္တရာကို မြင်ရသဖြင့် ဖြစ်ပုံအခြင်းအရာကို မေးပြီး "အရှင်ဘုရား၊ အရှင်ဘုရား ရှေးက ဘယ်ဆေးဖြင့် သက်သာရာ ချမ်းသာရာ ရခဲ့ပါသလဲ" ဟု မေးလေ၏။

အရှင်သာရိပုတ္တရာက "ငါ့ရှင်မောဂ္ဂလ္လာန်၊ တပည့်တော် လူ့ဘဝတုန်းက မယ်တော်ကြီးက ထောပတ်၊ ပျားရည်၊ သကြားစသည်တို့နဲ့ ရောစပ်ပြီး ချက်ထားတဲ့ နို့ဃနာထမင်းကို ကျွေးခဲ့ပါတယ်။ အဲဒီအာဟာရနဲ့ တပည့်တော်ရောဂါ သက်သာပျောက်ကင်း ချမ်းသာရာ ရခဲ့ပါတယ်" ဟု မိန့်ကြားတော်မူသဖြင့် အရှင်မဟာမောဂ္ဂလ္လာန်သည်လည်း "အရှင်ဘုရား ရှိပါစေ၊ အရှင်ဘုရားမှာဖြစ်စေ သို့မဟုတ် တပည့်တော်မှာဖြစ်စေ ဘုန်းကံရှိခဲ့ရင် နက်ဖြန်ခါ ရပါလိမ့်မည်" ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com



အရှင်မြတ် ၂ ပါး စကားပြောသံကို စကြံ့လမ်းအဆုံးရှိ သစ်ပင်၌ အုပ်စိုးနေသော နတ်က ကြားသဖြင့် "နက်ဖြန်ခါ အရှင်သာရိပုတ္တရာ အတွက် နို့ယနာဆွမ်းကို ဖြစ်ပေါ်စေအံ့" ဟု တွေးကာ ချက်ချင်း အရှင်သာရိပုတ္တရာ၏ ဆွမ်းခံအိမ်သို့ သွားပြီး သားအကြီး၏ ကိုယ်တွင် ပူးဝင်ကာ နှိပ်စက်နေလေပြီ။ ထိုအခါ ထိုသားအကြီးကို ဆေးကုပေးဖို့ရာ စုဝေးရောက်ရှိလာကြသည့် ဆွေမျိုးအပေါင်းကို "အရှင်သာရိပုတ္တရာအတွက် နက်ဖြန်ခါ ထောပတ်၊ ပျားရည်၊ သကြားစသည်တို့နှင့် ရောစပ်ပြီး ချက်ထားသည့် နို့ယနာဆွမ်းကို လှူဒါန်းဖို့ စီမံလျှင် လွှတ်ပေးမည်" ဟု နတ်က ပြောလေသည်။ "အသင်နတ်၊ အသင် မပြောလည်း အကျွန်ုပ်တို့က အရှင်သာရိပုတ္တရာအား အမြဲတမ်း ဆွမ်းကပ်လှူနေကြတာပဲ" ဟု ပြောကာ နက်ဖြန်အတွက် ဆွေမျိုးတို့ နို့ယနာဆွမ်းကို ပြင်ဆင်နေကြလေသည်။

အရှင်မဟာမောဂ္ဂလ္လာန်သည် နံနက်စောစော အရှင်သာရိပုတ္တရာထံ ကြွလာပြီး "အရှင်ဘုရား၊ တပည့်တော် ဆွမ်းခံလှည့်လည်ပြီး ပြန်မလာသေးသမျှ ဒီနေရာမှာပဲ သီတင်းသုံးနေတော်မူပါ" ဟု လျှောက်ထားကာ ရွာသို့ ဆွမ်းခံဝင်လေ၏။ ထိုလူတို့သည် ကြိုဆိုကာ အရှင်မဟာမောဂ္ဂလ္လာန်၏ သပိတ်ကို ယူပြီး နို့ယနာဆွမ်းအပြည့် လောင်းထည့် လှူဒါန်းကြလေ၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် ပြန်ကြွမည့်ဟန် ပြလေ၏။ ဒကာ ဒကာမတို့က "အရှင်ဘုရား၊ ဒီမှာပဲ ဘုဉ်းပေးတော်မူပါ။ နောက်ထပ်လည်း လှူလိုက်ပါဦးမယ် ဘုရား" ဟု လျှောက်ထားကာ အရှင်မဟာမောဂ္ဂလ္လာန် ဘုဉ်းပေးပြီးသောအခါ ထပ်လှူလိုက်ကြလေသည်။

အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာထံသွားကာ "အရှင်ဘုရား၊ ဒီနို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူပါ" ဟု လျှောက်ထားပြီး

http://www.dhammadownload.com



ဆက်ကပ်လိုက်လေသည်။ အရှင်သာရိပုတ္တရာသည်လည်း ထိုနို့ဃနာဆွမ်းကို တွေ့သောအခါ "ဤ နို့ဃနာဆွမ်းသည် အလွန်အကဲ မြတ်နိုးဖွယ် ကောင်းလေစွ၊ ဘယ်လို ရလာပါလိမ့်မည်နည်း" ဟု စဉ်းစားလေသော် ထိုနို့ဃနာဆွမ်း ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို သိမြင်လာသဖြင့် "ငါ့ရှင် မောဂ္ဂလ္လာန်၊ ဤဆွမ်းကို သုံးဆောင်ခြင်းငှာ မထိုက်" ဟု မိန့်တော်မူလေ၏။

အရှင်မဟာမောဂ္ဂလ္လာန်သည်လည်း "ငါကဲ့သို့သော ပုဂ္ဂိုလ်ကဆောင်ယူလာသော ဆွမ်းကို မဘုဉ်းပေးရကောင်းလား" ဟူ၍ အတွေးလေးမျှ မဖြစ်ဘဲ အရှင်သာရိပုတ္တရာ၏ တစ်ခွန်းတည်းသော စကားဖြင့်ပင် သပိတ်အနားအရစ်ကို ကိုင်ကာ သင့်တင့်သော တစ်နေရာ၌ မှောက်သွန်လိုက်လေသည်။ နို့ဃနာဆွမ်း မြေပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် အရှင်သာရိပုတ္တရာ၏ လေနာရောဂါ ပျောက်ကင်းခဲ့လေပြီ။ ထိုအခါမှစပြီး ၄၅ နှစ်ကြာသည်အထိ ဖြစ်ပေါ်မလာတော့ပေ။

အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန်အား "ငါ့ရှင်မောဂ္ဂလ္လာန်၊ နှုတ်ဖြင့် အသိပေး မြွက်ဆိုမှုကို အမှီပြု၍ ဖြစ်ပေါ်လာသောနို့ဃနာဆွမ်းကို ငါ့ဝိုက်ထဲမှာ အူတွေ ထွက်ကျပြီး မြေကြီးပေါ် လှည့်လည်နေကြစေကာမူ ဘုဉ်းပေးခြင်းငှာ မထိုက်ပေ" ဟု မိန့်တော်မူကာ ဤသို့လည်း ဥဒါန်းကျူးရင့်တော်မူခဲ့လေသည်။

"နှုတ်ဖြင့် အသိပေး မြွက်ဆိုမှုကို အမှီပြုပြီး ဖြစ်ပေါ်လာတဲ့ ချိုမြိန်သော နို့ဃနာဆွမ်းကို ငါသည် စားခဲ့လျှင် ငါ၏အသက်မွေးခြင်းဟာ ကဲ့ရဲ့စရာ ဖြစ်ပါသည်။"

"ငါ၏ အူသိမ်တွေ အပြင်ထွက်ကျချင် ကျပါစေ၊ အသက်ပင် သေသွားစေဦးတော့၊ ငါ၏ စင်ကြယ်သော အသက်မွေးကျောင်းဖြစ်တဲ့ သီလကို မဖျက်ဆီးနိုင်ပါ။"

ဘူး၊ ဦးလေးရဲ့ဆရာတွေလည်း မသိဘူး၊ မြတ်စွာဘုရား တစ်ပါးတည်းသာ သိတော်မူတယ်။ ဦးလေး လာ၊ ဗြဟ္မာ့ပြည် ရောက်ကြောင်းလမ်းကို မြတ်စွာဘုရား ဟောကြားပေးဖို့ လျှောက်ထားပေးမယ်" ဟု ပြောကာ မြတ်စွာဘုရားထံ ခေါ်သွားပြီး မြတ်စွာဘုရားအား ဦးလေးအကြောင်း လျှောက်ထားပြကာ "ဗြဟ္မာ့ပြည် ရောက်ကြောင်းလမ်းကို ဦးလေးအား ဟောပြောပေးတော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်လေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် "ပုဏ္ဏား၊ အရှင်သာရိပုတ္တရာ လျှောက်ထားတဲ့အတိုင်းပဲလား"ဟုမေးလေရာ ပုဏ္ဏားက"အရှင်ဂေါတမ အဲဒီ အတိုင်းပါပဲ" ဟု လျှောက်ထားသဖြင့် "ပုဏ္ဏား၊ ဒီလို လှူဒါန်းနေတဲ့ သင့်ရဲ့ နှစ်တစ်ရာပတ်လုံး လှူဒါန်းတဲ့ အလှူဒါနထက် တစ်မုဟုတ်မျှ ကြည်ညိုတဲ့စိတ်နဲ့ ငါ့တပည့် အရိယာသာဝကတို့ကို ဖူးမြော်ရတာ၊ ဆွမ်းတစ်ဇွန်းမျှ လှူဒါန်းရတာတွေက သာ၍ အကျိုးကြီးမားပေ၏" ဟု မိန့်ကြားကာ ဂါထာတစ်ပုဒ် ဟောတော်မူရာ ထိုဂါထာ၏အဆုံးမှာ ပုဏ္ဏားသည် သောတာပန် ဖြစ်သွားလေသည်။

http://www.dhammadownload.com

## ၁၄။ အယူမှားနေသည့် တူတော်မောင်ကို ဘုရားထံသို့ ပို့ပေးသော အရှင်သာရိပုတ္တရာ

"တူတော်မောင် သင် ကုသိုလ် ပြုရဲ့လား"

"ပြုပါတယ် ဘုရား"

"ဘာကုသိုလ် ပြုလုပ်သလဲ"

"လတိုင်း လတိုင်း သားကောင်တစ်ကောင် တစ်ကောင် သတ်ပြီး မီးပူဇော်ပါတယ် ဘုရား"

"ဘယ်အကျိုးငှာ ဒီလို လုပ်ရတာလဲ"

"အဲဒီလို သားကောင်ကို သတ်ပြီး မီးပူဇော်တာဟာ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းလမ်းပါတဲ့ ဘုရား"

"ဘယ်သူက အဲဒီလို ပြောတာလဲ"

"တပည့်တော်ရဲ့ ဆရာတွေက ပြောပါတယ် ဘုရား"

အရှင်သာရိပုတ္တရာနှင့် သူ့တူတော်မောင်တို့ မေးကြ ဖြေကြပြီးနောက် အရှင်သာရိပုတ္တရာက "တူတော်မောင်၊ သင်ရော သင့်ဆရာတွေပါ ဗြဟ္မာ့ပြည်ရောက်ကြောင်းလမ်းကို မသိကြဘူး၊ လာ မြတ်စွာဘုရားထံ သွားကြစို့" ဟု မိန့်ကာ မြတ်စွာဘုရားထံ ခေါ်သွားပြီး သူ့တူတော်မောင်

http://www.dhammadownload.com



အကြောင်းကို လျှောက်ထား၍ သူတူအား ဖြတ်မှာပြည်ရောက်ကြောင်း လမ်းကို ဟောကြားပေးတော်မူပါရန် တောင်းပန်သဖြင့် "ပုဏ္ဏား၊ နှစ် တစ်ရာပတ်လုံး ဒီလို မီးပူဇော်တဲ့ သင့်ရဲ့ မီးပူဇော်မှုဟာ ငါဘုရား၏ တပည့်အရိယသာဝကတို့ကို တစ်ခဏမျှ ပူဇော်တာကိုသော်မျှ မမီပါ လေ"ဟု မိန့်ခွဲတော်မူပြီး ဂါထာတစ်ပုဒ်ကို ဟောရာ ပုဏ္ဏားသည် သောတာပန် ဖြစ်သွားလေသည်။

http://www.dhammadownload.com

## ၁၅။ အယူမှားနေသည့် သူငယ်ချင်းကို ဘုရားထံ ပို့ပေးသော အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာသည် သူ၏ သူငယ်ချင်းကိုလည်း "ပုဏ္ဏား၊ သင်သည် ကုသိုလ်တစ်ခုခု ပြုရဲ့လား" ဟု မေးသဖြင့် "ပြုပါတယ် ဘုရား" ဟု လျှောက်ထားလေရာ "ဘာကုသိုလ်ကို ပြုနေသလဲ" ဟု မေးပြန်သဖြင့် "အလှူဒါန အကြီးအကျယ် ပြုနေပါတယ် ဘုရား" ဟု လျှောက်ထားလေသည်။ သူငယ်ချင်းကိုလည်း ဦးလေးနှင့် တူတို့နည်းတူ ဘုရားထံ ခေါ်သွားပြီး တရားဟောပေးဖို့ ဘုရားရှင်အား လျှောက်ထားသဖြင့် ဘုရားရှင်က "ပုဏ္ဏား၊ တစ်နှစ်ပတ်လုံး လောကလူပေါင်းများစွာအား လှူဒါန်းပေးကမ်းနေတဲ့ သင့်ရဲ့ အလှူဟာ ကြည်ညိုတဲ့စိတ်နဲ့ ငါဘုရားရဲ့ တပည့်သာဝကတို့ကို ရှိခိုးတဲ့ စေတနာရဲ့ လေးဖို့တစ်ဖို့ကိုမျှ မမီပေ" ဟု မိန့်ကြားတော်မူကာ ဂါထာတစ်ပုဒ် ဟောတော်မူ၏။ ထိုဂါထာ၏ အဆုံးမှာ ထိုသူငယ်ချင်း ပုဏ္ဏားသည် သောတာပန် ဖြစ်သွားလေပြီ။

အရှင်သာရိပုတ္တရာတည်းဟူသော သူတော်ကောင်းကို အမှီပြုရသဖြင့် အမှောင်ကမ္ဘာထဲမှာ လျှောက်သွားနေကြသူ ဦးလေး၊ တူတော်မောင်နှင့် သူငယ်ချင်းတို့ အလင်းရောင်ကမ္ဘာသို့ ရောက်သွားကြလေပြီ။ အရှင်သာရိပုတ္တရာသည် အပါယ်လေးပါး ချောက်ထဲသို့ ကျနိုင်သေးသည့် သူတို့ကို နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တင်ပေးခဲ့လေပြီ။ လမ်းမှားလိုက်နေကြသည့် ကိုယ်နှင့် နီးစပ်ရာ ပုဂ္ဂိုလ်တို့ကို အရှင်သာရိပုတ္တရာပမာ လမ်းမှန်ပေါ် သို့ ရောက်သွားအောင် ကြိုးစားသင့်ကြပါသည်။

http://www.dhammadownload.com

# ၁၆။ လှူစရာမရှိလို့ ၃ ကြိမ် ပုန်းနေသော ပုဏ္ဏားထံကိုမှ ဆွမ်းခံကြွသော အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာ၏ ဖခင်ပုဏ္ဏားအမည်မှာ ဝင်္ဂန္တ ဖြစ်၏။ ဖခင် ဝင်္ဂန္တပုဏ္ဏားမှာ မဟာသေန မည်သော သူငယ်ချင်း ပုဏ္ဏားတစ်ယောက် ရှိ၏။ သူသည် ရာဇဂြိုဟ်မြို့၌ နေ၏။ တစ်နေ့သောအခါ အရှင်သာရိ ပုတ္တရာသည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံကြွတော်မူ၏။ မဟာသေန ပုဏ္ဏားကို သနားသဖြင့် မဟာသေန၏ အိမ်တံခါးသို့ ကြွတော်မူ၏။ မဟာသေနမှာကား ရှိသမျှ စည်းစိမ်တွေ ကုန်ခန်းသဖြင့် ဆင်းရဲနွမ်းပါး နေရှာ၏။

"ဩော် ငါ့ရဲ့သားတော် အရှင်သာရိပုတ္တရာဟာ ငါ့အိမ်ရှေ့မှာ ဆွမ်းခံကြွလာတာ ဖြစ်ပေလိမ့်မည်၊ ငါ့မှာလည်း ဆင်းရဲနွမ်းပါးနေသည်၊ ငါ ဆင်းရဲတာကို ငါ့သားကြီး မသိလေရော့သလား၊ ငါ့မှာလည်း လှူစရာ ပစ္စည်းက တစ်ခုတလေမျှ မရှိ ဖြစ်နေသည်" ဟု တွေးကာ အရှင်သာရိ ပုတ္တရာအား မျက်နှာမပြဝံ့သဖြင့် ပုန်းကွယ်နေရှာလေ၏။ အရှင်သာရိ ပုတ္တရာသည် နောက်တစ်နေ့လည်း ဆွမ်းခံကြွပြန်၏။ ပုဏ္ဏားကြီးခမျာ လည်း ပုန်းနေရရှာပြန်၏။ "တစ်ခုခုသာ ရရှိခဲ့လျှင် လှူလိုက်မယ်" ဟု စိတ်အားခဲထားသော်လည်း ပုဏ္ဏားကြီးမှာ မရရှာခဲ့။ တစ်နေ့တွင် ပုဏ္ဏား တို့၏ မန္တန်ရွတ်ဖတ်ပွဲ၌ အဝတ်ကြမ်းတစ်ထည်နှင့် နို့ဃနာထမင်းကို ရ၏။ ယူ၍ အိမ်သို့ ပြန်လာရင်း "ဒီထမင်းကို အရှင်သာရိပုတ္တရာအား

http://www.dhammadownload.com



လှူရရင် ကောင်းမှာပဲ” ဟု တွေးပြီး အရှင်သာရိပုတ္တရာကို အောက်မေ့ကာ တမ်းတနေလေ၏။

အရှင်သာရိပုတ္တရာသည်လည်း ထိုခဏ၌ ဈာန်ဝင်စားပြီး သမာပတ်မှ ထသောအခါ ထိုပုဏ္ဏားကို မြင်သဖြင့် “ပုဏ္ဏားဟာ လှူဖွယ်ပစ္စည်းရလို့ ငါ့အလာကို မျှော်နေတယ်။ ငါ သူ့ထံသို့ သွားသင့်တယ်” ဟု ကြံတော်မူကာ နှစ်ထပ်သင်္ကန်းကို ရုံပြီး သပိတ်ယူကာ ပုဏ္ဏားအိမ်သို့ ကြွတော်မူလေပြီ။

ပုဏ္ဏားသည် အရှင်သာရိပုတ္တရာကို မြင်ရသည်နှင့် တစ်ပြိုင်နက် ပုဏ္ဏား၏ သန္တာန်တွင် ကြည်ညိုစိတ်တွေ ဖြစ်ပေါ်၍ နေလေ၏။ ပုဏ္ဏားသည် အရှင်သာရိပုတ္တရာထံသွားပြီး ရှိခိုးကာ စကားပြော၍ အိမ်တွင်းမှာ သီတင်းသုံးစေ၏။ နို့ဃနာခွက်ကို ယူကာ နို့ဃနာထမင်းကို အရှင်သာရိပုတ္တရာ၏ သပိတ်ထဲသို့ လောင်းထည့်လေ၏။ အရှင်သာရိပုတ္တရာသည် နို့ဃနာ ထမင်းတစ်ဝက်ကို ခံယူပြီးသောအခါ လက်ဖြင့် သပိတ်ကို ပိတ်လေ၏။ “အရှင်ဘုရား၊ ဤနို့ဃနာထမင်းသည် တစ်ယောက်စာအတွက်မျှသာ ဖြစ်ပါသည်။ တပည့်တော်အား ဟမလွန်လောကအတွက် ချီးမြှောက်တော်မူပါ။ ဒီလောကအတွက် ချီးမြှောက်တော် မမူပါနှင့်။ တပည့်တော် ဒီနို့ဃနာဆွမ်း အကုန်လုံးကို လောင်းလှူလိုပါတယ်” ဟု လျှောက်ထားကာ လောင်းလှူလိုက်လေ၏။

အရှင်သာရိပုတ္တရာသည် နို့ဃနာဆွမ်းကို ပုဏ္ဏားအိမ်မှာပင် ဘုဉ်းပေးလိုက်လေသည်။ အရှင်သာရိပုတ္တရာ ဆွမ်းဘုဉ်းပေးပြီးသောအခါ အဝတ်ကြမ်းထည်ကိုလည်း လှူကာ ရှိခိုးပြီး “ အရှင်ဘုရား၊ တပည့်တော်လည်း အရှင်ဘုရားတို့ သိအပ်မြင်အပ်သော တရားထူးကိုသာ ရရှိရလိုပါ၏” ဟု ဆုတောင်းစကား လျှောက်ထားလေ၏။ “ပုဏ္ဏား၊ သင် ဆုတောင်းသည့်အတိုင်း ပြည့်စုံပါစေ” ဟု မိန့်ကြားပြီး အနုမောဒနာစကား ပြော

http://www.dhammadownload.com



ကြားကာ ဇေတဝန်ကျောင်းသို့ ပြန်ကြွခဲ့ပေသည်။ ဆင်းရဲဒုက္ခရောက်ရာ အခါ၌ ပြုရသော အလှူသည် အလှူရှင်အား ကျေနပ်နှစ်သက်မှုကို အလွန်အကဲ ပေးတတ်သည့် သဘာဝအရ ပုဏ္ဏားသည် အရှင်သာရိပုတ္တရာအား လှူလိုက်ရသဖြင့် ကြည်ညိုစိတ် ဝမ်းမြောက်စိတ်တွေ ဖြစ်ကာ အရှင်သာရိပုတ္တရာအပေါ်မှာ အလွန်အကဲ ချစ်ခင်မှု ဖြစ်သွားလေသည်။ ပုဏ္ဏားသည် အရှင်သာရိပုတ္တရာအပေါ် ချစ်ခင်ကြည်ညိုမှုဖြင့် သေသွားလေရာ သာဝတ္ထိမြို့ရှိ အရှင်သာရိပုတ္တရာ၏ ဆွမ်းခံအိမ်မှာ လူသွားဖြစ်လေသည်။

ဤဝတ္ထု၌ ဆင်းရဲသားအပေါ် ကြင်နာသနားတတ်၊ ချီးမြှောက်တတ်သော အရှင်သာရိပုတ္တရာ၏ စိတ်ထားကို လေးစားကြည်ညိုရပါ၏။ ပစ္စည်းဆင်းရဲပေမယ့် စေတနာ သဒ္ဓါ မဆင်းရဲသော မဟာသေနပုဏ္ဏား၏ စိတ်ထားသည်လည်း လေးစားစရာ ကောင်းလှပါ၏။ ပုဏ္ဏား၏ ဆုတောင်းပုံနှင့် အရှင်သာရိပုတ္တရာ၏ ဆုပေးပုံတို့မှာလည်း သတိပြုဖွယ် အတုယူဖွယ် ကောင်းလှပါ၏။ လယ်ယာမြေကောင်း၌ စိုက်ပျိုးအပ်သော ကုသိုလ်မျိုးစေ့၏ အားထားဖွယ်ရာ ဖြစ်ပုံမှာလည်း အားရစရာပင် ဖြစ်ပါပေ၏။ အရှင်သာရိပုတ္တရာတည်းဟူသော လယ်ယာမြေကောင်းမှာ စိုက်ပျိုးခွင့်ရသော မဟာသေနပုဏ္ဏားမှာ များစွာ ကံကောင်းပါပေစွ။ အရှင်သာရိပုတ္တရာသည် ဆွမ်းခံကြွလျှင် အိမ်တံခါးဝ၌ ရပ်တော်မူလျက် ဆွမ်းကို ယူဆောင်လာသည့်တိုင်အောင် အချိန်ကို ပိုင်း၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ ဆွမ်းလှူမည့်သူ အနီးသို့ ရောက်သော အခါမှ နိရောဓသမာပတ်မှ ထ၍ အလှူခံတော်မူလေ့ရှိပေ၏တဲ့။

http://www.dhammadownload.com

## ၁၇။ ကမ္မဋ္ဌာန်းကို ပြောပြပြီးမှ ရှင်ပြုပေးလေ့ရှိသော အရှင်သာရိပုတ္တရာ

ရှင်ပြုမပေးခင် ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်း ပြောပြသင့်သည်သာ၊ ၃၂ ပါးလုံး ပြောပြခြင်းငှာ မစွမ်းနိုင်လျှင် "ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ" ဟူသော တစပဉ္စက ကမ္မဋ္ဌာန်း (အရေလျှင် ငါးခုမြောက်ရှိသော ကမ္မဋ္ဌာန်း) ကိုတော့ ပြောပြသင့်သည်သာ။ မှန်၏။ ဤကမ္မဋ္ဌာန်းကို ဘုရားရှင်တိုင်း လက်လွှတ်တော်မမူအပ်သည်သာ။ ဆံပင် စသော ၃၂ ပါးတို့တွင် တစ်ပါးပါးသော ကောဋ္ဌာသတို့ကို ရှုပွား၍ ရဟန္တာဖြစ်ကြသော ဘိက္ခု ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာတို့ အရေအတွက်မှာ မရေတွက်နိုင်အောင်ပင် ရှိပါသည်။ ကိုရင်ဝတ်ပေးရာတွင် ကျွမ်းကျင်မှု မရှိသည့် ရဟန်းတို့သည် ရဟန္တာဖြစ်နိုင်သည့် မျိုးစေ့ကို ဖျက်ဆီးတတ်ကြသည်။ အရှင်သာရိပုတ္တရာ ကိုရင်ဝတ်ပေးလျှင်မူကား ရှင်လောင်းအား ကမ္မဋ္ဌာန်း ပြောပြပြီးမှ ကိုရင်ဝတ်ပေးပြီး ၁၀ ပါးသီလတို့၌ တည်စေတော်မူပေသည်။

အရှင်သာရိပုတ္တရာ ကမ္မဋ္ဌာန်း ပြောပြပြီး ရှင်ပြုပေးသဖြင့် ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်တို့ များစွာ ရှိကောင်းရှိပါလိမ့်မည်။ ထင်ရှားသော သာမဏေလေးတစ်ပါးအကြောင်းကို ဖော်ပြလိုပါသည်။ ထိုသာမဏေ

http://www.dhammadownload.com



လေးမှာ ၇ နှစ်အရွယ်ရှိ သံကိစ္စ သာမဏေလေး ဖြစ်ပါသည်။ သံကိစ္စ သာမဏေလေး၏ အကြောင်းအရာမှာ ဤသို့ ဖြစ်ပါ၏။

သံကိစ္စ သာမဏေလောင်းလျာလေး၏ မိခင်သည် သာဝတ္ထိမြို့မှ ပစ္စည်းဥစ္စာကြွယ်ဝသော သူဌေး၏ သမီး ဖြစ်သည်။ သူ့မိခင်သည် သူ့ကို ကိုယ်ဝန်လွယ်ထားရစဉ်မှာပင် ရုတ်တရက် ဖြစ်ပေါ်လာသော ရောဂါ တစ်ခုကြောင့် သေသွားရှာလေသည်။ သူ့မိခင်ကို မီးသင်္ဂြိုဟ်ကြသည့် အခါ ဝမ်းဗိုက်သားမှတစ်ပါး ကျန်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ မီးလောင်ကာ ပြာကျသွားကြပါသည်။ သူမ၏ ဝမ်းဗိုက်သားကို ထင်းမီးပုံ ပေါ်မှ ချကာ နှစ်နေရာ သုံးနေရာတို့၌ တံစူးဝါးတို့ဖြင့် ထိုးဆွကြလေ၏။ တံစူးဝါးအဖျားသည် သံကိစ္စလောင်းလျာလေး၏ မျက်ခမ်းကို ထိခိုက်မိလေ၏။ မီးရှို့သူတို့သည် ဝမ်းဗိုက်သားကို ထိုးဖောက်ကာ ထင်းမီးကျီခဲပုံ ပေါ် ပစ်တင်ပြီး မီးကျီးတို့ဖြင့် ဖုံးလွှမ်း၍ ပြန်သွားကြလေသည်။ ဝမ်းဗိုက် သားကို မီးလောင်လေပြီ။ မီးကျီးပေါ်မှ ရွှေအဆင်းနှင့်တူသော သံကိစ္စ အလောင်းအလျာလေးကား ပဒုမ္မာပန်းထဲ အိပ်နေသည့်အလား ရှိနေပေ သည်။

နောက်ဆုံးဘဝ ရောက်နေသည့် သတ္တဝါကို မြင်းမိုရ်တောင်ဖြင့် ကြိတ်ချေသော်လည်း ရဟန္တာ မဖြစ်သေးသမျှ သေရိုးထုံးစံ မရှိပေ။ နောက်တစ်နေ့တွင် ထင်းပုံကို မီးငြိမ်းကြအံ့ဟု ကြံကာ လာကြသူတို့သည် ထင်းမီးကျီးပုံပေါ်မှ ကလေးကို မြင်ကြရသောအခါ များစွာ အံ့ဩနေကြ လေသည်။ "ဒီလောက်များတဲ့ ထင်းတွေကို လောင်ပြီး တစ်ကိုယ်လုံး လောင်ပြီးပါလျက် ဒီကလေးကို ဘာကြောင့် မလောင်ပါလိမ့်မလဲ၊ ဘယ်လိုများပါလိမ့်" ဟု တွေးကာ ကလေးကို ယူပြီး မြို့ထဲ သွားကာ ဗေဒင်ဆရာတို့ကို မေးကြည့်ကြလေ၏။ "ဤကလေးသည် လူ့ဘောင်မှာ နေလျှင် ဆွေ ၇ ဆက် မျိုး ၇ ဆက် ဆင်းရဲလိမ့်မည်။ သာသနာ့ဘောင်

http://www.dhammadownload.com



ဝင်ရောက်လျှင် ရဟန်း ၅၀၀ ခြံရံကာ လှည့်လည်လိမ့်မည်” ဟု ဗေဒင်ဆရာတို့ ဟောကြားလေသည်။ ထိုကလေး၏ မျက်ခမ်းကို တံစူးဝါးတို့ဖြင့် ထိုးမိ ထိခိုက်မိသောကြောင့် ‘သံကိစ္စ’ ဟု နာမည်ပေးကြလေသည်။ ထိုကလေးသည် နောင်အခါတွင် ‘သံကိစ္စ’ ဟု အမည်တွင်နေပေတော့သည်။

“ဆွေမျိုးတို့သည် အခုတော့ ဒီအတိုင်းပဲ ရှိပါစေ၊ အရွယ်ရောက်လာတဲ့အခါ အရှင်သာရိပုတ္တရာထံ သံကိစ္စကို ကိုရင်ဝတ်ပေးကြမည်” ဟု တွေးကာ မွေးမြူထားကြလေသည်။ သံကိစ္စ ၇ နှစ်အရွယ် ရောက်လာသောအခါ “သံကိစ္စ၊ မင်းရဲ့မိခင် ဝမ်းဗိုက်ထဲမှာ နေရတုန်းက မင့်အမေသေခဲ့တယ်၊ မင့်အမေရဲ့ အလောင်းကောင်ကို မီးသဂြိုဟ်ပေမယ့် မင်းကိုတော့ မီးမလောင်ခဲ့ဘူး” ဟု သူငယ်ချင်းကလေးတို့၏ ပြောစကားကို ကြားရသဖြင့် “ငါဟာ ဒီလို ကြောက်စရာ အဖြစ်မျိုးမှ လွတ်မြောက်ခဲ့ရသတဲ့။ ငါ့မှာ လူ့ဘောင်နေလို့ အကျိုးမရှိတော့၊ ရှင်ရဟန်း ဝတ်တော့မည်” ဟု ဆုံးဖြတ်ကာ ဆွေမျိုးတို့အား ပြောပြလေသည်။ “ကောင်းတာပေါ့ သံကိစ္စရယ်” ဟု ပြောကာ အရှင်သာရိပုတ္တရာထံ ခေါ်သွားပြီး “အရှင်ဘုရားတို့၊ ဒီသံကိစ္စလေးကို ကိုရင်ဝတ်ပေးတော်မူပါ ဘုရား” ဟု လျှောက်ထားကာ အပ်နှံလိုက်ကြလေသည်။ အရှင်သာရိပုတ္တရာက တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြပြီး ရှင်ပြုပေးလေရာ ခေါင်းရိတ်ပြီးချိန်တွင် သံကိစ္စသည် ပဋိသမ္ဘိဒါ ၄ ပါးနှင့်တကွ ရဟန္တာဖြစ်ခဲ့လေသည်။

http://www.dhammadownload.com

## ၁၈။ ရှင်ပဏ္ဍိတ ပြန်ပေးသဖြင့် သပိတ် သက်န်းကို ကိုယ်တိုင် ယူခဲ့ရသော အရှင်သာရိပုတ္တရာ

ရှင်ပဏ္ဍိတ ရှင်ပြုပြီး၍ ၈ ရက်မြောက်သောနေ့တွင် အရှင်သာရိပုတ္တရာသည် ရှင်ပဏ္ဍိတကို သူ့သပိတ် သက်န်းကို ယူစေကာ နေမြင့်မှ ဆရာတပည့် ၂ ပါး ဆွမ်းခံကြွခဲ့ပေသည်။ ရှင်ပဏ္ဍိတသည် သူ့ဥပဇ္ဈာယ်ဖြစ်သည့် အရှင်သာရိပုတ္တရာနှင့်အတူ ဆွမ်းခံကြွလေရာ လမ်းခရီးတွင် ရေမြောင်းကို မြင်သဖြင့် "အရှင်ဘုရား၊ ဒါက ဘာခေါ်ပါသလဲ ဘုရား" ဟု မေး၍ "ကိုရင် အဲဒါ ရေမြောင်းလို့ ခေါ်တယ်" ဟု အရှင်သာရိပုတ္တရာက ဖြေကြားသောအခါ ရှင်ပဏ္ဍိတ ၇ နှစ်အရွယ်ပင် ရှိသေးသော်လည်း သူ့ပညာပါရမီအလျောက် ဆက်လက်ကာ စူးစမ်းနေပြန်သဖြင့် ဆက်လက်ဖြေကြားပေးနေလေသည်။

"အရှင်ဘုရား၊ ဒီမြောင်းနဲ့ ဘာလုပ်ကြပါသလဲ ဘုရား"

"ကိုရင်၊ ဒီမြောင်းနဲ့ ရေသွယ်ယူပြီး ကောက်စိုက်ကြတယ်"

"အရှင်ဘုရား၊ ရေမှာ စိတ်ရှိပါသလား"

"မရှိပါဘူး ကိုရင်"

"စိတ်မရှိတဲ့ ရေကို ကိုယ်လိုရာကို သယ်ဆောင်လို့ ရပါသလား ဘုရား"

"ရတယ် ကိုရင်"

http://www.dhammadownload.com



ထိုအခါ ရှင်ပဏ္ဍိတမှာ "ဒီလို စိတ်မရှိတဲ့ ရေကိုတောင်မှ ကိုယ်လိုရာကို ဆောင်ပြီး အလုပ်လုပ်နိုင်ကြသေးရင် ဘာကြောင့် စိတ်ရှိတဲ့သူတွေက စိတ်ကို ကိုယ့်အလိုအတိုင်း ဖြစ်စေပြီး ရဟန်းတရားကို အားမထုတ်နိုင်ကုန်အံ့နည်း" ဟု အတွေးပေါ်နေလေ၏။

ဆရာတပည့် ၂ ပါး ရှေ့သို့ ဆက်သွားလေသော် မြားလုပ်သမားတို့ မြားတုတ်ကို မီးကင်ကာ မျက်စိအစွန်းဖြင့် ကြည့်၍ ဖြောင့်အောင် လုပ်နေကြသည်ကို ရှင်ပဏ္ဍိတက မြင်သဖြင့် -

"ဒီလူတွေက ဘာလုပ်နေကြပါသလဲ" ဟု မေးလေသည်။

"ကိုရင် သူတို့ မြားလုပ်နေကြတယ်" ဟု အရှင်သာရိပုတ္တရာက ဖြေ၏။ ဆရာတပည့် ၂ ပါး ဆက်လက်မေးကြ ဖြေကြလေသည်။

"သူတို့က ဘယ်လို လုပ်ကြပါသလဲ"

"မီးကင်ပြီး မြားတုတ်ကို ဖြောင့်အောင် လုပ်နေကြတယ်"

"အရှင်ဘုရား၊ မြားမှာ စိတ်ရှိပါသလား"

"ကိုရင်၊ မြားမှာ စိတ်မရှိဘူး"

ထိုအခါ ရှင်ပဏ္ဍိတမှာ "စိတ်မရှိတဲ့ မြားကို မီးအပူပေးကာ ဖြောင့်အောင် လုပ်လို့ရသေးလျှင် ဘာကြောင့် စိတ်ရှိတဲ့သူတွေက စိတ်ကို ကိုယ့်အလိုအတိုင်း ဖြစ်စေပြီး ရဟန်းတရားကို အားမထုတ်နိုင်ကုန်အံ့နည်း" ဟု အတွေးပေါ်နေလေ၏။

ဆရာ တပည့် ၂ ပါး ရှေ့သို့ ဆက်သွားလေသော် သစ်သားတို့ကို အကန့်ဒေါက်ဆံ အကွပ်တကူ ပုံတောင်းချက်မ စသည်တို့ဖြစ်အောင် ခုတ်ရွေနေကြသည်တို့ကို ရှင်ပဏ္ဍိတက မြင်သဖြင့် မေး၍ အရှင်သာရိပုတ္တရာက ဖြေလေသည်။

http://www.dhammadownload.com



"အရှင်ဘုရား၊ ဒီလူတွေက ဘာလုပ်နေကြပါသလဲ"

"ကိုရင်၊ သစ်သားကို ခုတ်ရွေနေကြတယ်"

"ဘာလုပ်ဖို့ပါလဲ ဘုရား"

"ယာဉ်စသည်တို့ရဲ့ ဘီးစသည်တို့အတွက်ပဲ ကိုရင်"

"အဲဒါတွေမှာ စိတ်ရှိပါသလား"

"မရှိဘူး ကိုရင်"

ထိုအခါ ရှင်ပဏ္ဍိတမှာ "စိတ်မရှိတဲ့ သစ်သားတို့ကို ဘီးစသည်ဖြစ်အောင် လုပ်လို့ရသေးလျှင် ဘာကြောင့် စိတ်ရှိတဲ့သူတွေက စိတ်ကို ကိုယ့်အလိုအတိုင်း ဖြစ်စေပြီး ရဟန်းတရားကို အားမထုတ်နိုင်ကုန်အံ့နည်း" ဟု အတွေးပေါ်နေလေ၏။

ဤအခြေအနေတို့ကို တွေ့ရှိရသော ရှင်ပဏ္ဍိတသည် -

"အရှင်ဘုရား၊ အရှင်ဘုရားရဲ့ သပိတ် သင်္ကန်းတို့ကို အရှင်ဘုရားကိုယ်တိုင် ယူသွားမယ်ဆိုရင် တပည့်တော် ကျောင်းပြန်လိုပါတယ်" ဟု လျှောက်ထားလေသည်။ အရှင်သာရိပုတ္တရာသည် "ကိုရင်ဖြစ်စ ရှိသေးတဲ့ ကိုရင်ငယ်လေးက ငါ့နောက်လိုက်နေပြီး ငါ့ကို ပြောရကောင်းလား" ဟူ၍မျှ စိတ်မဖြစ်ဘဲသာ -

"ကိုရင် ယူခဲ့" ဟု မိန့်ကာ သူ့သပိတ်သင်္ကန်းကို သူကိုယ်တိုင် ယူခဲ့လေပြီ။

မွန်မြတ်သော ဆန္ဒ မြင့်မားသော အတွေးအကြံရှိသည့် ရှင်ပဏ္ဍိတကို လိုက်လျောသော၊ ဖြေရှင်းသော၊ ခွင့်ပြုသော၊ ခွင့်လွှတ်သော အရှင်သာရိပုတ္တရာ၏ လုပ်ရပ်သည် မှတ်သားဖွယ် ကောင်းပါပေ၏။ တန်ဖိုးရှိသော ရှင်ပဏ္ဍိတကို တန်ဖိုးထားသော အရှင်သာရိပုတ္တရာ၏ စိတ်ထားသည် လေးစားစရာ ကောင်းလှပါပေ၏။

http://www.dhammadownload.com

# ၁၉။ မြန်မြန် ကြွသွားနေသော အရှင်သာရိပုတ္တရာ

ရှင်ပဏ္ဍိတသည် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာကို ရှိခိုးပြီး ကျောင်းပြန်တော့မည် ပြုသောအခါ -

"အရှင်ဘုရား၊ တပည့်တော်အတွက် အာဟာရကို ယူဆောင်လာတဲ့အခါ ငါးကြင်းသားဖြင့်သာ ဆောင်တော်မူခဲ့ပါ" ဟု လျှောက်ထားလိုက်သေး၏။

"ကိုရင် ဘယ်လိုလုပ် ရနိုင်မှာလဲ" ဟု အရှင်သာရိပုတ္တရာက မိန့်ကြားလေသောအခါ -

"အရှင်ဘုရား၊ အရှင်ဘုရားရဲ့ ဘုန်းကံနဲ့ မရရင် တပည့်တော်ရဲ့ ဘုန်းကံနဲ့ ရပါလိမ့်မယ် ဘုရား" ဟု ရှင်ပဏ္ဍိတက လျှောက်ထားလိုက်လေ၏။ "ကိုရင်လေး ကျောင်းခန်းအပြင်မှာ တရားထိုင်နေရင် တစ်စုံတစ်ခုသော ဘေးရန် ဖြစ်ပေါ်ရာ၏" ဟု တွေးကာ အရှင်သာရိပုတ္တရာသည် ကျောင်းခန်းသော့ကို ပေးလိုက်ပြီး -

"ကိုရင်၊ ကျောင်းခန်းတံခါးကို ဖွင့်ပြီး ကျောင်းခန်းထဲ ဝင်ကာ တရားထိုင်လေ" ဟု မှာကြားလိုက်လေ၏။ ရှင်ပဏ္ဍိတသည် ဆရာမှာကြားလိုက်သည့်အတိုင်း ပြုလုပ်ပြီး ခန္ဓာတွင် ဉာဏ်စိုက်ကာ တရားရှုမှတ်နေလေပြီ။

ရှင်ပဏ္ဍိတ၏ ဘုန်းတန်ခိုး အရှိန်အဝါကြောင့် သိကြားမင်း၏ နေထိုင်ရာ ပဏ္ဍုကမ္ဗလာသည် ပူသောအခြင်းအရာကို ပြနေလေပြီ။

http://www.dhammadownload.com



သိကြားမင်းသည် "အကြောင်းကား အသို့နည်း" ဟု ရှုဆင်ခြင်လတ်သော် "ရှင်ပဏ္ဍိတသည် သူ့ဥပဇ္ဈာယ် အရှင်သာရိပုတ္တရာအား သပိတ်သင်္ကန်းကိုပေးကာ တရားအားထုတ်ဖို့ ကျောင်းသို့ ပြန်ခဲ့လေပြီ။ ငါလည်း အဲဒီနေရာသို့ သွားဖို့ သင့်ပြီ" ဟု တွေးကာ နတ်မင်းကြီး ၄ ယောက်ကို ခေါ်ပြီး "ကျောင်းအနီးပတ်ဝန်းကျင်၌ နေသော ငှက်တို့ကို ပြေးအောင် လုပ်ခိုင်းပြီး ဝန်းကျင်မှာ စောင့်ရှောက်ပေးကြ" ဟုမှာကြား၍ လနတ်သားနှင့် နေနတ်သားတို့ကို "လနှင့်နေတို့ကို ဆွဲယူထားကြဦး" ဟု ပြောပြီး သိကြားမင်းကိုယ်တိုင်ကမူ အခန်းတံခါး သော့ခတ်ထားရာ နေရာ၌ စောင့်ရှောက်ပေးကာ ရပ်တည်နေလေပြီ။ လူမင်းဘုန်းကြီးတော့ နတ်မင်းတို့ မနေသာလေတော့ပြီ။ ကျောင်းတိုက် တစ်တိုက်လုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေပြီ။ သစ်ရွက်ကြွေကျသံပင် မရှိတော့ပါချေ။ ရှင်ပဏ္ဍိတသည် တရားရှုမှတ် ကောင်းနေသဖြင့် သမာဓိလည်း ရနေလေပြီ။ ဆွမ်းစားချိန်မတိုင်မီ အနာဂါမ် ဖြစ်နေလေပြီ။

"ကိုရင်သည် ကျောင်းခန်းထဲမှာ တရားထိုင်နေပြီ။ သူနှင့် သင့်လျော်သည့် ဘောဇဉ်ကို ဤမည်သော အိမ်၌ ရနိုင်ကောင်းပါရဲ့" ဟု တွေးကာ သူ့အပေါ် ကြည်ညိုလေးစားမှုရှိသည့် ဆွမ်းခံအိမ်တစ်အိမ်သို့ အရှင်သာရိပုတ္တရာ ကြွသွားလေပြီ။ ထိုအိမ်မှ ဒကာ၊ ဒကာမတို့သည် ထိုနေ့၌ ငါးကြင်းသား ရသဖြင့် အရှင်သာရိပုတ္တရာ အလာကိုသာ စောင့်မျှော်ကာ ထိုင်နေကြလေ၏။ ထိုဒကာ၊ ဒကာမတို့သည် အရှင်သာရိပုတ္တရာ ကြွလာသည်ကို မြင်သဖြင့် "အရှင်ဘုရား၊ အရှင်ဘုရား၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည်" ဟု လျှောက်ကာ အိမ်တွင်းသို့ ပင့်ပြီး ယာဂု ခဲဖွယ်စသည်တို့ကို ဆက်ကပ်၍ ငါးကြင်းသား အရသာဖြင့် ဆွမ်းကပ်ကြလေသည်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာသည် ယူဆောင်သွားမည့် အခြင်းအရာကို ပြလေပြီ။ "အရှင်ဘုရား ဘုဉ်းပေးတော်မူပါ။ ယူဆောင်သွားဖို့လည်း လှူလိုက်ပါမည်ဘုရား"ဟု လျှောက်ထားကာ အရှင်သာရိပုတ္တရာ ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်တွင် ငါးကြင်းသားအရသာပါသော ဘောဇဉ်တွေ အပြည့်ထည့်ပြီး လှူဒါန်းလိုက်လေ၏။ "ငါ့ကိုရင်လေး ဆာနေရှာရော့မည်" ဟု တွေးကာ အရှင်သာရိပုတ္တရာသည် မြန်မြန်ကြွသွားတော်မူလေသည်။

မြတ်စွာဘုရားသည်လည်း ထိုနေ့၌ စောစော ဆွမ်းဘုဉ်းပေးတော်မူပြီး ကျောင်းသို့ ကြွတော်မူကာ "ရှင်ပဏ္ဍိတသည် ရဟန္တာဖြစ်ဖို့ အကြောင်းကံပါလာခဲ့လေသလော" ဟု ဆင်ခြင်တော်မူကာ ပါလာသည်ကို မြင်တော်မူသဖြင့် ဆွမ်းကိစ္စမတိုင်မီ ရဟန္တာဖြစ်နိုင်လေမည်လော။ မဖြစ်နိုင်လေမည်လောဟု ဆက်လက်ဆင်ခြင်တော်မူရာ ဖြစ်နိုင်မည်ဟု သိတော်မူလေသည်။ "သာရိပုတ္တရာသည် ကိုရင်ဖို့ ဆွမ်းကို ယူကာ မြန်မြန် လာနေ၏။ ကိုရင့်အတွက် အန္တရာယ် ဖြစ်ရာ၏။ ငါသည် တံခါးမုခ်၌ စောင့်ရှောက်ရင်း ထိုင်နေအံ့။ သာရိပုတ္တရာကို ပြဿနာမေးအံ့။ ပြဿနာ ဖြေပြီးသောအခါ ကိုရင်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာ ဖြစ်လတ္တံ့" ဟု သိမြင်တော်မူသဖြင့် တံခါးမုခ်၌ ရပ်ကာ ရောက်လာသော သာရိပုတ္တရာထေရ်ကို ပြဿနာ ၄ ရပ် မေးတော်မူလေသည်။ အရှင်သာရိပုတ္တရာသည် မေးအပ်တိုင်း မေးအပ်တိုင်း ပြဿနာတို့ကို ဖြေလေသည်။

၁။ "သာရိပုတ္တရာ၊ ဘာကို ရခဲ့သလဲ"
"အာဟာရကို ရခဲ့ပါတယ် ဘုရား"

၂။ "သာရိပုတ္တရာ၊ အာဟာရက ဘာကို ဆောင်သလဲ"
"ဝေဒနာကို ဆောင်ပါတယ် ဘုရား"

http://www.dhammadownload.com



၃။ "သာရိပုတ္တရာ၊ ဝေဒနာက ဘာကို ဆောင်သလဲ"
"ရုပ်ကို ဆောင်ပါတယ် ဘုရား"

၄။ "သာရိပုတ္တရာ၊ ရုပ်က ဘာကို ဆောင်သလဲ"
"ဖဿကို ဆောင်ပါတယ် ဘုရား"

ပြဿနာ ၄ ရပ် ဖြေပြီးသောအခါ ကိုရင်သည် ပဋိသမ္ဘိဒါ ၄ ပါးနှင့် တကွ ရဟန္တာ ဖြစ်နေလေပြီ။

"သာရိပုတ္တရာ၊ သွားလော့၊ သင့် ကိုရင်အား ဆွမ်းပေးချေလော့" ဟု မိန့်ကြားတော်မူသဖြင့် ကြွသွားကာ တံခါးကို ခေါက်လိုက်လေသည်။ ရှင်ပဏ္ဍိတသည် ကျောင်းခန်းမှ ထွက်ပြီး ဆရာ့ထံမှ သပိတ်ကို ယူကာ သင့်တော်သော နေရာမှာ ထားပြီး ထန်းရွက်ယပ်တောင်ဖြင့် ဥပဇ္ဈာယ် ဆရာအား ယပ်ခတ်ပေးနေလေသည်။ "ကိုရင် ဆွမ်းစားလေ" ဟု မိန့်ကြားတော်မူသောအခါ "အရှင်ဘုရားကော ပြီးပါပြီလား ဘုရား" ဟု လျှောက်ထားသဖြင့် "ပြီးပြီ၊ သင်ပဲ စားလော့" ဟု မိန့်ကြားတော်မူ၍ ပွင့်သစ်စ ပဒုမ္မာကြာနှင့်တူသော ၇ နှစ်အရွယ် ရဟန္တာ ရှင်ပဏ္ဍိတသည် ပစ္စဝေက္ခဏာ ဆင်ခြင်ကာ ထိုင်ပြီး ဆွမ်းကိစ္စ ပြုလေပြီ။ ရှင်ပဏ္ဍိတ သပိတ်ဆေးပြီး၍ သိမ်းဆည်းပြီးသောအခါ လနတ်သားသည် လဝန်းကို လွှတ်လိုက်လေပြီ။ နေနတ်သားသည် နေဝန်းကို လွှတ်လိုက်လေပြီ။ နတ်မင်းကြီး ၄ ယောက်တို့သည် ကျောင်းပတ်ဝန်းကျင် အရပ် ၄ မျက်နှာ၌ စောင့်ရှောက်မှုကို စွန့်လွှတ်လိုက်ကြလေပြီ။ သိကြားမင်းကြီးသည် သော့ခတ်ထားရာနေရာ၌ စောင့်ရှောက်မှုကို စွန့်လိုက်လေပြီ။ နေဝန်းသည် မွန်းတည့်ရာမှ မွန်းလွဲသွားလေပြီ။

ဤဝတ္ထု၌ သမာဓိ ကြီးမားတော်မူသဖြင့် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ရှိတော်မူသော အရှင်သာရိပုတ္တရာ၏ မြန်မြန်ကြွသွားတော်မူပုံသည် အာရုံပြုကြည့်ကြသူတို့၏ စိတ်အာရုံဝယ် တစ်မျိုးတစ်ဖုံ

http://www.dhammadownload.com



ဖြစ်နေပါလိမ့်မည်။ ထူးခြားနေပါလိမ့်မည်။ တစ်မျိုးတစ်ဖုံ ဖြစ်နေသော အရှင်သာရိပုတ္တရာ၏ အမူအရာသည် ရှင်ပဏ္ဍိတအပေါ် ထားရှိသည့် မေတ္တာ ကရုဏာ၏ ထုထည်ကြီးမားမှု နက်ရှိုင်းမှုတို့ကို မြင်သာစေပါသည်။ သာသနာတော်တည်းဟူသော ဥယျာဉ်ကြီးဝယ် ရှင်ပဏ္ဍိတလို ပန်းလေးတွေ ပွင့်လန်းလာဖို့ရာအတွက် ပြုစုပျိုးထောင်ပေးတော်မူကြသည့် ဘုရားရှင်၊ အရှင်သာရိပုတ္တရာတည်းဟူသော ဥယျာဉ်မှူးကြီးတို့သည် မမေ့နိုင်ဖွယ်ရာ ဥယျာဉ်မှူးကြီးများ ဖြစ်ကြပါပေသည်။

http://www.dhammadownload.com

# ၂၀။ ၇ နှစ်အရွယ် ကိုရင်ငယ်လေးများနှင့် အရှင်သာရိပုတ္တရာ

"သာရိပုတ္တရာ၊ သင်ရဲ့တပည့် ရာဝလို ပြောဆိုဆုံးမလို့ အလွန်အကဲ လွယ်ကူတဲ့ တပည့်တွေ ရရင် ဘယ်လောက် လိုချင်သလဲ"

"မြတ်စွာဘုရား၊ အများကြီး လိုချင်ပါတယ် ဘုရား" ဟု ဘုရားရှင်အား အရှင်သာရိပုတ္တရာသည် လျှောက်ထားခဲ့ဖူးလေသည်။ ထိုသို့ လျှောက်ထားခဲ့သော အရှင်သာရိပုတ္တရာ၏ အောက်ပါတပည့်အလိမ္မာ ကိုရင်လေးတို့က လွန်စွာကြည်ညိုစရာ ကောင်းလှပါပေသည်။

ရှင်ရာဟုလာ၊ ရှင်ပဏ္ဍိတ၊ ရှင်တိဿ၊ ရှင်သုခ၊ ရှင်သံကိစ္စတို့သည် ၇ နှစ်အရွယ်တွင် ကိုရင် ဖြစ်ခဲ့ကြပါသည်။ ထိုကိုရင်လေးတို့၏ ဥပဇ္ဈာယ်ဆရာမှာ အရှင်သာရိပုတ္တရာ ဖြစ်ပါသည်။ ရှင်ရာဟုလာကိုမူ ဘုရားရှင်က ကိုရင်ဝတ်ပေးဖို့ မိန့်ကြားတော်မူသဖြင့် ဝတ်ပေးခဲ့ပါသည်။ ရှင်ပဏ္ဍိတ၊ ရှင်တိဿ၊ ရှင်သုခ၊ ရှင်သံကိစ္စတို့ကား သူတို့ကိုယ်တိုင် ကိုရင်ဝတ်လိုပါသည်ဟု လျှောက်ထားသဖြင့် ဝတ်ပေးခဲ့ပေသည်။

http://www.dhammadownload.com

# ၂၁။ ရှင်တိဿနှင့် အရှင်သာရိပုတ္တရာ

ထိုကိုရင်လေးတို့တွင် ရှင်တိဿလောင်းလျာသည် မဟာသေန အမည်ရှိသော ပုဏ္ဏားဘဝမှ ဖြစ်လာသူ ဖြစ်သဖြင့် သူ့ကျေးဇူးရှင် အရှင်သာရိပုတ္တရာအပေါ် ကြည်ညိုရင်းစွဲရှိရကား အရှင်သာရိပုတ္တရာ၏ ဆွမ်းခံအိမ်မှာ ပဋိသန္ဓေယူခဲ့လေသည်။ သူ့မိခင်သည် သူ့ကို ကိုယ်ဝန် လွယ်ထားစဉ်တွင် အလွန်ပူသော အစာ၊ အလွန်အေးသော အစာ၊ အလွန်ချဉ်သော အစာ စသည်တို့ကို မစားသုံးဘဲ ရှောင်ရှားခဲ့၏။ သန္ဓေသားလေးကို ချမ်းသာစွာ လွယ်ဆောင်ထားစဉ် "အရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်း ၅၀၀ ကို ပင့်ဆောင်ကာ အိမ်မှာ ထိုင်နေစေပြီး ရေမရောသော နို့ယနာဆွမ်းကို ပေးလှူ၍ ကိုယ်တိုင်လည်း ဖန်ရည်တပ် စွန်း ဝတ်သင်္ကန်းကို ဝတ်ရုံကာ ရွှေခွက်တို့ကို ယူလျက် ရဟန်းတို့၏ နေရာအဆုံးမှာ ထိုင်ပြီး ရဟန်းတို့၏ အကျန်အကြွင်း နို့ယနာထမင်းကို စားချင်စမ်းပါဘိ" ဟူ၍ ချင်ခြင်း ဖြစ်နေလေသည်။

သူ့မိခင်၏ ဖန်ရည်တပ်စွန်း ဝတ်သင်္ကန်းကို ဝတ်ရုံလိုသည့်ချင်ခြင်းသည် သန္ဓေသားလေး၏ ဗုဒ္ဓသာသနာ၌ ရှင်ရဟန်းဖြစ်ဖို့ ရှေ့ပြေးနိမိတ် ဖြစ်နေပါသတဲ့။ ထိုအခါ သူ့မိခင်၏ ဆွေမျိုးတို့သည် "ငါတို့ သမီး၏ ချင်ခြင်းသည် တရားနှင့် ယှဉ်၏" ဟု နားလည်ကြကာ အရှင်သာရိ

http://www.dhammadownload.com



ပုတ္တရာ အမှူးရှိသော ရဟန်း ၅၀၀ တို့အား ရေမရောသော နို့ဃနာဆွမ်းကို လှူဒါန်းကြလေသည်။ သူ့မိခင်သည်လည်း ဖန်ရည်စွန်း အဝတ်တစ်ထည်ကို ခါး၌ ဝတ်ပြီး တစ်ထည်ကို ကိုယ်ပေါ်ရုံကာ ရွှေခွက်ကို ယူ၍ နေရာအစွန်၌ ထိုင်လျက် အကြွင်းအကျန် နို့ဃနာထမင်းကို စားနေလေပြီ။ ချင်ခြင်း ပြေပျောက်သွားလေပြီ။

သူ့မိခင် သားမဖွားမီအတွင်း ပြုအပ်သော မင်္ဂလာတို့၌ လည်းကောင်း၊ သားဖွားပြီးနောက်၌ ပြုအပ်သော မင်္ဂလာတို့၌လည်းကောင်း အရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်း ၅၀၀ တို့အား ရေမရောသော နို့ဃနာဆွမ်းကို လှူဒါန်းခဲ့လေပြီ။ ဤအကျိုးပေးသည် မဟာသေနပုဏ္ဏားဘဝက လှူဒါန်းခဲ့သော နို့ဃနာဆွမ်း၏ အကျိုးပေးပေတည်။

မွေးဖွားရာနေ့၌ကား ထိုကလေးကို စောစောပင် ရေချိုးစေ၍ တန်ဆာဆင်ပြီး ကျက်သရေရှိသည့် နေရာ၌ တစ်သိန်းတန် ကမ္ဗလာပေါ်တွင် အိပ်စေကြကုန်ပြီ။ ထိုကလေးသည် ထိုကမ္ဗလာပေါ် လျောင်းရင်း အရှင်သာရိပုတ္တရာကို ကြည့်ကာ "ဤအရှင်မြတ်သည် ငါ၏ လက်ဦးဆရာတည်း၊ ငါသည် အရှင်မြတ်ကို အမှီပြုကာ ဤလူ့စည်းစိမ်ချမ်းသာကို ရခဲ့ရပေပြီ၊ ငါသည် ဤအရှင်မြတ်အား အလှူတစ်ခု ပြုသင့်သည်" ဟု တွေးကာ သီလယူဖို့ ဆောင်ယူသွားသောအခါ ထိုကမ္ဗလာကို လက်သန်းဖြင့် ရစ်ပတ်ကာ ယူနေလေပြီ။ ထိုအခါ ကလေး၏ လက်ချောင်း၌ ကမ္ဗလာ ငြိကပ်နေလေပြီဟု မှတ်ထင်ကာ ဆွေမျိုးတို့က ကမ္ဗလာကို ယူဆောင်ဖယ်ရှားဖို့ ကြိုးစားကြလေသည်။ ကလေးသည် ငိုလေပြီ။

ဆွေမျိုးတို့သည် "ကလေးသည် မသိဘဲ ပြုလုပ်နေပြီ" ဟု မပြောကြဘဲ "အရှင်ဘုရား၊ တပည့်တော်တို့သား လှူဒါန်းတာဟာ လှူဒါန်းပြီးသာ ဖြစ်ပါစေ ဘုရား" ဟု လျှောက်ထားကာ "တစ်သိန်းတန် ကမ္ဗလာဖြင့် ပူဇော်သော အရှင်ဘုရား၏ တပည့်လေးအား သီလပေးသနားတော်

http://www.dhammadownload.com



မူပါ” ဟု လျှောက်ထားတောင်းပန်ကြလေသည်။ “ကလေးနာမည် ဘယ်လို ခေါ်သလဲ” ဟု အရှင်သာရိပုတ္တရာက မေးသောအခါ “အရှင်ဘုရားနဲ့ နာမည်တူပါတယ် ဘုရား၊ ကလေးနာမည်က တိဿ ဖြစ်ပါလိမ့်မယ် ဘုရား” ဟု ဆွေမျိုးတို့က လျှောက်ထားကြလေ၏။ လူ့ဘဝက အရှင်သာရိပုတ္တရာ၏ နာမည်မှာ ဥပတိဿ ဖြစ်ပေ၏။ တိဿကလေး၏ မိခင်က “ငါသည် သားရဲ့ဆန္ဒ မဖျက်ဆီးအံ့”ဟု ဆုံးဖြတ်လိုက်လေ၏။

တိဿကလေး၏ နာမည်မှည့်ရာ မင်္ဂလာ၊ ထမင်းခွံ့ မင်္ဂလာ၊ နားထွင်း မင်္ဂလာ၊ အဝတ်ဝတ်မင်္ဂလာ၊ ဆံထုံးမင်္ဂလာတို့၌လည်း အရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်း ၅၀၀ တို့အား ရေ မရောသော နို့ယနာဆွမ်းကိုပင် လှူဒါန်းကြလေသည်။ တိဿသည် ၇ နှစ်အရွယ် ရောက်သောအခါ “အမေ၊ အရှင်သာရိပုတ္တရာထံ ကိုရင်ဝတ်မယ်” ဟု အမေ့အားပြောပြလေသဖြင့် “သားလေး ကောင်းပြီ၊ မေမေဟာ သား မပြောခင်ကပင် သားလေးရဲ့ဆန္ဒ မဖျက်ဘူးလို့ စိတ်ဆုံးဖြတ်ခဲ့တယ်၊ သားလေး ကိုရင်ဝတ်ပါ” ဟု ပြောကာ အရှင်သာရိပုတ္တရာကို အပင့်ခိုင်း၍ ကြွလာသော အရှင်သာရိပုတ္တရာအား ဆွမ်းလှူပြီး “အရှင်ဘုရား၊ အရှင်ဘုရားရဲ့ တပည့်လေးက ကိုရင်ဝတ်မယ်လို့ ပြောနေပါတယ်။ သူ့ကို ခေါ်ပြီး ညနေရောက်တော့ တပည့်တော်တို့ ကျောင်းသို့ လာခဲ့ကြပါမယ် ဘုရား” ဟု လျှောက်ထား၍ အရှင်သာရိပုတ္တရာ ကြွသွားပြီးနောက် ညနေရောက်သောအခါ ကြီးမားစွာသော ကောင်းစွာပြုစု မြတ်နိုးမှုဖြင့် သားလေးကို ယူဆောင်ကာ ကျောင်းသို့ သွားပြီး အရှင်သာရိပုတ္တရာထံ အပ်နှံလေသည်။

“တိဿ၊ ရှင် ရဟန်းအဖြစ်ဆိုတာ ပြုလုပ်ဖို့ ခက်တယ်။ အပူ လိုချင်ပေမယ့် အအေး ရတတ်တယ်၊ အအေး လိုချင်ပေမယ့် အပူရတတ်တယ်။ ရှင် ရဟန်းတွေဆိုတာ ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရတယ်။ သင်က

http://www.dhammadownload.com



ချမ်းချမ်းသာသာနဲ့ ကြီးပွားလာခဲ့သူ ဖြစ်တယ်” ဟု အရှင်သာရိပုတ္တရာက တိဿအား ပြောပြနေလေသည်။ “အရှင်ဘုရား၊ တပည့်တော်ဟာ အရှင်ဘုရား မိန့်ကြားတဲ့အတိုင်းပဲ အကုန်လုံး လုပ်နိုင်ပါမယ် ဘုရား” ဟု လျှောက်ထားသဖြင့် အရှင်သာရိပုတ္တရာက ‘ကောင်းပြီ’ ဟု မိန့်ကာ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြပြီး တိဿကို ကိုရင်ဝတ်ပေးလိုက်လေသည်။

http://www.dhammadownload.com

## ၂၂။ တောထွက်သွားသော ရှင်တိသထံသို့ ကြွသွားတော်မူသော အရှင်သာရိပုတ္တရာ

ရှင်တိဿ၏ မိဘတို့သည် ကိုရင်ဝတ်ပြီးသော ရှင်တိဿအား ပူဇော်သက္ကာရပြုလို၍ ၇ ရက်ပတ်လုံး ကျောင်း၌ပင် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ရေ မရောသော နို့ယနာဆွမ်းကိုသာ လှူဒါန်းကြလေသည်။ ရဟန်းတို့သည်လည်း "ငါတို့ အမြဲတမ်း ရေ မရောသော နို့ယနာဆွမ်းကို မစားနိုင်ကြကုန်"ဟုဆိုကာ ကဲ့ရဲ့ကြလေသည်။ ရှင်တိဿ၏ မိဘတို့သည် ၇ ရက်မြောက်နေ့၌ အိမ်သို့ ပြန်ကြလေပြီ။ ရှင်တိဿသည် ၈ ရက်မြောက်နေ့၌ ရဟန်းတို့နှင့်အတူ သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်လေရာ အဝတ်တစ်ထောင်နှင့်တကွ ဆွမ်းတစ်ထောင်ကို သာဝတ္ထိမြို့သူ မြို့သားတို့က ရှင်တိဿအား လှူဒါန်းကြသဖြင့် ရှင်တိဿသည် ရဟန်းတော်တို့အား ထိုအဝတ်တစ်ထောင်နှင့် ဆွမ်းတစ်ထောင်တို့ကို လှူဒါန်းစေပါသည်။ ထို့ကြောင့် ရဟန်းတို့သည် ရှင်တိဿကို "ဆွမ်းအလှူရှင်တိဿ" ဟု မှည့်ခေါ်ကြသည်။ တစ်နေ့တွင် ဆောင်းအခါ ချမ်းသဖြင့် မီးလှုံနေကြသော ရဟန်းတို့အား ကမ္ဗလာတစ်ထောင်ကိုလည်း အလှူခံပေးသဖြင့် "ကမ္ဗလာ အလှူရှင် တိဿ" ဟုလည်း မှည့်ခေါ်ကြလေသည်။

ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော အရှင်တိဿထံသို့ ဆွေမျိုး ဒါယကာတို့ အမြဲမပြတ် လာ၍ စကားပြောကြလေသဖြင့် "ငါ့ထံ

http://www.dhammadownload.com



လာသူတို့ကို ငါက စကားမပြောလို့လည်း မသင့်တော်၊ သူတို့နှင့် စကား ပြောပြီး အချိန်ကုန်နေလျှင် ငါ၏ အားကိုးထောက်တည်ရာ တရားထူး တရားမြတ်ကို ရရှိလိမ့်မည် မဟုတ်၊ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား သင်ယူပြီး တောထဲ သွားကာ အားထုတ်ရလျှင် ကောင်းမှာပဲ” ဟု ကြံကာ ဘုရားရှင်ထံ ကမ္မဋ္ဌာန်း အားထုတ်နည်း သင်ယူလေသည်။ ထို့နောက် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာကို ရှိခိုးပြီး သပိတ်၊ သင်္ကန်းယူကာ ကျောင်းမှ ထွက်၍ “ဒီအနီးအနားနေရာမှာ နေရင် ငါ့ကို ဆွေမျိုးတွေ ခေါ်ကြလိမ့်မည်” ဟု တွေးကာ ယူဇနာ ၁၂၀ ရှိသော ခရီးကို ကြွသွားခဲ့ ပေသည်။ ရွာတစ်ရွာသို့ ရောက်သွားရာ ထိုရွာရှိ တောကျောင်းတွင် သီတင်းသုံးကာ ဝါကပ်ခဲ့လေသည်။

ဝါကျွတ်သောအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံ သွားပြီး ရှိခိုးကာ “မြတ်စွာဘုရား၊ တပည့်တော် ရှင်တိဿထံ သွားပါမည် ဘုရား” ဟု လျှောက်ထားလေရာ မြတ်စွာဘုရားက ခွင့်ပြုတော်မူသဖြင့် ရဟန်း ၅၀၀ ခြံရံပြီး သွားခါနီးတွင် “ငါ့ရှင် မောဂ္ဂလ္လာန်၊ တပည့်တော် ရှင်တိဿထံ သွားပါမည်”ဟု အသိပေး ပြောကြားလေသည်။ “အရှင် ဘုရား သာရိပုတ္တရာ၊ ရှင်တိဿထံ တပည့်တော်လည်း လိုက်ပါမည်”ဟု ဆိုကာ ရဟန်း ၅၀၀ အခြံအရံနှင့်တကွ ကြွသွားလေသည်။ အရှင်မဟာ ကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပုဏ္ဏ၊ အရှင်ဥပါလိ အစရှိသော ဘုရား တပည့်ကြီး (မဟာသာဝက) တို့သည် ရဟန်း ၅၀၀ စီ ခြံရံကာ ကြွသွားကြ လေသည်။ ၈၀ သော မဟာသာဝကတို့၏ အခြံအရံ အားလုံးပေါင်း ၄ သောင်း ရှိလေသည်။ ယူဇနာ ၁၂၀ ရှိသော ခရီးကို သွားကြပြီးသောအခါ ရှင်တိဿ၏ ဆွမ်းခံရွာသို့ ရောက်ကြလေသည်။ ရှင်တိဿ၏ အမြဲ အလုပ်အကျွေး ဒကာတစ်ယောက်သည် ရွာတံခါးမှာပင် ရဟန်းတို့ကို ဖူးတွေ့ရသဖြင့် ခရီးဦးကြိုဆိုကာ ရှိခိုးလေသည်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက ထိုဒကာကို "ဒကာ၊ ဒီအရပ်မှာ တောကျောင်း ရှိသလား"ဟုမေးရာ"ရှိပါသည်"ဟု လျှောက်ထားသဖြင့် "ဒကာ၊ အဲဒီတောကျောင်းမှာ သံဃာ ရှိသလား၊ မရှိဘူးလား"ဟု မေးပြန်၍ "ရှိပါသည်" ဟု လျှောက်ထားသောအခါ "တောကျောင်းမှာ နေသောသူရဲ့ နာမည်က ဘာပါလဲ" ဟု မေးပြန်သဖြင့် "တောနေ ရှင်တိဿ ဖြစ်ပါသည်" ဟု လျှောက်ထားလေသည်။ "ဒကာ ဒီလိုဆိုရင် ငါတို့ကို လမ်းပြပေးပါ" ဟု အရှင်သာရိပုတ္တရာက မိန့်ကြားသောအခါ "အရှင်ဘုရားတို့က ဘယ်သူတွေပါလဲဘုရား"ဟု မေးလျှောက်သဖြင့် "ငါတို့က ရှင်တိဿထံ လာကြသူတွေ ဖြစ်ပါတယ်" ဟု မိန့်ကြားတော်မူလေသည်။ ဒကာသည် သေချာကြည့်သောအခါ အရှင်သာရိပုတ္တရာကို အစပြုပြီး မဟာသာဝက အားလုံးတို့ကိုလည်း ကောင်းစွာ မှတ်မိသဖြင့် တစ်ကိုယ်လုံး ပီတိတွေ လွှမ်းခြုံသွားကာ "အရှင်ဘုရားတို့ ရပ်တော်မူကြပါဦး ဘုရား" ဟု လျှောက်ထားပြီး ရွာထဲသို့ အမြန်သွားကာ"အမောင်တို့ အမိတို့ အရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ ၈၀ သော မဟာသာဝကတို့ အခြံအရံ ၅၀၀ စီနှင့်တကွ ရှင်တိဿထံသို့ ကြွလာနေကြပါပြီ။ ခုတင်၊ ကုလားထိုင်၊ အခင်း၊ ဆီမီး၊ ဆီစသည်တို့ကို ယူကာ မြန်မြန် ထွက်ကြပါကုန်" ဟု တိုက်တွန်းနှိုးဆော်လိုက်လေပြီ။

ဒကာ၊ ဒကာမတို့သည် ချက်ချင်း ခုတင်စသည့် ပစ္စည်းတို့ကို ယူကာ သံဃာတော်တို့နောက်မှ လိုက်ပြီး ကျောင်းသို့ ဝင်ကြလေပြီ။ ရှင်တိဿသည် သံဃာတော်တို့ကို ကောင်းစွာ မှတ်မိသဖြင့် မဟာထေရ်တို့၏ သပိတ် သင်္ကန်းတို့ကို ယူကာ ဝတ်ပြုလေပြီ။ သံဃာတို့အတွက် ရှင်တိဿနေရာ စီစဉ်ပေးတုန်း သပိတ် သင်္ကန်းတို့ကို သိမ်းဆည်းတုန်းမှာပင် မှောင်လာလေပြီ။ "ဒကာတို့ ပြန်ကြတော့၊ မှောင်လာပြီ" ဟု အရှင်သာရိပုတ္တရာက ဒကာ ဒကာမတို့အား ပြန်ဖို့ မိန့်တော်မူလေသည်။

http://www.dhammadownload.com

## ၂၃။ ရှင်တိဿ၏ အစွမ်းကို ပြစေသော အရှင်သာရိပုတ္တရာ

"အရှင်ဘုရား၊ ဒီနေ့ဟာ တရားနာယူရမည့် နေ့ပါ ဘုရား၊ တပည့်တော်တို့ မပြန်ကြပါ၊ တရားနာယူကြပါမည်။ အရင်နေ့တွေတုန်းက တရားနာယူရတာ မရှိခဲ့ပါ" ဟု ဒကာ ဒကာမတို့က အရှင်သာရိပုတ္တရာအား လျှောက်ထားသဖြင့် "ရှင်တိဿ၊ ဒီလိုဆိုရင် ဆီမီးထွန်းပြီး တရားနာယူဖို့အချိန် ကြေညာလော" ဟု အမိန့်ရှိ၍ အမိန့်အတိုင်း ရှင်တိဿ ဆောင်ရွက်လေပြီ။ "တိဿ၊ သင့်ရဲ့ဒကာတွေ တရားနာယူလိုကြတယ်လို့ ပြောနေကြတယ်။ သူတို့အား တရားဟောလိုက်" ဟု အရှင်သာရိပုတ္တရာက မိန့်တော်မူသောအခါ "အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ ကိုရင်တိဿဟာ သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ၊ ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကင်းကြပါစေဆိုတဲ့ ၂ ပုဒ်မှတစ်ပါး အခြားတရားကို မသိပါ။ တပည့်တော်တို့အား အခြားဓမ္မကထိက ပေးတော်မူပါ" ဟု ဒကာတို့က တစ်ပြိုင်နက်တည်း ထကာ လျှောက်ထားကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာက ရှင်တိဿကို "ကိုရင်၊ ဘယ်လို ချမ်းသာကြရမှာလဲ၊ ဘယ်လို ဆင်းရဲမှ လွတ်ကြမှာလဲ ဆိုတဲ့ စကား ၂ ပုဒ်ရဲ့ အဓိပ္ပာယ်ကို ဟောပြလေလော့" ဟု မိန့်တော်မူသည်။ ရှင်တိဿသည် "ကောင်းပါပြီ ဘုရား" ဟု လျှောက်ထားပြီး ယပ်တောင်ကို ကိုင်ကာ

http://www.dhammadownload.com



တရားပလ္လင်ပေါ်တက်၍ နိကာယ်ငါးရပ်မှ အကြောင်းအကျိုးတို့ကို ထုတ်ဆောင်ပြကာ လေးကျွန်းလုံး တစ်ခဲနက် ရှာသွန်းသော မိုးကြီးပမာ ခန္ဓာ အာယတန ဓာတ် ဗောဓိပက္ခိယတရားတို့ကို ဝေဖန်လျက် အရဟတ္တဖိုလ်တည်းဟူသော အထွတ်ဖြင့် တရားဒေသနာ ဟောကြားပြီးသောအခါ "အရှင်ဘုရား၊ ဤသို့ အရဟတ္တဖိုလ်ရောက်သော ရဟန္တာမှာ ချမ်းသာ ဖြစ်ပါသည်။ အရဟတ္တဖိုလ်သို့ ရောက်သောသူသာ ဆင်းရဲမှ လွတ်သည်၊ ကြွင်းသော သူတို့မှာ ဇာတိစသော ဒုက္ခ၊ ငရဲဒုက္ခ စသည်တို့မှ မလွတ်ကြသေးပါ ဘုရား" ဟု လျှောက်ထားလေသည်။ "ကိုရင်၊ ကောင်းပါလေစွ၊ သင်ရဲ့ တရားဟောပုံဟာ သိပ်ကောင်းပါပေတယ်။ ယခု ချိုမြိန်သာယာသော အသံဖြင့် ရွတ်ဆိုပါဦး" ဟု တိုက်တွန်းတော်မူသဖြင့် ချိုမြိန်သာယာသော အသံဖြင့် ရွတ်ဆိုလေပြီ။

အရုဏ်တက်သောအခါ ရှင်တိဿ၏ အလုပ်အကျွေးလူတို့မှာ ၂ အုပ်စု ဖြစ်နေကြကုန်လေပြီ။ တချို့က "ငါတို့မှာ ဒီလို ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်ကို ရှေးက မတွေ့ဖူးခဲ့။ ဒီလို တရားစကားတွေ သိပါလျက်နဲ့ မိဘအရာမှာ တည်ပြီး ပြုစုလုပ်ကျွေးကြတဲ့ လူတွေအား တရားတစ်ပုဒ်ကို သော်မျှ ဘာကြောင့် မဟောဘဲ နေသလဲ" ဟု ပြောဆိုကာ စိတ်ဆိုးနေကြလေ၏။ တချို့ကမူ "ဒီလို အရှင်မြတ်လေးကို ဂုဏ်ရှိ မရှိ မသိကြရပေမယ့် ပြုစုလုပ်ကျွေးခဲ့ကြရတဲ့ ငါတို့မှာ ကံကောင်းကြပါပေစွ။ ယခု ရှင်တိဿထံမှ တရားကို နာခွင့်ရကြပေပြီ" ဟု ပြောကာ ဝမ်းသာနေကြလေ၏။

ဘုရားရှင်သည်လည်း ထိုနေ့နံနက် မိုးသောက်ချိန်၌ လောကကြီးကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုတော်မူလေရာ ရှင်တိဿ၏ အလုပ်အကျွေး ဒကာ ဒကာမတို့ ဉာဏ်တော်ကွန်ရက်ထဲ ဝင်ရောက်လာသဖြင့် 'အဘယ်သို့ ဖြစ်လာလိမ့်မည်နည်း' ဟု ဆင်ခြင်တော်မူသောအခါ ရှင်တိဿ၏

http://www.dhammadownload.com



အလုပ်အကျွေး ဒကာ ဒကာမ တချို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး တချို့က စိတ်ဆိုးနေကြလေပြီ။ ငါရဲ့သားတော်လေး ရှင်တိဿ အပေါ် အမျက်ထွက်သူတို့ ငရဲရောက်ကြလိမ့်မည်။ ရှင်တိဿထံသို့ ငါ သွားကို သွားရမည်။ ငါ သွားရင် ဒကာ ဒကာမတွေအားလုံး ရှင်တိဿ အပေါ် မေတ္တာစိတ် သက်ဝင်ကာ ဆင်းရဲမှ လွတ်ကြရလိမ့်မည်" ဟု မြင်တော်မူလေသည်။ ထို့ရွာသူ၊ ရွာသားတို့သည်လည်း ရဟန်းအပေါင်းကို ပင့်ဖိတ်ပြီး ရွာသို့ပြန်ကာ မဏ္ဍပ်ဆောက်၊ ယာဂု၊ ဆွမ်း စသည် ပြင်ဆင်နေရာတို့ကို ခင်းပြီး သံဃာတို့ကြွလာမည့် လမ်းကို မျှော်ကြည့်ကာ ထိုင်နေကြလေသည်။ ရဟန်းတို့သည်လည်း ကိုယ်လက်သုတ်သင်ပြီး ဆွမ်းခံချိန်၌ ဆွမ်းခံမဝင်ခင် "တိဿ၊ သင်သည် ငါတို့နှင့်အတူ ဆွမ်းခံသွားမည်လော၊ သို့မဟုတ် နောက်မှ သွားမည်လော" ဟု မေးကြသောအခါ "တပည့်တော် ဆွမ်းခံချိန်မှာသာ ဆွမ်းခံသွားပါမည်၊ အရှင်ဘုရားတို့ ကြွသွားနှင့်ကြပါ" ဟု လျှောက်ထားသဖြင့် ရဟန်းတို့ သပိတ် သင်္ကန်းကို ယူကာ ဆွမ်းခံဝင်ကြလေပြီ။

http://www.dhammadownload.com

# ၂၄။ ဘုရားလက်မှ ရှင်တိဿသပိတ်ကို ယူနေသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ပင် သက်နှန်းရုံ၍ သပိတ် ယူပြီး စိတ္တကုဋာ တစ်ခုတည်းဖြင့်ပင် ကြွတော်မူကာ ရဟန်းတို့၏ ရှေ့၌ ရပ်တော်မူလေသည်။ "မြတ်စွာဘုရား ကြွတော်မူလာပြီ" ဟူသော သတင်းသည် တစ်ရွာလုံး အုံအုံသဲသဲဖြစ်ကာ ပြန့်နှံ့သွားလေပြီ။ လူတို့ သည် စိတ်အားတက်ကြွကာ ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ထိုင်စေပြီး ယာဂုဆက်ကပ်၍ ခဲဖွယ်ကို လှူကြလေသည်။ ရှင်တိဿ သည် ရဟန်းတို့ ဆွမ်းကိစ္စ မပြီးခင် ရွာတွင်းသို့ ဝင်လေပြီ။ ရွာသူ ရွာသား တို့သည် ရှင်တိဿအတွက် ဆောင်ယူကာ ရှင်တိဿအား ရိုသေစွာ ဆွမ်းလှူကြလေပြီ။ ရှင်တိဿသည် မျှတလောက်ရုံ ခံယူကာ မြတ်စွာ ဘုရားထံ သွားပြီး သပိတ်ကို ဆက်ကပ်လေပြီ။ မြတ်စွာဘုရားသည် "တိဿ ယူခဲ့လော့"ဟုမိန့်ပြီး လက်တော်ကို ဆန့်တန်းတော်မူကာ သပိတ် ကို ယူ၍ "တိဿ၊ သင်၏ သပိတ်ကို သာရိပုတ္တရာအား ပြလေလော့" ဟု မိန့်ကာ အရှင်သာရိပုတ္တရာအား ပြစေတော်မူသည်။ အရှင်သာရိ ပုတ္တရာသည် မြတ်စွာဘုရားလက်မှ သပိတ်ကို ယူကာ ရှင်တိဿအား ပေးပြီး "ကိုရင် သွားလော့၊ သင့်ရဲ့ ရောက်ရာ ရရာနေရာမှာ ထိုင်ကာ ဆွမ်းကိစ္စ ပြုလေ" ဟု မိန့်တော်မူလေသည်။

http://www.dhammadownload.com



ရွာသူ၊ ရွာသားတို့သည် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးပြီး မြတ်စွာဘုရားကို ရှိခိုးကာ အနုမောဒနာတရား ဟောကြားဖို့ လျှောက်ထားတောင်းပန်ကြလေသည်။ မြတ်စွာဘုရားသည် အနုမောဒနာတရား ဟောကြားတော်မူလေသော် "ဒကာ ဒကာမတို့၊ သင်တို့ ကိုးကွယ်တဲ့ ရှင်တိဿကို အမှီပြုပြီး သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်၊ ကဿပ၊ အနုရုဒ္ဓါ စတဲ့ ၈ ကျိပ်သော မဟာသာဝကတို့ကို ဖူးမြော်ခွင့်ရကြသော သင်တို့မှာ အရတော်လေကုန်စွ။ ငါ ဘုရားလည်း သင်တို့ ကိုးကွယ်တဲ့ ရှင်တိဿကို အကြောင်းပြုပြီး ကြွလာခဲ့ပြီ။ ဘုရားရှင်ဖူးမြင်ခွင့်ကိုလည်း ရှင်တိဿကိုပင် အမှီပြုကာ သင်တို့ ရခဲ့ကြပေပြီ။ သင်တို့မှာ အရတော်ကြပါပေစွ၊ လူ့ဘဝကို ကောင်းစွာရအပ်သည် မည်ပါပေစွ" ဟု မိန့်ကြားတော်မူလေသည်။

"သြော်၊ ငါတို့မှာ အရတော်ကြပါပေတယ်။ ဘုရားရှင်တို့နဲ့ ရဟန်းအပေါင်းတို့ကို ကျေနပ်နှစ်သိမ့်စေနိုင်တဲ့ ရှင်တိဿကို ဖူးမြင်ခွင့်၊ လှူဖွယ်တွေကို လှူဒါန်းခွင့်ရသော ငါတို့မှာ လူ့ဘဝကို အရတော်ကြပါပေစွ" ဟု တွေးကာ ရှင်တိဿအပေါ် အမျက်ထွက်သူတို့ အမျက်ပြေကာ နှစ်သက်ဝမ်းမြောက်ကြလေပြီ။ ကြည်ညိုပြီးသူတို့လည်း ပို၍ ကြည်ညိုကြလေကုန်ပြီ။ အနုမောဒနာတရား၏အဆုံး၌ လူပေါင်းများစွာသောတာပန်စသည် ဖြစ်ကြကုန်လေပြီ။ မြတ်စွာဘုရားသည် နေရာမှ ထ၍ ကြွသွားတော်မူလေပြီ။ လူတို့သည် မြတ်စွာဘုရားနောက် လိုက်ပြီး ရှိခိုးကာ ပြန်ခဲ့ကြလေကုန်ပြီ။ မြတ်စွာဘုရားသည် ရှင်တိဿနှင့်အတူ အေးအေးဆေးဆေး စကားပြောရင်း ကြွသွားတော်မူရာ "ကိုရင်၊ ဒီအရပ်ဟာ ဘယ်လို ခေါ်သလဲ" စသည်ဖြင့် မေးကာ ကြွတော်မူနေသည်။ ရှင်တိဿသည်လည်း မြတ်စွာဘုရား မေးသမျှ ဖြေကြားကာ ကြွသွားနေသည်။ မြတ်စွာဘုရားသည် ရှင်တိဿနေရာသို့ ကြွသွားပြီး တောင်ထိပ်ပေါ်သို့ တက်တော်မူလေပြီ။

http://www.dhammadownload.com



## တောင်ထိပ်ပေါ်က ဘုရားရှင်နှင့် ရှင်တိဿ

တောင်ထိပ်ပေါ် ရပ်တည်တော်မူနေသည့် ဘုရားရှင်နှင့် ရှင်တိဿတို့၏ မြင်ကွင်းမှာ သမုဒ္ဒရာကြီးသည် ထင်ရှားနေသည်။

"တိဿ၊ တောင်ထိပ်ပေါ် ရပ်တည်ပြီး ဟိုဟိုဒီဒီ ကြည့်တဲ့အခါ ဘာကို မြင်သလဲ" ဟု ဘုရားရှင်က မေးသဖြင့် -

"သမုဒ္ဒရာကြီးကို မြင်ပါတယ် ဘုရား" ဟု လျှောက်ထားသောအခါ

"သမုဒ္ဒရာကြီးကို မြင်ပြီး ဘာကို တွေးမိသလဲ" ဟု မေးပြန်သဖြင့်

"ဒုက္ခရောက်တဲ့အခါ ငိုရတဲ့ တပည့်တော်ရဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာကြီး ၄ စင်းထဲက ရေတွေထက် ပိုပြီး များတယ် ဆိုတဲ့ အတွေးကို တွေးမိပါတယ် ဘုရား" ဟု လျှောက်ထားလေသည်။

"တိဿ၊ သင်ဘယ်မှာ နေသလဲ"

"တပည့်တော် ဒီတောင်ဝှန်းမှာ နေပါတယ် ဘုရား"

"အဲဒီ တောင်ဝှန်းထဲ နေတဲ့အခါ ဘာကို တွေးမိသလဲ"

"တပည့်တော် သေလို့ ဒီနေရာမှာ တပည့်တော်အလောင်းကို မြှုပ်နှံ သင်္ဂြိုဟ်ခဲ့တာဟာ အပိုင်းအခြားမရှိဘူး ဆိုတဲ့ အတွေးကို တွေးမိပါတယ် ဘုရား။"

"တိဿ၊ သာဓု သာဓု၊ သင်တွေးတဲ့အတိုင်း မှန်တယ်။ ဒီသတ္တဝါတွေရဲ့ မြေကြီးပေါ်မှာ လဲလျောင်းပြီး မသေဖူးတဲ့ နေရာဆိုတာ မရှိဘူး"

"တိဿ၊ ဒီတောအုပ်ထဲမှာ ကျားသစ်စတဲ့ သားရဲတိရစ္ဆာန်တို့ရဲ့ အသံကြောင့် ကြောက်သလား၊ မကြောက်ဘူးလား"

"မကြောက်ပါ ဘုရား၊ မကြောက်တဲ့အပြင် အဲဒီ သားရဲတိရစ္ဆာန်တို့ရဲ့ အသံကို ကြားရလို့ တောမှာ ပျော်ရွှင်မှုဆိုတာ ဖြစ်ပါတယ် ဘုရား"

http://www.dhammadownload.com



ဟု လျှောက်ထားကာ ဂါထာ ၆၀ တို့ဖြင့် တောချီးမွမ်းခန်း ဖွင့်လေသည်။ မြတ်စွာဘုရား မေးသမျှကို ရှင်တိဿ ဖြေပြီးသောအခါ မြတ်စွာဘုရား သည် "တိဿ" ဟု ခေါ်တော်မူလိုက်သည်။

"ဘာပါလဲ မြတ်စွာဘုရား"

"ငါတို့ သွားတော့မယ်။ သင် လိုက်မလား၊ နေရစ်မလား"

"တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာက တပည့်တော်ကို ခေါ် ရင် လိုက် ပါမယ်၊ နေရစ်ဆိုရင် နေရစ်ခဲ့ပါမယ် ဘုရား။"

ဤသို့ မြတ်စွာဘုရားနှင့် ရှင်တိဿတို့ မေးဖြေကြပြီးသောအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်အတူ ပြန်ကြွတော်မူလေပြီ။ ရှင် တိဿမှာ နေရစ်ခဲ့လိုသော ဆန္ဒသာ ရှိနေသည်။ ရှင်တိဿဆန္ဒကို သိ သော အရှင်သာရိပုတ္တရာသည် "တိဿ နေရစ်ချင် နေရစ်ခဲ့လေ" ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရားနှင့်ရဟန်းအပေါင်းကို ရှိခိုးကာ နေရစ် လေတော့သည်။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့သာ ကြွသွားတော်မူလေပြီ။

http://www.dhammadownload.com

## ၂၅။ ဖခင်စိတ်ရှိသော အရှင်သာရိပုတ္တရာ

ဤဝတ္ထု၌ အရှင်သာရိပုတ္တရာသည် ရှင်တိဿကို အနီးကပ်ဆုံးမပေးသည့် ဉပဇ္ဈာယ်ဆရာဖြစ်သည့်အလျောက် ဥပဇ္ဈာယ်ဆရာသည် 'တပည့်အပေါ် ဖခင်စိတ်ထားရမည်' ဟူသော ဘုရားရှင်၏ အမိန့်တော်အတိုင်း ရှင်တိဿအပေါ် အရှင်သာရိပုတ္တရာ၏ ကြောင့်ကြကြီးတော်မူပုံ၊ ကြင်နာသနားပုံ၊ ဂရုစိုက်ပုံ၊ ချီးမြှောက်ပုံတို့ကို မြင်တွေ့ရသောအခါ ဖခင်စိတ်ရှိသော အရှင်သာရိပုတ္တရာကို ကြည်ညိုမိပါသည်။ အရှင်သာရိပုတ္တရာသည် တပည့်အလိမ္မာလေးတို့ကို များစွာ လိုလားတော်မူသည့်အတိုင်းပင် တပည့်တွေကို အလိမ္မာလေးတွေ ဖြစ်လာအောင် ဆောင်ရွက်ပေးတော်မူပါသည်။ ရှင်တိဿလေးကို ပုံကောင်းသွင်းပေးထားသဖြင့် ရှင်တိဿလေးသည် မည်မျှကြည်ညိုစရာကောင်းပါလေသနည်း။ အကယ်၍ စာရှုသူသည် အရှင်တိဿလေးကို မြင်တွေ့ခွင့်ရခဲ့လျှင် စာရှုသူ၏ရင်မှာ ပီတိလှိုင်းတွေ ရိုက်ခတ်နေပါလိမ့်မည်။

ရှင်တိဿလေးသာ စာရှုသူ၏ သားလေး ဖြစ်ခဲ့လျှင်မူ စာရှုသူ၏ ရင်မှာ ပီတိလှိုင်းတွေ အတိုင်းအတာမရှိ ရိုက်ခတ်နေပါလိမ့်မည်။ သာသနာ့ဖခင်ဖြစ်နေသည့် အရှင်သာရိပုတ္တရာမှာမူကား ရှင်တိဿလေးနှင့်စပ်၍ ပီတိရေယဉ်တသွင်သွင် စီးဆင်းနေပေလိမ့်မည်။

http://www.dhammadownload.com



သာသနာတော်တွင် အရှင်သာရိပုတ္တရာအသွင် ဖခင်စိတ် အစဉ်ရှိသော သာသနာ့ဖခင်တွေ များများရှိဖို့ လိုအပ်လှပါပေ၏။ သားသမီးတို့ကို မွေးပြီး ပစ်ထားလျှင် မိဘတို့တွင် တာဝန်မကျေချေ။ မိဘတာဝန် ကျေပွန်သော မိဘမှန်လျှင် မွေးပြီး ပစ်မထားကြပေ။ ပြုစုစောင့်ရှောက်ကြပေ၏။ သာသနာ့ဖခင် အရှင်မြတ်တို့သည်လည်း အရှင်သာရိပုတ္တရာကို စံနမူနာထားကာ သားသမီးသဖွယ်ဖြစ်သော တပည့်များကို ဖခင်စိတ်ထား၍ ချီးမြှောက်စောင့်ရှောက် ထောက်ပံ့သင့်လှပါပေသည်။

http://www.dhammadownload.com

## ၂၆။ ဝါဒတစ်ထောင်စီ တတ်သော ညီမ ၄ ယောက်နှင့် ဝါဒယှဉ်ပြိုင်သော အရှင်သာရိပုတ္တရာ

### ပညာတတ်မောင်နှမ ၅ ယောက်

သစ္စကပရိဗိုဇ်တွင် ၁။ သစ္စာ၊ ၂။ လောလာ၊ ၃။ အဝဓာရိကာ၊ ၄။ ပဋိစ္ဆာဒါ ဟူသော အစ်မ ၄ ယောက်ရှိ၏။ ထိုမောင်နှင့် အစ်မ ၄ ယောက်တို့သည် တတ်သိနားလည်သည့် အရွယ်သို့ ရောက်ကြသော အခါ အမိဘက်မှ ဝါဒ ၅၀၀၊ အဖဘက်မှ ဝါဒ ၅၀၀ အားဖြင့် အယူဝါဒ ၁၀၀၀ ကို သင်ကြားတတ်မြောက်ကြ၏။ မိဘနှစ်ဦးတို့သည် သမီး ၄ ယောက်တို့အား -

"ချစ်သမီးတို့၊ လူဖြစ်သူ တစ်ဦးတစ်ယောက်က သင် ချစ်သမီးတို့ရဲ့ အယူဝါဒကို ပြေလည်အောင် ဖြေဆိုလျက် ချေဖျက်နိုင်ခဲ့လျှင် ထိုလူ့ထံမှာ မိမိကိုယ်ကို ဆောင်နှင်းပြီး ခြေရင်းအလုပ်အကျွေး (မယား) ပြုကာ နေကြပါလေ။ ရဟန်းဖြစ်သူ တစ်ဦးတစ်ယောက်က သင် ချစ်သမီးတို့ရဲ့ အယူဝါဒကို ပြေလည်အောင် ဖြေဆိုလျက် ချေဖျက်နိုင်ခဲ့လျှင် ထိုရဟန်းထံမှာ ရဟန်းမ (ဘိက္ခုနီ) ပြုကြပါလေ" ဟူ၍ ဆုံးမစကား ပြောကြားကြလေကုန်၏။

နောင်တစ်ချိန်၌ မိဘနှစ်ပါး ကွယ်လွန်သောအခါ မောင်ငယ် ဖြစ်သော သစ္စကပဗိုဇ်သည် အစ်မကြီး ၄ ယောက်တို့ထက် ဉာဏ်ပညာ

http://www.dhammadownload.com



သာလွန်သဖြင့် မိဘတို့ထံမှ အယူဝါဒ ၁၀၀၀ ကိုလည်းကောင်း၊ ထိုထက် များစွာသော သာသနာပြင်ပ ဝါဒများကိုလည်းကောင်း သင်ယူပြီး အရပ် တစ်ပါးသို့ မသွားတော့ဘဲ လိစ္ဆဝီမင်းသားငယ်များအား အတတ်ပညာ သင်ပေးလျက် ဝေသာလီပြည်၌ပင် နေထိုင်လေ၏။ "ပညာဖြင့် မဆန့်နိုင် လောက်အောင်ပင် အလွန်ပြည့်နေသောကြောင့် ငါ့ဝမ်းဗိုက်သည် ကွဲ ပေါက်လေရာ၏" ဟု တွေးကာ ကြောက်ရွံ့ပြီး သံပြားဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်၍ လှည့်လည်နေထိုင်လေ၏။

သစ္စကပရိဗိုဇ်၏ အစ်မများဖြစ်ကြသော ပရိဗိုဇ်မ ၄ ယောက်တို့ သည် "ဤဇမ္ဗူဒိပ်ကျွန်းသည် ဇမ္ဗုသပြေပင်ဖြင့် ထင်ရှားသော ကျွန်း ဖြစ်သည်" ဟု တွေးကာ သပြေခက်ကို ကိုယ်စီကိုင ကိုင်ယူကြပြီး ဝါဒ ယှဉ်ပြိုင်ရန်အလို့ငှာ တစ်မြို့မှ တစ်မြို့သို့၊ တစ်နယ်မှ တစ်နယ်သို့ လှည့် လည်ကြလျက် ရောက်လေရာရာ မြို့ရွာတံခါးဝ၌ သဲပုံ၌ဖြစ်စေ၊ မြေပုံ ၌ဖြစ်စေ သပြေခက်ကို စိုက်ထူကြပြီး "အကြင်သူသည် ငါတို့၏ ဝါဒ အပေါ်မှာ အပြစ်တင်ခြင်းငှာ စွမ်းနိုင်၏။ ထိုသူသည် ဤသပြေခက်ကို နင်းနယ်ချေဖျက်လော့" ဟု ပြောဆိုမှာကြား၍ မြို့တွင်း ရွာတွင်းသို့ ဝင်သွားလေ့ရှိကြကုန်၏။

ဤသို့လျှင် တစ်ရွာမှ တစ်ရွာ၊ တစ်မြို့မှ တစ်မြို့သို့ လှည့်လည်ကြ ကုန်သည်ရှိသော် အစဉ်သဖြင့် သာဝတ္ထိမြို့သို့ ရောက်၍ မြို့တံခါး၌ သပြေခက်ကို စိုက်ထူကြပြီး "လူဖြစ်စေ၊ ရဟန်းဖြစ်စေ ငါတို့၏ အယူဝါဒ အပေါ်မှာ အပြစ်တင်ပြစွမ်းနိုင်သောသူသည် ဤမြေပုံကို ခြေဖြင့် ကန် ကျောက်ပြန့်ကျဲအောင် ပြု၍ ခြေဖြင့်ပင်လျှင် သပြေခက်ကို နင်းနယ်ချေ ဖျက်စေသတည်း"ဟု အနီးအနားသို့ ရောက်ရှိလာသော ကလေး သူငယ် တို့အား မှာကြားပြောဆိုခဲ့ပြီး သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ကြလေ ကုန်၏။

http://www.dhammadownload.com



## ညီအစ်မ ၄ ယောက်နှင့် အရှင်သာရိပုတ္တရာ

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဇေတဝန်ကျောင်းတိုက်တော်အတွင်း တံမြက်မလှည်းရသေးသော အရပ်များကို တံမြက်လှည်းတော်မူပြီး ရေမရှိသော အိုးများ၌ သောက်ရေ သုံးဆောင်ရေကို အပြည့်တည်ထားလျက် မမာမကျန်းသော ရဟန်းများကိုလည်း ပြုစုလုပ်ကျွေးတော်မူကာ အလွန်နေမြင့်မှ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်ရန် ကြွတော်မူလတ်သော် မြို့တံခါးဝ၌ စိုက်ထားသော သပြေခက်ကို မြင်တော်မူ၍ ကလေးသူငယ်များကို ထိုသပြေခက်အကြောင်းကို မေးမြန်းတော်မူလေ၏။ ကလေးသူငယ်တို့သည်လည်း ထိုအကြောင်းကို အပြည့်အစုံ ပြန်ကြားလျှောက်ထားကြလေကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ကလေးသူငယ်တို့ကို -

"သူငယ်တို့၊ ဒီလိုဆိုရင် အဲဒီသပြေခက်ကို နင်းနယ်ချေဖျက်ကြကုန်လော့" ဟူ၍ မိန့်တော်မူ၏။ သူငယ်တို့သည် -

"အရှင်ဘုရား၊ တပည့်တော်တို့ မနင်းနယ် မချေဖျက်ဝံ့ကြပါ။ ကြောက်ကြပါကုန်၏" ဟု ဆိုကြလေ၏။

"သူငယ်တို့ မကြောက်ကြလင့်။ 'အဘယ်သူက ငါတို့၏ သပြေခက်ကို ချေဖျက်စေအပ်သနည်း' ဟု မောင်တို့ကို မေးလေလျှင် 'မြတ်စွာဘုရား၏ တပည့်သာဝကကြီးဖြစ်သော သာရိပုတ္တရာမထေရ်က နင်းနယ် ချေဖျက်စေအပ်သည်။ ပရိဗိုဇ်မတို့ အယူဝါဒ ယှဉ်ပြိုင်လိုကြလျှင် ဇေတဝန်ကျောင်းတိုက်တော်၌ နေထိုင်တော်မူသော အရှင်သာရိပုတ္တရာထံသို့ သွားကြလော့' ဟု ရဲရဲဝံ့ဝံ့သာ အမောင်တို့ ပြောလိုက်ကြ" ဟူ၍ အရှင်သာရိပုတ္တရာက မိန့်တော်မူသောအခါ ကလေးသူငယ်တို့သည် အရှင်သာရိပုတ္တရာ၏ စကားကို ကြားရသဖြင့် အားတက်သရောဖြစ်ကာ သပြေခက်ကို နင်းနယ်ချေဖျက်၍ စွန့်ပစ်လိုက်ကြလေကုန်၏။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာသည် ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဇေတဝန်ကျော င်းတိုက်တော်သို့ ပြန်ကြွတော်မူလေ၏။

ပရိဗိုဇ်မ ၄ ယောက်တို့သည်လည်း မြို့မှ ထွက်ပြီး ကလေးများကို -

"မောင်တို့ကို အဘယ်သူက ငါတို့၏ သပြေခက်ကို ချေဖျက်စေအပ်သနည်း" ဟူ၍ မေးကြကုန်၏။ ကလေးတို့သည် ထိုအကြောင်းကို ပြောပြကြလေ၏။ ပရိဗိုဇ်မ ၄ ယောက်တို့သည် မြို့တွင်းသို့ ပြန်ဝင်သွားကြပြီး တစ်ယောက်လျှင် တစ်လမ်းကျစီ တာဝန်ယူကာ -

"မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော သာရိပုတ္တရာ မည်သော သူသည် ငါတို့နှင့် ဝါဒယှဉ်ပြိုင်မှု ပြုလုပ်မည်တဲ့။ နားထောင်လိုသူ မြို့သူမြို့သားတို့ ထွက်ကြကုန်လော့" ဟု ကြွေးကြော်ကြကုန်၏။ မြို့သူမြို့သားတို့သည် အုတ်အုတ်ကျက်ကျက် ထွက်ခဲ့ကြလေပြီ။ ထိုမြို့သူမြို့သားတို့နှင့် အတူတကွ ပရိဗိုဇ်မ ၄ ယောက်တို့သည် ဇေတဝန်ကျောင်းသို့ သွားကြလေသည်။

## မာနရှင်တို့၏ မာန ကျိုးကြလေပြီ

အရှင်သာရိပုတ္တရာသည် "ငါတို့၏ နေရာဌာန၌ အမျိုးသမီးများ လာရောက်ခြင်းသည် မသင့်လျော်ချေ" ဟု ဆင်ခြင်တော်မူကာ ကျောင်းတိုက်အလယ်၌ အသင့်နေတော်မူနှင့်၏။ ပရိဗိုဇ်မတို့သည် အရှင်သာရိပုတ္တရာထံသို့ ရောက်သော အခါ အရှင်သာရိပုတ္တရာကို -

"သင်တို့သည် ငါတို့၏ သပြေခက်ကို ချေဖျက်စေအပ်သလော" ဟု မေးကြကုန်၏။

"အေး ငါသည် ချေဖျက်စေအပ်ပြီ" ဟု အရှင်သာရိပုတ္တရာက မိန့်တော်မူလေသော် ပရိဗိုဇ်မတို့သည် -

"ငါတို့သည် သင်တို့နှင့် ဝါဒယှဉ်ပြိုင်မှုပြုကုန်အံ့" ဟု ပြောကြ၏။ ထိုအခါ အရှင်သာရိပုတ္တရာက -

http://www.dhammadownload.com



"ကောင်းပြီ၊ ဝါဒယှဉ်ပြိုင်မှု ပြုကြကုန်လော့။ အဘယ်သူ စတင်မေးပြီး အဘယ်သူက ဖြေဆိုစေလိုသနည်း" ဟု မေးတော်မူသောအခါ ပရိဗိုဇ်မတို့သည် -

"အမေးပုစ္ဆာမည်သည် ငါတို့အား ရောက်၏" ဟု ဆိုကြ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် -

"သင်တို့ကား အမျိုးသမီးများ ဖြစ်ကြသည်။ ရှေးဦးစွာ သင်တို့ မေးကြလော့" ဟူ၍ မိန့်တော်မူ၏။

ထိုပရိဗိုဇ်မ ၄ ယောက်တို့သည်လည်း အရပ် ၄ မျက်နှာတို့၌ ရပ်တည်ကာ မိဘတို့ထံမှ သင်ယူထားအပ်သော ဝါဒ ၁၀၀၀ ကို မေးကြလေ၏။ အရှင်သာရိပုတ္တရာသည် သန်လျက်ဖြင့် ကြာရိုးကို တိခနဲ ပြတ်အောင် ဖြတ်သကဲ့သို့ မေးအပ်တိုင်း မေးအပ်တိုင်းသော ပြဿနာတို့ကို အရှုပ်အထွေး အဖုအထစ် မရှိအောင် ဖြေကြားတော်မူလေသည်။ ထိုသို့ ဖြေကြားပြီးသောအခါ -

"နောက်တစ်ဖန် မေးကြဦးလော့" ဟု ဖိတ်မန်စကား ထပ်၍ မိန့်ကြားတော်မူလေသည်။ ထိုအခါ ပရိဗိုဇ်မ ၄ ယောက်တို့သည် မာန်မာန ကျိုးနွံကာ -

"အရှင်ဘုရား၊ အကျွန်ုပ်တို့ ဤမျှသာ သိကြပါသည်" ဟု လျှောက်ထားကြလေသည်။

## ရဟန္တာတွေ ပြောကြလေပြီ

ထိုအခါ အရှင်သာရိပုတ္တရာသည် -

"ပရိဗိုဇ်မတို့၊ သင်တို့မေးမြန်းအပ်သော ဝါဒတစ်ထောင်ကို ငါဖြေဆိုပြီးပြီ။ ငါကား သင်တို့ကို ပြဿနာတစ်ခုကိုသာလျှင် မေးပေအံ့။ ထိုပြဿနာကို သင်တို့ ဖြေဆိုကြလော့" ဟု မိန့်တော်မူသောအခါ ပရိဗိုဇ်မ ၄ ယောက်တို့သည် အရှင်သာရိပုတ္တရာ၏ အခြေအနေကို ကြည့်ကာ-

http://www.dhammadownload.com



"အရှင်ဘုရားတို့ မေးကြပါကုန်။ တပည့်တော်မတို့ သိလျှင် ဖြေကြပါမည်" ဟုသာ လျှော့၍ လျှောက်ထားကြလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် -

"ပရိဗိုဇ်မတို့၊ ယခု ငါ မေးမည့်ပြဿနာသည် အထက်တန်းစား ပြဿနာကြီး မဟုတ်သေးချေ။ ရှင်လောင်းတို့ ရှင်ပြုပြီးသောအခါ အစအဆုံး သင်ကြားပေးအပ်သော ပြဿနာ ဖြစ်သည်" ဟု စကားပလ္လင်ခံတော်မူပြီး "ဧကံ နာမ ကိံ =ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့် တစ်ခုသော တရားမည်သည် အဘယ်တရား ဖြစ်သနည်း" ဟု မေးမြန်းတော်မူသည်။

ပရိဗိုဇ်မ ၄ ယောက်တို့သည် အရှင်သာရိပုတ္တရာ မေးအပ်သော ပြဿနာ၏အဖြေကို အစွန်းအစမျှ မမြင်ဘဲ ရှိကြလေသည်။ အရှင်သာရိပုတ္တရာသည် -

"ပရိဗိုဇ်မတို့ ဖြေကြလော့" ဟု မိန့်တော်မူပြန်လေ၏။

"အရှင်ဘုရား၊ တပည့်တော်မတို့သည် ထိုပြဿနာ၏ အဖြေကို အစွန်းအစမျှ မမြင်ကြပါကုန်" ဟု ပရိဗိုဇ်မတို့က ဝန်ခံစကား လျှောက်ထားကြသောအခါ အရှင်သာရိပုတ္တရာသည် -

"သင်တို့မေးအပ်သော ဝါဒတစ်ထောင်ကို ငါကား ဖြေပြီးပြီ။ သင်တို့ကား ငါ၏ အမေးပုစ္ဆာ ပြဿနာတစ်ခုကိုမျှ မဖြေဆိုနိုင်ကြကုန်။ ဤသို့ဖြစ်လျှင် အဘယ်သူက နိုင်၍ အဘယ်သူက ရှုံးသနည်း" မေးတော်မူ၏။

"အရှင်ဘုရား၊ အရှင်ဘုရားတို့က အောင်နိုင်၍ တပည့်တော်မတို့က ရှုံးနိမ့်ပါသည် ဘုရား" ဟု ပရိဗိုဇ်မတို့က ပြန်ကြားလျှောက်ထားသောအခါ -

"ထိုသို့ဖြစ်လျှင် ယခုအခါ သင်တို့သည် အဘယ်သို့ ပြုကြမည်နည်း" ဟု အရှင်သာရိပုတ္တရာက မေး၏။ ပရိဗိုဇ်မတို့သည် မိဘတို့ မှာ

http://www.dhammadownload.com



ကြားအပ်သည့် ဩဝါဒစကားကို အရှင်သာရိပုတ္တရာအား လျှောက်ထားကြပြီး-

"အရှင်မြတ်တို့အထံ၌ ရဟန်းမ (ဘိက္ခုနီ) ပြုလုပ်ကြကုန်အံ့" ဟု ပြန်ကြားလျှောက်ထားကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် -

"သင်တို့ အမျိုးသမီးများမည်သည် ငါတို့ထံ၌ ရဟန်းမ (ဘိက္ခုနီ) ပြုလုပ်ရန် မအပ်စပ်။ ငါတို့၏ အမှာသတင်းစကားကို ယူဆောင်ပြီး ဘိက္ခုနီမ ကျောင်းတိုက်သို့ သွားရောက်ကာ ရဟန်းမ (ဘိက္ခုနီ) ပြုလုပ်ကြကုန်လော့" ဟု မိန့်တော်မူလေ၏။ ပရိဗိုဇ်မ ၄ ယောက်တို့သည် -

"ကောင်းပါပြီ" ဟု ဝန်ခံပြီး အရှင်သာရိပုတ္တရာ၏ အမှာသတင်းစကားကို ယူဆောင်ကာ ဘိက္ခုနီသံဃာအထံသို့ သွားရောက်ပြီး ဘိက္ခုနီ ပြုလုပ်ကြကုန်လေ၏။ ဘိက္ခုနီ ပြုလုပ်ကြပြီးသောအခါ ရဟန်းတရားကို မမေ့မလျော့ ပွားများကြိုးကုတ်အားထုတ်ကြသဖြင့် မကြာမီပင် ရဟန္တာမတွေ ဖြစ်ကြလေ၏။

http://www.dhammadownload.com

## ၂၇။ ကုဏ္ဍလကေသာနှင့် အရှင်သာရိပုတ္တရာ

ကုဏ္ဍလကေသာသည်လည်း ဤပရိဗိုဇ်မ ၄ ယောက်ကဲ့သို့ အရှင်သာရိပုတ္တရာနှင့် ဝါဒယှဉ်ပြိုင်ရာ ကုဏ္ဍလကေသာ မေးသမျှ အရှင်သာရိပုတ္တရာ ဖြေပြီးသောအခါ အရှင်သာရိပုတ္တရာက ကုဏ္ဍလကေသာအား "(ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့်) တစ်ခုသော တရားမည်သည် အဘယ်နည်း" ဟု မေးတော်မူ၏။ ထိုအခါ "ဤပြဿနာကို ဤသို့ ဖြေရမည်" ဟု ကုဏ္ဍလကေသာ မသိ ဖြစ်နေ၏။ သို့ဖြစ်၍ "ထိုတစ်ခုသော တရားမည်သည် အဘယ်တရားပါလဲ ဘုရား" ဟု လျှောက်ထားလေသဖြင့် အရှင်သာရိပုတ္တက "ဗုဒ္ဓပဥ (ဗုဒ္ဓမန္တ) ပဲ နှမတော်" ဟု မိန့်ကြားသောအခါ သူမအား ထိုဗုဒ္ဓမန္တန်ကို ပေးဖို့ ကုဏ္ဍလကေသာ တောင်းပန်လျှောက်ထားသဖြင့် "ငါတို့လို သာသနာ့အသွင်ဆောင်မှ ပေးမည်" ဟု အရှင်သာရိပုတ္တရာက မိန့်ကြားတော်မူလေသည်။ ကုဏ္ဍလကေသာက သူမကို ဘိက္ခုနီလုပ်ပေးဖို့ တောင်းပန်လျှောက်ထားလေရာ အရှင်သာရိပုတ္တရာသည် ဘိက္ခုနီတို့အား ပြောကြား၍ ဘိက္ခုနီဝတ်စေ၏။ကုဏ္ဍလကေသာသည် ဘိက္ခုနီဝတ်ပြီး၍ မကြာမီ ပဋိသမ္ဘိဒါ ၄ ပါးနှင့် တကွ ရဟန္တာ ဖြစ်လေပြီ။

http://www.dhammadownload.com



ကုဏ္ဍလကေသာကား ရာဇဂြိုဟ်မြို့မှ သူဌေးသမီးလေးတစ်ဦး ဖြစ်သည်။ အသက် ၁၆ နှစ်ရှိပြီး အင်မတန်ချောမောလှပသည်။ ၇ ထပ်ရှိ တိုက်ခန်းပေါ်မှ လမ်းလေးခွ၌ ကြိုးတို့ဖြင့် လက်ပြန်တုတ်ချည်ခံရကာ ရိုက်နှက်ခံရပြီး သူသတ်ကုန်းသို့ ခေါ်ဆောင်သွားခံရသော သတ္တုက သူခိုးကို လှမ်းမြင်လေရာ "သူ့ကိုမရလျှင်ဖြင့် သေရပါလိမ့်မည်"ဟု မိဘတို့ အား ပူဆာသဖြင့် သမီးဆန္ဒအတိုင်း ဆောင်ရွက်ပေးကာ ပေးစားထား ရာ ရက်အနည်းငယ် ကြာသောအခါ သူခိုးဇာတိ ပြလာသော သတ္တုက သည် ကုဏ္ဍလကေသာကို သတ်ပြီး သူမ၏ ပစ္စည်းတို့ကို ရယူပိုင်ဆိုင်လို သဖြင့် လိမ်ညာပြီး သူခိုးတို့ကို ပစ်ချရာ တောင်ပေါ်သို့ ခေါ်သွားရာ ပါးနပ်သော ကုဏ္ဍလကေသာက အလိမ္မာသုံးကာ ချောက်ထဲသို့ သတ္တုက ကို တွန်းချခဲ့ပြီး ပရိဗိုဇ်၏ အာရာမ်သို့ သွားကာ ရဟန်းမ ပြုလုပ်၍ ဝါဒ တစ်ထောင် သင်ယူတတ်မြောက်ပြီး သစ္စက၏ အစ်မ ၄ ယောက်ပမာ ဇမ္ဗူဒိပ်မှာ လှည့်လည်ကာ ဝါဒယှဉ်ပြိုင်ခဲ့ပေသည်။

ငါလိုလူ ဇမ္ဗူဒိပ်မှာ ရှိသေးလားဟူ၍ မာနတံခွန်ကို တလူလူ စိုက် ထူခဲ့ကြသော သစ္စက၏ အစ်မ ၄ ယောက်နှင့် ကုဏ္ဍလကေသာတို့သည် အရှင်သာရိပုတ္တရာ၏ ရှေ့တော်မှောက်ဝယ် "သူလိုလူ ဇမ္ဗူမှာ ရှိနေပါ လား" ဟူ၍ တွေးကာ မာနတံခွန်တို့ လဲပြိုကြလေတော့ပြီ။ နေရောင်နှင့် တွေ့ထိရသော နှင်းပေါက်တို့ပမာ ဖြစ်ကြလေကုန်ပြီ။ သူတို့သည် ဇမ္ဗူ တစ်လွှားမှာ ခြင်္သေ့ပမာ ဟိန်းဟောက်နိုင်ခဲ့သော်လည်း အသာလွန်ဆုံး (ဧတဒဂ်) ဘွဲ့ထူးဖြင့် ဘုရားရှင်၏ ချီးမြှင့်ခံရထားသော တရားစစ်သူကြီး အရှင်သာရိပုတ္တရာမှာ ဝါဒထောင်ပေါင်း သောင်းပေါင်းများစွာ တတ် သော လူတွေ ထောင်ပေါင်း သောင်းပေါင်းများစွာနှင့် ဝါဒယှဉ်ပြိုင်သော် လည်း အောင်နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။ ထိုကဲ့သို့သော လူတို့၏ မိစ္ဆာဝါဒအမှောင်တွေကို ခွင်း၍ သမ္မာဝါဒအလင်းရောင်ကို ပေးနိုင်မည်မှာ သေချာလှပါသတည်း။

http://www.dhammadownload.com

## ၂၈။ အရှင်ဒေဝဒတ်နောက် လိုက်ပါသွားသော ဝဇ္ဇီတိုင်းသား ရဟန်းငယ် ၅၀၀ နှင့် အရှင်သာရိပုတ္တရာ

အရှင်ဒေဝဒတ်သည် ဝိနည်းမကျွမ်းကျင်သေးသော ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းငယ် ၅၀၀ ကို သံဃာသင်းခွဲပြီး ဂယာသီသအရပ်သို့ ခေါ်ဆောင်သွားသဖြင့် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့ ဘုရားထံ သွားပြီး အရှင်သာရိပုတ္တရာက ဘုရားအား ထိုအကြောင်းကို လျှောက်ထားလေသည်။

"သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့၊ အဲဒီဝဇ္ဇီတိုင်းသား ရဟန်းငယ်လေးတွေကို သင်တို့ မသနားကြဘူးလား။ အဲဒီရဟန်းငယ်တွေ အကျိုးမဲ့ မပျက်စီးသေးမီ သင်တို့ သွားကြ" ဟု ဘုရားရှင်က မိန့်တော်မူသဖြင့် အရှင်ဒေဝဒတ်ရှိရာ ဂယာသီသသို့ သွားခဲ့ကြသည်။ ထိုအခါ ရဟန်းတစ်ပါးက ဘုရားအနားတွင် ငိုလျက် ရပ်တည်နေသဖြင့် ဘုရားက ထိုရဟန်းအား -

"ရဟန်း အဘယ်ကြောင့် ငိုသနည်း" ဟု မေးသောအခါ -

"မြတ်စွာဘုရားရဲ့ အဂ္ဂသာဝက အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်တို့ အရှင်ဒေဝဒတ်ရဲ့ တရားကို ကြိုက်နှစ်သက်လို့ အရှင်ဒေဝဒတ်ထံ သွားကုန်ကြပါပြီ ဘုရား" ဟု လျှောက်ထားသဖြင့် -

"သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ဒေဝဒတ်၏တရားကို ကြိုက်နှစ်သက်စရာ အကြောင်းမရှိ၊ ဝဇ္ဇီတိုင်းသား ရဟန်းငယ်လေးတို့အား သိ

http://www.dhammadownload.com



နားလည်အောင် ပြောဟောကြဖို့ သွားကြသည်” ဟု မိန့်ကြားတော်မူလေသည်။

ပရိသတ်များစွာ ခြံရံလျက် တရားဟောပြီး ထိုင်နေသော အရှင်ဒေဝဒတ်သည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့ အဝေးမှလာနေသည်တို့ကို မြင်သဖြင့် -

“ရဟန်းတို့ ကြည့်ကြလော့။ ငါ ဟောတဲ့တရားက သိပ်ကောင်းတယ်။ ရဟန်း ဂေါတမရဲ့ အဂ္ဂသာဝက၊ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ငါ့တရား သဘောကျကြလို့ ငါ့ထံ လာနေကြပြီ” ဟု သူ့တပည့်တို့အား ပြောကြားနေလေသည်။ ထိုသို့ပြောသဖြင့် ကောကာလိက က -

“ငါ့ရှင် ဒေဝဒတ်၊ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့နှင့် အကျွမ်းမဝင်လေနှင့်။ သူတို့ဟာ အလိုဆိုး ရှိကြတယ်။ အလိုဆိုးရဲ့ ဆွဲဆောင်ရာသို့ ပါနေကြတယ်” အရှင်ဒေဝဒတ်အား ပြောလေရာ အရှင်ဒေဝဒတ်က

“ငါ့ရှင် ကောကာလိက ဒီလိုမပြောသင့်ဘူး။ သူတို့ဟာ ငါ့တရားနှစ်သက်သဘောကျလို့ လာတာဖြစ်တဲ့အတွက် သူတို့လာတာဟာ ကောင်းသော လာခြင်း ဖြစ်တယ်” ဟု ပြောပြနေလေသည်။

အရှင်ဒေဝဒတ်သည် -

“ငါ့ရှင် သာရိပုတ္တရာ လာပါ။ ဒီမှာ ထိုင်ပါ” ဟု သူထိုင်နေရာ နေရာ၏ တစ်ဝက်သော နေရာမှာ ထိုင်ဖို့ ဖိတ်မန်လေသည်။

“ငါ့ရှင် ဒေဝဒတ်၊ တော်ပြီ” ဟု အရှင်သာရိပုတ္တရာသည် အမိန့်ရှိပြီး အခြားထိုင်စရာတစ်ခုကို ယူကာ သင့်လျော်ရာ၌ ထိုင်လေသည်။ အရှင်မောဂ္ဂလ္လာန်သည်လည်း အခြားထိုင်စရာတစ်ခုကို ယူကာ သင့်လျော်ရာ၌ ထိုင်လေသည်။

အရှင်ဒေဝဒတ်သည် ညဥ့်ပိုင်း၌ အချိန်များစွာ ရဟန်းတို့အား တရားဟောပြီးသောအခါ -

http://www.dhammadownload.com



"ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းတွေလည်း မအိပ်ချင်ကြသေးဘူး။ ငါ့ရှင် တရားဆက်ဟောပါ။ ငါ ကျောညောင်းနေတယ်။ ကျောဆန့်လိုက်ဦးမယ်" ဟု ပြောသဖြင့် အရှင်သာရိပုတ္တရာသည် -

"ငါ့ရှင် ဒေဝဒတ် ကောင်းပြီ" ဟု အရှင်ဒေဝဒတ်အား ဝန်ခံစကား မိန့်ကြားတော်မူလေသည်။ အရှင်ဒေဝဒတ်သည် နှစ်ထပ်သင်္ကန်းကြီးကို လေးထပ်ခေါက်ပြီး ခင်းကာ လက်ယာနံစောင်းဖြင့် လျောင်းလေသည်။ ပင်ပန်းပြီး သတိဉာဏ်ကင်းမဲ့နေသော အရှင်ဒေဝဒတ်သည် ချက်ချင်း အိပ်ပျော်သွားလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် သူတစ်ပါး၏ စိတ်ကိုသိ၍ ဆုံးမခြင်း ပြာဋိဟာ ဟူသော တရားစကားဖြင့် ရဟန်းတို့ကို သွန်သင် ဆုံးမတော်မူလေသည်။ ထိုအခါ ရဟန်းငယ်တို့သည် သောတာပန် ဖြစ်သွားကြသည်။ အရှင်မောဂ္ဂလ္လာန်သည် တန်ခိုးပြ၍ ဆုံးမခြင်း ပြာဋိဟာ ဟူသော တရားစကားဖြင့် ရဟန်းတို့ကို သွန်သင်ဆုံးမတော်မူသည်။ ထိုအခါ ရဟန်းငယ်တို့သည် ရဟန္တာတွေ ဖြစ်သွားကြလေသည်။

"ငါ့ရှင်တို့ ငါတို့ ဘုရားထံ သွားကြတော့မယ်။ အဲဒီဘုရားရဲ့တရားကို သဘောကျသူတို့ လိုက်ခဲ့ကြ" ဟု မိန့်ပြီး ထိုရဟန်းငယ် ၅၀၀ ကို နောက်နေ့ အရုဏ်တက်ချိန်၌ ခေါ်ဆောင်ကာ ဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ပြန်လာခဲ့ကြလေသည်။

"မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာ ကြွသွားစဉ်က အရှင်မောဂ္ဂလ္လာန်အဖော်နဲ့သာ ကြွသွားခဲ့ပါတယ်။ အပြန်ခရီးမှာ ရဟန်း ၅၀၀ ခြံရံပြီး ကောင်းကင်ခရီးဖြင့် ကြွလာတော်မူသည်မှာ တင့်တယ်လှပါပေတယ် ဘုရား" ဟု ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားသဖြင့် -

"ရဟန်းတို့၊ သာရိပုတ္တရာဟာ ယခုအခါမှာသာ မိမိဆွေမျိုးအပေါင်း ခြံရံလျက် တင့်တယ်ခဲ့တာ မဟုတ်ဘူး။ ရှေးတုန်းကလည်း

http://www.dhammadownload.com



တင့်တယ်ခဲ့တာပဲ။ ဒေဝဒတ်ကတော့ ယခုမှသာ ဆွေမျိုးအပေါင်းမှ ယုတ်လျော့ရတာ မဟုတ်ဘူး။ ရှေးတုန်းကလည်း ဆုတ်ယုတ်ခဲ့တယ်" ဟု ဘုရားရှင်က မိန့်ကြားတော်မူသဖြင့် ရဟန်းတို့က ထိုအတိတ် အကြောင်းကို မိန့်ကြားတော်မူပါရန် ဘုရားရှင်အား လျှောက်ထား တောင်းဆိုကြလေသည်။ သို့ဖြစ်၍ အတိတ်အကြောင်းကို ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

## ၂၉။ ခေါင်းဆောင်ကောင်း ပီသသော အရှင်သာရိပုတ္တရာ

လွန်လေပြီးသောအခါ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ မဂဓမည်သော မင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် သမင်မျိုး၌ ပဋိသန္ဓေ ယူ၏။ မွေးဖွားပြီးနောက် အရွယ်ရောက်သောအခါ သမင်ပေါင်း တစ်ထောင် ခြံရံလျက် တော၌သာ နေ၏။ ထိုဘုရားလောင်းမှာ သားသမင် ၂ ကောင် ရှိလာ၏။ သား ၂ ကောင်၏အမည်မှာ လက္ခဏနှင့် ကာဠတို့ ဖြစ်ကြ၏။ ဘုရားလောင်းသည် အသက်ကြီးရင့်လာသောအခါ "ငါ့သားတို့ အဖေတော့ ယခုအခါ အိုမင်းလာပြီ။ ငါ့သားတို့ ဒီသမင်ပေါင်းတစ်ထောင်ကို ဦးဆောင်ကြလော့" ဟု ပြောကာ သား ၂ ယောက်အား ငါးရာစီ ခွဲဝေပေးလိုက်လေသည်။ ထိုအခါမှစ၍ သားသမင် ၂ ကောင်သည် သမင်ပေါင်းတစ်ထောင်ကို ဦးဆောင်ခဲ့လေသည်။

မဂဓတိုင်း၌လည်း ကောက်မှည့်ချိန်ရောက်သောအခါ ကောက်မှည့်ရာ တော၌ သမင်တို့မှာ ဘေးရန် ဖြစ်၏။ ကောက်ကို လာစားသည့် သမင်တို့ကို သတ်ဖို့ လူတို့သည် နေရာအနှံ့အပြား တွင်းကို တူးထားကြလေ၏။ တံကျင်တို့ကို စိုက်ထားကြလေ၏။ ကျောက်ယန္တရားတို့ကို လွှတ်ကြလေ၏။ စဉ်းလဲသော ကျော့ကွင်း စသည်တို့ကို ထောင်ထားကြလေ၏။ များစွာသော သမင်တို့ သေကျေပျက်စီးကြလေသည်။

http://www.dhammadownload.com



ဘုရားလောင်းသည် ကောက်ပြည့်စုံရာအခါကို သိသဖြင့် သား သမင် ၂ ကောင်ကို ခေါ်၍ "သားတို့ အခုအချိန်ဟာ ကောက်ပြည့်စုံရာ အခါ ဖြစ်တယ်။ သမင်ပေါင်းများစွာ သေကျေပျက်စီးကြတယ်။ အသက် ကြီးလာပြီဖြစ်တဲ့ ငါတို့ကတော့ တစ်စုံတစ်ခုသော ဥပါယ်တံမျဉ်နဲ့ အရပ် တစ်ပါးသွားပြီး အချိန်ကုန်လွန်စေကြမယ်။ ငါ့သားတို့ဟာ အခြံအရံ သမင်တွေကို ခေါ်ဆောင်ပြီး တောင်ခြေရင်းသို့ သွားကြ။ ကောက်တွေ ကို သိမ်းဆည်းပြီးတဲ့အခါမှ ပြန်လာကြ" ဟု ပြောလေ၏။ သားသမင် ၂ ကောင်တို့သည် "ကောင်းပါပြီ" ဟု အဖစကားကို နားထောင်၍ အခြံ အရံနှင့်တကွ တောင်ခြေရင်းသို့ ထွက်သွားကြလေပြီ။ လူတို့သည် သမင် တို့ကို တောင်တက်ရာအချိန်အခါ တောင်မှဆင်းရာအချိန်အခါ သမင်တို့ သွားရာလမ်းကို သိကြ၏။ ထို့ကြောင့် လူတို့သည် ဖုံးကွယ်ရာအရပ်၌ ပုန်းအောင်းကာ များစွာသော သမင်တို့ကို ပစ်သတ်ကြလေ၏။

ကာဠမည်သော သမင်သည် အသိဉာဏ် ညံ့ဖျင်းသဖြင့် မသွား သင့်ရာ အချိန်အခါကို မသိ။ ထို့ကြောင့် သူ့နောက်လိုက် သမင်အပေါင်း ကို ခေါ်ဆောင်ကာ နံနက်အခါ၊ ညချမ်းအခါ၊ ညဥ့်ဦးယံအခါ၊ မိုးသောက် ယံအခါတို့၌ ရွာတံခါးအနီးသို့ သွားလေ၏။ လူတို့သည် ဟိုဟိုဒီဒီအရပ် တို့၌ ရိုးရာအနေအထားဖြင့် ရပ်တည်ကြလျက်လည်းကောင်း၊ ပုန်း ကွယ်ကြလျက်လည်းကောင်း သမင်ပေါင်းများစွာကို သတ်ဖြတ်ကြလေ ၏။ ကာဠသမင်၏ နောက်လိုက်သမင်ပေါင်းများစွာ သေကြသည်။ အနည်းငယ်သာ မသေဘဲ ကျန်သည်။ ထိုအနည်းငယ်သော သမင်တို့နှင့် အတူ ကာဠသမင်သည် တောသို့ ဝင်လေသည်။

လက္ခဏ မည်သော သမင်သည်ကား ပညာရှိ၏။ လိမ္မာ၏။ အကြောင်းကို သိတတ်၏။ မသွားသင့်ရာ အချိန်အခါကို သိ၏။ ရွာ တံခါးနှင့် နီးသော အရပ်သို့ မသွား၊ နေ့၌လည်း မသွား၊ ညဥ့်ဦးယံအခါ၌ လည်း မသွား၊ မိုးသောက်ထအခါ၌လည်း မသွား။ သမင်ပေါင်းကို ခေါ်

http://www.dhammadownload.com



ဆောင်၍ သန်းခေါင်ယံအခါ၌သာ သွား၏။ ထို့ကြောင့် လက္ခဏာသမင်၏ အခြံအရံသမင်တို့မှာ တစ်ကောင်တလေမျှ မသေဘဲ တောထဲသို့ ဝင်ရလေ၏။

ထိုသမင်အပေါင်းတို့သည် ထိုတောထဲ၌ လေးလပတ်လုံး နေပြီး ကောက်သိမ်းဆည်းရာအခါ၌ တောင်မှ ဆင်းသက်လာကြသည်။ အပြန်ခရီး ကာဠသမင်မှာ နောက်လိုက်တစ်ကောင်မျှ ပါမလာတော့၊ သေခဲ့ကြလေပြီ။ လက္ခဏာသမင်၏ နောက်လိုက်သမင်တို့မှာ တစ်ကောင်မျှမသေ၊ လက္ခဏာသမင်သည် သမင်ပေါင်း ၅၀၀ ခြံရံလျက် ပြန်လာခဲ့လေသည်။ ဖခင် ဘုရားလောင်းသမင်သည် ပြန်လာသော သား ၂ ယောက်ကို ကြည့်ကာ သမင်အပေါင်းတို့နှင့်အတူ ဤသို့ ပြောဆိုလေ၏။

"အကျင့်သီလနှင့်ပြည့်စုံပြီး နောက်လိုက်အပေါင်းကို မကောင်းမှုမှ ရှောင်ကြဉ်ဖို့ ဆုံးမပေးမှု၊ သွားသင့်ရာသို့ သွားမှု၊ ဖျားနာသူတို့အား ပြုစုလုပ်ကျွေးမှု၊ တရားနှင့်လျော်စွာ စောင့်ရှောက်ပေးမှု ရှိသဖြင့် ၅၀၀ သော ဆွေမျိုးအပေါင်း ခြံရံလျက် ပြန်လာသော လက္ခဏာကို ကြည့်ပါလော့။ ဆွေမျိုးအဖော်တစ်ကောင်မျှ မပါတော့ဘဲ တစ်ကောင်တည်းသာ ပြန်လာသော ကာဠသမင်ကိုလည်း ကြည့်ပါလော့"

ဘုရားရှင်သည် -

"ရဟန်းတို့၊ သာရိပုတ္တရာဟာ ယခုအခါမှာသာ ဆွေမျိုးအပေါင်း ခြံရံလျက် တင့်တယ်သည် မဟုတ်သေး။ ရှေးအခါမှာလည်း တင့်တယ်ခဲ့ဖူးပြီ။ ဒေဝဒတ်သည် ယခုအခါမှာသာ အခြွေအရံမှ ကင်းသည်မဟုတ်သေး။ ရှေးအခါမှာလည်း ကင်းခဲ့ဖူးလေပြီ။

ရဟန်းတို့၊ ကာဠသမင်ဟာ ဒေဝဒတ်ဖြစ်ပြီး လက္ခဏာသမင်ဟာ သာရိပုတ္တရာ ဖြစ်ခဲ့တယ်။ လက္ခဏာနဲ့ ကာဠတို့ရဲ့ မိခင်က ရာဟုလာမယ်တော် ဖြစ်ခဲ့တယ်။ ဖခင်က ငါဘုရား ဖြစ်ခဲ့တယ်" ဟု မိန့်ကြား ဇာတ်ပေါင်းတော်မူလေသည်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာ အလောင်းအလျာ လက္ခဏာသမင်၌ အကျင့်သီလနှင့်ပြည့်စုံမှု၊ နောက်လိုက်အပေါင်းကို မကောင်းမှုမှ ရှောင်ကြဉ်ဖို့ ဆုံးမမှု၊ ကျက်စားသင့်ရာသို့ သွားမှု၊ ဖျားနာသူတို့အား ပြုစုလုပ်ကျွေးမှု၊ တရားနှင့်လျော်စွာ စောင့်ရှောက်မှုဟူသော အရည်အသွေးကောင်းတို့ တည်ရှိသဖြင့် အခြံအရံတို့နှင့် ပြည့်စုံခဲ့ပေသည်။ အရှင်သာရိပုတ္တရာသည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်းဝယ် ဤကဲ့သို့ အရည်အသွေးကောင်းတွေကို အထပ်ထပ်အခါခါ ဆည်းပူးတော်မူခဲ့ပေသည်။ အရှင်သာရိပုတ္တရာဘဝသို့ ရောက်လာသောအခါ၌မူ ထို အရည်အသွေးကောင်းတို့သည် အလွန်ပင် အားကောင်းတော်မူခဲ့ပေသည်။ အရှင်သာရိပုတ္တရာတို့မကယ်ဆယ်လျှင် ဒုက္ခဝဲဂယက်ထဲ နစ်ဖွယ်ရှိသည့် ဝင်္ဂီတိုင်းသား ရဟန်းငယ်လေးတို့အား အရှင်သာရိပုတ္တရာသည် လွန်စွာသနားတော်မူခဲ့သည်။ လွန်စွာသနားတော်မူရုံမက သူတစ်ပါး စိတ်ကို သိ၍ ဆုံးမခြင်း ပြာဋိဟာဖြင့်လည်း တရားစကား မိန့်ကြားတော်မူခဲ့ပေသည်။ ကရုဏာ ပညာ ၂ ပါးစုံသော ခေါင်းဆောင်ကောင်းတွင် နောက်လိုက်နောက်ပါ များစွာ ရှိတတ်သော သဘာဝအရ ကရုဏာ ပညာကြီးမားသော အရှင်သာရိပုတ္တရာမှာ နောက်လိုက် နောက်ပါ အခြံအရံများစွာဖြင့် တင့်တယ်နေသည်မှာ ခေါင်းဆောင်ကောင်းဖြစ်လိုသူတို့ သတိပြုဖွယ် ကြည်ညိုအတုယူဖွယ် ဖြစ်နေပါသည်။

http://www.dhammadownload.com

## ၃၀။ ဘီလူး ရိုက်နှက်ခံရသော အရှင်သာရိပုတ္တရာ

တစ်ချိန်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူနေ၏။ ထိုအခါ အရှင်သာရိပုတ္တရာနှင့်အရှင် မောဂ္ဂလ္လာန်တို့သည် ရာဇဂြိုဟ်ပြည်အနီးရှိ ရှေးအခါက ခိုငှက်တွေ နေသဖြင့် ခိုတွေပေါသော 'ခိုတောင်ကြား' သို့ သွားကာ သီတင်းသုံးတော်မူ၏။ ထိုသို့နေစဉ် တစ်နေ့သ၌ ဦးခေါင်းရိတ်ပြီးစဖြစ်သော အရှင်သာရိပုတ္တရာသည် လွင်တီးခေါင်သို့ထွက်ပြီး လဆန်းပိုင်းတွင် ညချမ်းအချိန်၌ သက်နှင်းကြီးကို ရုံကာ ထိုင်၍ ဖလသမာပတ် ဝင်စားတော်မူနေ၏။ တောက်ပသော လရောင်အောက်တွင် ရိတ်ပြီးစ ဦးခေါင်းတော်သည် ပြောင်လက်လျက် နေလေ၏။

ထိုအချိန်တွင် သူငယ်ချင်းဘီလူးနှစ်ကောင်သည် ဝေဿဝဏ်နတ်မင်းကြီးထံ ဘီလူးအစည်းအဝေးပြီး၍ မိမိနေရာပြန်ရန် မြောက်အရပ်မှ တောင်အရပ်သို့ သွားကြလေရာ တောက်ပသော လရောင်အောက်တွင် လွင်တီးခေါင်၌ ရိတ်ပြီးစ ဦးခေါင်းတော်ဖြင့် ထိုင်နေသော အရှင်သာရိပုတ္တရာကို မြင်ကြလေသည်။ အတိတ်ဘဝက အရှင်သာရိပုတ္တရာအပေါ် ရန်ငြိုးထားခဲ့သော ဘီလူးတစ်ကောင်က သူ့အဖော်ဘီလူးအား "သူငယ်ချင်း၊ ဒီရဟန်းရဲ့ဦးခေါင်းကို ငါ ရိုက်ချင်တယ်" ဟု သုံးကြိမ်ပြောသဖြင့် "သူငယ်ချင်း မတော်ဘူး။ ရဟန်းကို မပြစ်မှားနဲ့၊ မထိပါးနဲ့၊ မနှိပ်စက်နဲ့၊ သူငယ်ချင်း အဲဒီရဟန်းဟာ မြင့်မြတ်တဲ့ သီလစတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံတယ်၊ တန်ခိုးကြီးတယ်၊ အာနုဘော်ကြီးတယ်" ဟု သုံးကြိမ်

http://www.dhammadownload.com



တားမြစ်ရလေသည်။ သို့သော် တားမြစ်သော ဘီလူး၏စကားကို မနာယူဘဲ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို လက်သီးဆုပ်ဖြင့် ကောင်းကင်မှာ ရပ်တည်ရင်း တအားကုန် ထုရိုက်လိုက်လေ၏။

ထိုဘီလူး၏ ပြင်းထန်သော ရိုက်ချက်ကြောင့် ဆင်တိုင်းသည့် အတောင်ဖြင့် ၇ တောင် ၇ ဘောင်ခွဲရှိသည့် ဆင်ပြောင်ကြီးသော်မှ မြေကြီးထဲ မြုပ်ဝင်သွားနိုင်လေ၏။ မှုန့်မှုန့်ညက်ညက် ဖြစ်သွားနိုင်လေ၏။ တောင်ထွတ်ကြီးသော်မှ အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးသွားနိုင်လေ၏။ ထိုမျှလောက် လက်သီးဒဏ်ချက်ပြင်းထန်သော ဘီလူး၏ ကိုယ်မှာ အကြီးအကျယ် ပူလောင်လာလေသည်။ ပူလောင်နာကျင်လှသဖြင့် ကောင်းကင်၌ မရပ်တည်နိုင်တော့ဘဲ မြေကြီးပေါ် လဲကျလေတော့၏။ ထိုခဏ၌ပင် ယူဇနာပေါင်းတစ်သိန်း ခြောက်သောင်းရှစ်ထောင် အမြင့်ရှိသော မြင့်မိုရ်တောင်မင်းကိုလည်း ထမ်းဆောင်ထားရသော ယူဇနာပေါင်း နှစ်သိန်းလေးသောင်းထုထည်ရှိသော မြေကြီးသည် ထိုယုတ်မာသော ဘီလူးသတ္တဝါကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်သည့်အလား အပေါက်အကြားကို ပေးလေပြီ။ အဝီစိငရဲမှ မီးတောက် မီးလျှံတို့ ပေါ်ထွက်လာကြကာ ငိုကြွေးမြည်တမ်းနေသော ထိုဘီလူးကို လောင်ကျွမ်းကြလေပြီ။ ထိုဘီလူးသည် "ပူလောင်လှချည်ရဲ့၊ ပူလောင်လှချည်ရဲ့" ဟု အော်ဟစ်မြည်တမ်းလျက် ကြီးစွာသော ဒုက္ခကို ခံစားရင်း စုတေကာ အဝီစိငရဲသို့ ကျလေပြီ။

အရှင်မောဂ္ဂလ္လာန်သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် အရှင်သာရိပုတ္တရာ ဦးခေါင်းထုရိုက်ခံရသည့် အဖြစ်ကို မြင်သဖြင့် အရှင်သာရိပုတ္တရာ ရှိရာသို့ သွားပြီး "ငါ့ရှင် သာရိပုတ္တရာ ခံ့ကျန်းပါရဲ့လား၊ မျှတပါရဲ့လား။ တစ်စုံတစ်ခုသော ကိုယ်ဆင်းရဲများ မဖြစ်ဘဲ ရှိပါရဲ့လား" ဟု လျှောက်ထားသဖြင့် "ငါ့ရှင် မောဂ္ဂလ္လာန်၊ ခံ့ကျန်းပါရဲ့၊ မျှတပါရဲ့။ ဒါပေမဲ့ ဦးခေါင်းတော့

http://www.dhammadownload.com


နည်းနည်း ရီဝေဝေ ဖြစ်နေတယ်” ဟု အရှင်သာရိပုတ္တရာက မိန့်ကြားတော်မူလေသည်။

အရှင်သာရိပုတ္တရာသည် သမာပတ်ဝင်စားတော်မူစဉ်အတွင်း သမာပတ်၏ အစွမ်းကြောင့် ဘီလူး၏ ပြင်းထန်လှသော ရိုက်ချက်ကြောင့် တစ်စုံတစ်ခုသော ခန္ဓာကိုယ်ဖောက်ပြန်မှု မဖြစ်သော်လည်း သမာပတ်မှ ထပြီးစသာ ရှိသေးသော အရှင်သာရိပုတ္တရာ၏ ဦးခေါင်းမှာ အနည်းငယ် ရီဝေလျက် ရှိနေပေသည်။ ဥပမာအားဖြင့် ပြရလျှင် ခြင်စသည် အကိုက်ခံရသော နေရာ၌ ကိုယ်ဆင်းရဲမှု မထင်ရှားသော်လည်း အိပ်ရာမှ နိုးလာသောအခါ အကိုက်ခံရသော နေရာ၌ ကိုယ်ဆင်းရဲမှု အနည်းငယ် ထင်ရှားသကဲ့သို့ပင် ဖြစ်ပါသည်။

“ငါ့ရှင်သာရိပုတ္တရာ၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေတယ်။ ငါ့ရှင်သာရိပုတ္တရာ မဖြစ်စဖူး ထူးဆန်းပါပေတယ်။ အရှင်သာရိပုတ္တရာဟာ အလွန်တန်ခိုးကြီးပါပေတယ်။ အလွန်အာနုဘော် ကြီးပါပေတယ်။ ငါ့ရှင်သာရိပုတ္တရာ၊ ငါ့ရှင်ရဲ့ဦးခေါင်းကို ဘီလူးရဲ့ရိုက်ချက်ဟာ ၇ တောင် ၇ တောင်ခွဲရှိသည့် ဆင်ပြောင်ကြီးသော်မှ မြေကြီးထဲ မြုပ်ဝင်သွားစေနိုင်ပေတယ်။ မှုန့်မှုန့်ညက်ညက် ဖြစ်သွားစေနိုင်ပါပေတယ်။ တောင်ထွဋ်ကြီးသော်မှ အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးသွားစေနိုင်ပေတယ်။ သို့ပါလျက် “ငါ့ရှင် မောဂ္ဂလ္လာန် ခံ့ကျန်းပါရဲ့၊ မျှတပါရဲ့။ ဒါပေမဲ့ ဦးခေါင်းတော့ နည်းနည်း ရီဝေဝေ ဖြစ်နေတယ် လို့ အရှင်သာရိပုတ္တရာက မိန့်ကြားတော်မူပေတယ်” ဟု အရှင်မောဂ္ဂလ္လာန်က ချီးကျူးစကားဆိုလေသည်။

“ငါ့ရှင် မောဂ္ဂလ္လာန်၊ အရှင်မောဂ္ဂလ္လာန်ဟာ ဘီလူးကိုတောင် မြင်နိုင်ပါပေတယ်။ တပည့်တော်တို့မှာဖြင့် ယခုအခါ မြေဘုတ်ဘီလူးကလေးကိုတောင် မမြင်ကြရပါ။ အရှင်မောဂ္ဂလ္လာန်ဟာ တန်ခိုးအာနုဘော် ကြီးပါပေတယ်၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေတယ်၊ မဖြစ်စဖူး ထူးဆန်း

http://www.dhammadownload.com



ပါပေတယ်”ဟု အရှင်သာရိပုတ္တရာက အရှင်မောဂ္ဂလ္လာန်အား ပြန်လည်ပြီး ချီးကျူးစကားမိန့်ကြားလေသည်။ (အရှင်သာရိပုတ္တရာ မြေဘုတ်ဘီလူးကလေးကိုတောင်မှ မမြင်ရပါဟု မိန့်ကြားတော်မူသည်မှာ ထိုအချိန်၌ ဆင်ခြင်တော်မမူသဖြင့် မမြင်ရခြင်း ဖြစ်ကြောင်း အဋ္ဌကထာက ဖွင့်ဆိုပါသည်။)

အဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး တစ်ပါးနှင့်တစ်ပါး ချီးမွမ်းစကားပြောကြားသံကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူရင်း ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူသည့်အတွက် ဤသို့ ဥဒါန်းကျူးရင့်တော်မူလေသည်။

“ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ကျောက်တောင်ကြီးနှင့် တူ၏။ တည်တံ့၏၊ အနည်းငယ်မျှ မတုန်လှုပ်၊ တပ်မက်စရာ အာရုံတို့၌လည်း မတပ်မက်၊ အမျက်ထွက်စရာ အာရုံတို့၌လည်း အမျက်မထွက်၊ အရဟတ္တဖိုလ်ပေါက် ပွားများအားထုတ်ပြီးသော ပုဂ္ဂိုလ်မှာ အဘယ်သတ္တဝါ သခါရကြောင့်မျှ ဒုက္ခမရောက်တော့ပေ။”

အရှင်သာရိပုတ္တရာ၏ ကိုယ်ရေအဆင်းသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။ အရှင်မောဂ္ဂလ္လာန်၏ ကိုယ်ရေအဆင်းသည် ကြာညိုပန်းအဆင်းနှင့်တူသော အဆင်းရှိ၏။ ထိုအရှင်မြတ် ၂ ပါးသည် မြင့်မြတ်သော ပုဏ္ဏားဇာတ်မှ မွေးဖွားလာကြ၏။ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြ၏။ အဘိညာဉ် ၆ ပါး၊ ပဋိသမ္ဘိဒါ ၄ ပါးသို့ ရောက်ရှိကြပြီးဖြစ်၏။ သမာပတ်တို့ကို ရရှိတော်မူကြပြီးလေပြီ။ ၆၇ ပါးသော သာဝကပါရမီဉာဏ်တို့ အထွက်အထိပ်သို့ ရောက်ရှိပြီးကြလေပြီ။

အရှင်မြတ် ၂ ပါးသည် သီတင်းသုံးရာ ခိုတောင်ကြားကျောင်းကို တင့်တယ်စေကြလေသည်။ ထိုခိုတောင်ကြားကျောင်း၌ သီတင်းသုံးတော်မူကြသော အရှင်မြတ် ၂ ပါးသည် ရွှေဂူတစ်ဂူထဲ၌ ဝင်နေကြသော ခြင်္သေ့နှစ်ကောင်နှင့်လည်း တူတော်မူကြ၏။ တင့်တယ်စံပယ် ကျက်စား

http://www.dhammadownload.com



ရာ နယ်မြေတစ်ခု၌ သက်ရောက်နေသော ကျားနှစ်ကောင်နှင့်လည်း တူတော်မူကြ၏။ ပင်လုံးကျွတ်ပွင့်သည့် အင်ကြင်းပင်တို့ရှိရာ တောတစ်တောသို့ ဝင်ကြသောဆဒ္ဒန်ဆင်မင်းနှစ်ကောင်နှင့်လည်း တူတော်မူကြ၏။ ဝေဿဝဏ်စီးရာ ယာဉ်တစ်ခုပေါ်သို့ တက်စီးကြသော ဝေဿဝဏ်နတ်မင်းကြီးနှစ်ပါးနှင့်လည်း တူတော်မူကြ၏။ ပဏ္ဍုကမ္ဗလာတစ်ခုအပေါ်၌ ထိုင်ကြသော သိကြားမင်းနှစ်ယောက်နှင့်လည်း တူတော်မူကြ၏။ ဗိမာန်တစ်ခုအတွင်းသို့ ရောက်နေကြသော ဗြဟ္မာမင်းကြီးနှစ်ယောက်နှင့်လည်း တူတော်မူကြ၏။ တစ်ခုသော ကောင်းကင်၌ တည်နေသော လဝန်းနှစ်ခု၊ နေဝန်းနှစ်ခုတို့နှင့်လည်း တူတော်မူကြ၏။ ဤဥပမာတို့ဖြင့် နှိုင်းယှဉ်အပ်သော အရှင်မြတ် ၂ ပါးကြောင့် ခိုတောင်ကြားကျောင်းသည် တင့်တယ်ခဲ့ရပေသည်။

http://www.dhammadownload.com

## ၃၁။ အိပ်ရာနေရာ မရတော့သဖြင့် သစ်ပင်ရင်းမှာ တစ်ညဉ့်လုံး နေထိုင်ရသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် ဝေသာလီပြည်မှ ထွက်တော်မူပြီး သာဝတ္ထိပြည်ဘက်သို့ ခရီးဒေသစာရီ ကြွချီတော်မူလာခဲ့ရာ လမ်းခရီးအကြား၌ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်များသည် ဘုရားအမှူးရှိသော သံဃာတော်၏ အလျင် ရှေးဦးသွားနှင့်ကြ၍ "ဤကျောင်းအိပ်ရာ နေရာများသည် ငါတို့၏ ဥပဇ္ဈာယ်ဆရာများအတွက် နေထိုင်ရန် ဖြစ်လိမ့်မည်၊ ဤကျောင်းအိပ်ရာ နေရာများသည် ငါတို့၏ နိဿယည်းဆရာများအတွက် နေထိုင်ရန် ဖြစ်လိမ့်မည်"ဟု ပြောဆိုကာ ကျောင်းကောင်း အိပ်ရာနေရာကောင်းများကို ယူထားနှင့်ကြ၏။

မြတ်စွာဘုရား တပည့်သံဃာတော်များနှင့် ခရီးဒေသစာရီ ကြွချီတော်မူရာ အခါများ၌ အရှင်သာရိပုတ္တရာသည် "ငါကား လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်သည်" ဟု ကိုယ်လွတ်ရုန်းကာ တစ်ကိုယ်ကောင်း စိတ်ထားဖြင့် ဘုရားအနီးမှာ လိုက်ပါနိုင်ခွင့်ရှိသော်လည်း ထိုသို့ ပြုလုပ်တော်မူလေ့မရှိဘဲ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရာတွင် နောက်မှ လိုက်ပါကြသော မမာမကျန်းသည့် ရဟန်း၊ သက်ကြီးရွယ်အို ရဟန်းတို့ ချမ်းချမ်းသာသာ လိုက်ပါနိုင်ရေးအတွက် မိမိကိုယ်တိုင်ပင် စီမံစောင့်ရှောက် ချီးမြှောက်ကူညီ၍ လိုက်ပါတော်မူလေ့ရှိပေ၏။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာသည် မမာမကျန်းသည့် ရဟန်း၊ သက်ကြီးရွယ်အို ရဟန်းတို့ကို စောင့်ရှောက်ချီးမြှောက်ကူညီကာ ဘုရားအမှူးရှိသော

http://www.dhammadownload.com



သံဃာတော်များ၏ နောက်ဆုံးမှ လိုက်ပါခဲ့ရပါသည်။ ထို့ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ တပည့်ရဟန်းများ ကျောင်းအိပ်ရာ နေရာတို့ကို သိမ်းယူထားပြီးနောက်မှ တည်းခိုရာဌာနသို့ ရောက်ရှိသည်။ အရှင်သာရိပုတ္တရာမှာ အိပ်ရာနေရာကို မရရှိတော့သဖြင့် တစ်ညဉ့်လုံးပင် သစ်ပင်ရင်း၌ နေထိုင်ရသည်။

ဤအကြောင်းကိစ္စနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် "ယခု ငါဘုရား သက်တော်ထင်ရှား ရှိနေစဉ်မှာပင် ရဟန်းများသည် အချင်းချင်း ရိုသေကျိုးနွံခြင်း မရှိကြဘဲ နေထိုင်ကြလျှင် ငါဘုရား ပရိနိဗ္ဗာန်စံလေသော်ကား အဘယ်သို့ ပြုကြလိမ့်မည်နည်း" ဟု ဆင်ခြင်တော်မူကာ တရားသံဝေဂကြီးစွာ ရတော်မူ၏။ နံနက်မိုးသောက်ရောက်သောအခါ ရဟန်းများကို စည်းဝေးစေပြီး ရဟန်းတို့ကို -

"ရဟန်းတို့၊ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ရဟန်းများသည် အလျင်သွားနှင့်ကြပြီး နေရာကောင်းများကို မှတ်ယူကြကာ မထေရ်ကြီးတို့၏ အိပ်ရာနေရာများကို မရအောင် တားမြစ်ကြသည်ဟု ကြားရသည်ကား မှန်သလော" ဟု မေးမြန်းတော်မူသဖြင့် ရဟန်းများက မှန်ကန်ကြောင်း လျှောက်ထားကြလေရာ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချ၍ တရားဟောပြပြီး ရဟန်းများကို -

"ရဟန်းတို့၊ အဘယ်ရဟန်းသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦးကို ထိုက်တန်သနည်း" ဟု မေးမြန်းတော်မူလေ၏။

နေရာဦး၊ ရေဦး၊ ဆွမ်းဦးကို ထိုက်သူကို ရဟန်းတို့ အမျိုးမျိုး လျှောက်ထားကြသည်။ အချို့က 'မင်းမျိုးမှ ရဟန်းပြုသော ရဟန်း' ဟု လျှောက်ထားကြသည်။ အချို့က 'ပုဏ္ဏားမှ ရဟန်းပြုသော ရဟန်း'၊ အချို့က 'သူဌေးသူကြွယ်မျိုးမှ ရဟန်းပြုသော ရဟန်း'၊ အချို့က 'ဝိနည်းမိုရ် ရဟန်း'၊ အချို့က 'ဓမ္မကထိက ရဟန်း'၊ အချို့က 'ပထမစျာန် ရသော ရဟန်း'၊ အချို့က 'ဒုတိယစျာန်ရသော ရဟန်း'၊ အချို့က 'တတိယစျာန်

http://www.dhammadownload.com



ရသော ရဟန်း၊ အချို့က 'စတုတ္ထဈာန်ရသော ရဟန်း၊ အချို့က 'သောတာပန် ရဟန်း'၊ အချို့က 'သကဒါဂါမ် ရဟန်း'၊ အချို့က 'အနာဂါမ် ရဟန်း'၊ အချို့က 'သုက္ခဝိပဿက ရဟန္တာ'၊ အချို့ က 'ဝိဇ္ဇာ ၃ ပါးရ ရဟန္တာ'၊ အချို့က 'အဘိညာဉ် ၆ ပါး ရဟန္တာ' ဟု လျှောက်ထားကြလေ၏။

"ရဟန်းတို့၊ ငါဘုရား၏ သာသနာတော်၌ နေရာဦး စသည်တို့သို့ ရောက်လတ်သော် မင်းမျိုးရဟန်းသည်လည်း ပမာနမဟုတ်၊ ပုဏ္ဏားမျိုး ရဟန်း၊ သူဌေးမျိုး ရဟန်း၊ သူကြွယ်မျိုး ရဟန်း၊ ဝိနည်းမိုရ်ရဟန်း၊ သုတ္တန် ဆောင် ရဟန်း၊ အဘိဓမ္မာဆောင် ရဟန်း၊ ပထမဈာန် စသည်ရသော ရဟန်း၊ သောတာပန်ရဟန်း စသည်များသည်လည်း ပမာန မဟုတ်။ ရဟန်းတို့၊ အမှန်စင်စစ်သော်ကား ဤငါဘုရား၏ သာသနာတော်၌ ထေရ်စဉ်ဝါလိုက် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရို အသေပြုခြင်း အမှုများကိုပြုရမည်။ ထေရ်စဉ်ဝါလိုက်အတိုင်းသာ နေရာ ဦး၊ ရေဦး၊ ဆွမ်းဦးကို ရခွင့်ရှိသည်။ ဤနေရာဦးစသည်၌ အသက် သိက္ခာ ဝါကြီးခြင်းသည် ပမာနဖြစ်ချေသည်။ ထို့ကြောင့် ဝါကြီးသောရဟန်း သည် ထိုနေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့အား လျော်ကန်ထိုက်တန်သူ ဖြစ် သည်။"

"ရဟန်းတို့၊ ယခုအခါ၌ကား သာရိပုတ္တရာသည် ငါဘုရား၏ လက်ယာရံ အဂ္ဂသာဝက ဖြစ်၏။ ငါဘုရား ဟောကြားအပ်သည့် ဓမ္မစက် ကို လည်စေနိုင်သော သားကြီး ဖြစ်၏။ ငါဘုရား၏ အခြားမဲ့၌ နေရာကို ရခြင်းငှာ ထိုက်တန်သူ ဖြစ်၏။ သာရိပုတ္တရာသည် လွန်ခဲ့သည့် တစ်ညဉ့် ပတ်လုံးနေရာကို မရရှိဘဲ သစ်ပင်ရင်း၌သာ စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့ရလေပြီ။ ချစ်သားတို့သည် ယခု ငါဘုရား အသက်ထင်ရှားရှိစဉ်ပင် ဤသို့ မရိုသေကြ၊ မကျိုးနွံကြလျှင် ငါဘုရား ပရိနိဗ္ဗာန်ဝင် စံပြီးသောအခါ၌ ဘယ်သို့ပြု၍ နေကြကုန်မည်နည်း" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့အား အဆုံးအမ ပေးတော်မူရန် -

"ရဟန်းတို့၊ ရှေးအခါ၌ တိရစ္ဆာန်များသော်မှလည်း 'ငါတို့သည် အချင်းချင်း မရိုသေ မကျိုးနွံဘဲ နေလို့ မသင့်လျော်၊ ငါတို့ထဲမှ အသက်ကြီးသူကိုသိအောင် စုံစမ်းလေ့လာစိစစ်ကြပြီး ထိုအသက်ကြီးသူအား ရိုသေ မြတ်နိုးရှိခိုးခြင်း စသည်ကို ပြုကုန်အံ့' ဟု တိုင်ပင်ကြကာ အသက်ကြီးသူကို စုံစမ်းစိစစ်ကြပြီး ထိုအသက်ကြီးသူအား ရိုသေမြတ်နိုးရှိခိုးခြင်း စသည်ကို ပြု၍ နတ်ပြည်ရောက်ကြောင်း ကောင်းမြတ်သော အသက်ကြီးသူအား ရိုသေမှုအကျင့်ကို ဖြည့်ကျင့်ကြကာ နတ်ပြည်လောကသို့ ရောက်သွားကြလေပြီ" ဟု မိန့်တော်မူကာ အတိတ်က ဖြစ်ရပ်ကို ထုတ်ဆောင် ဟောကြားတော်မူလေသည်။

## အဆွေခင်ပွန်း ၃ ယောက်

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်၌ ပညောင်ပင်ကြီးတစ်ပင်ကို မှီပြီး ခါ၊ မျောက်၊ ဆင်ဟူသော သုံးယောက်သော အဆွေခင်ပွန်းတို့ နေကြ၏။ ထိုအဆွေခင်ပွန်းတို့သည် ရိုသေမြတ်နိုးရှိခိုးခြင်း မရှိကုန်၊ ထိုအခါ အဆွေခင်ပွန်းသုံးယောက်တို့သည် "ငါတို့ကား ဤသို့နေခြင်းသည် မသင့်၊ ငါတို့အထဲမှ အသက်အကြီးဆုံးသူကို သိရမူ ကောင်းပေစွ။ ထိုသူကို ငါတို့သည် ရိုသေကုန်ရာ၏၊ လေးစားကုန်ရာ၏၊ မြတ်နိုးကုန်ရာ၏၊ ပူဇော်ကုန်ရာ၏။ ထိုသူ၏ အဆုံးအမ၌လည်း တည်ကုန်ရာ၏" ဟု ကြံကြလေ၏။

ထိုအခါ ခါနှင့်မျောက်တို့က ဆင်ကို "အဆွေ၊ သင်သည် အဘယ်ရှေးဟောင်းအကြောင်းအရာကို မှတ်မိသနည်း" ဟု မေးကြ၏။ "အဆွေတို့ အကျွန်ုပ်ငယ်စဉ်အခါက ဤညောင်ကို အကျွန်ုပ် ပေါင် ၂ ခု ကြားမှာထားပြီး ကျော်သွားခဲ့၏။ ပညောင်ပင်၏ အညွန့်ဖျားသည် အကျွန်ုပ်၏

http://www.dhammadownload.com



ဝမ်းဗိုက်ကို ထိ၏။ အဆွေတို့ အကျွန်ုပ်သည် ဤရှေးဟောင်း အကြောင်း အရာကို မှတ်မိပါသည်" ဟု ပြော၏။

ထိုအခါ ခါနှင့်ဆင်တို့က မျောက်ကို "အဆွေ၊ သင်သည် အဘယ် ရှေးဟောင်းအကြောင်းအရာကို မှတ်မိသနည်း" ဟု မေးကြ၏။ "အဆွေ တို့ အကျွန်ုပ်ငယ်စဉ်အခါက မြေမှာ ထိုင်ပြီး ပညောင်ပင်၏ အညွန့်ဖျား ကို စားခဲ့၏။ အဆွေတို့ အကျွန်ုပ်သည် ဤရှေးဟောင်း အကြောင်းအရာ ကို မှတ်မိပါသည်" ဟု ပြော၏။

ထိုအခါ မျောက်နှင့်ဆင်တို့က ခါကို "အဆွေ၊ သင်သည် အဘယ် ရှေးဟောင်း အကြောင်းအရာကို မှတ်မိသနည်း" ဟု မေးကြ၏။ "အဆွေ တို့ ပညောင်ပင်ကြီးတစ်ပင် ရှိရာအရပ်မှ အသီးကို စားပြီး ဤနေရာ၌ ကျင်ကြီးကို စွန့်ခဲ့၏။ ထိုအသီး၏ မျိုးစေ့ကြောင့် ဤပညောင်ပင် ဖြစ် လာ၏။ အဆွေတို့ အကျွန်ုပ်သည် အသက်အကြီးဆုံးတည်း"ဟုပြော၏။

ထိုအခါ မျောက်နှင့်ဆင်တို့က ခါကို "အဆွေ၊ သင်သည် အကျွန်ုပ် တို့ထက် အသက်ကြီးသူ ဖြစ်၏။ သင့်ကို အကျွန်ုပ်တို့ ရိုသေပါကုန်အံ့၊ လေးစားပါကုန်အံ့၊ မြတ်နိုးပါကုန်အံ့၊ ပူဇော်ပါကုန်အံ့။ အကျွန်ုပ်တို့သည် သင်၏အဆုံးအမ၌ တည်ပါကုန်အံ့" ဟု ပြောကြ၏။

ထိုအခါ ခါသည် မျောက်နှင့်ဆင်တို့ကို ငါးပါးသီလ၌ တည်စေ၏။ ကိုယ်တိုင်လည်း ငါးပါးသီလ၌ တည်၍ကျင့်၏။ ထိုအဆွေခင်ပွန်း ၃ ယောက် တို့သည် အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူ အသက်မွေးခြင်းရှိကာ နေထိုင်ကြလျက် သေဆုံးပြီးနောက် နတ်ပြည်သို့ ရောက်ကြလေ၏။

"ရဟန်းတို့၊ အသက်သိက္ခာဂုဏ် ဝါကြီးသူတို့ကို ရိုသေမှု၌ လိမ္မာ ကြသူတို့သည် အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ရိုသေကြ၏။ ထိုရိုသေ သူတို့သည် ယခုဘဝ၌ ချီးမွမ်းခံကြရ၏။ နောက်ဘဝ၌ ဘဝကောင်းသို့ ရောက်ကြ၏" ဟု မိန့်ကြားတော်မူပြီး -

http://www.dhammadownload.com



“ရဟန်းတို့ တိရစ္ဆာန်ဖြစ်သော ထိုသတ္တဝါတို့သော်မှ အချင်းချင်း ရိုသေခြင်း၊ ကိုင်းညွတ်ခြင်း၊ သဘောတူ အသက်မွေးခြင်းရှိလျက် နေထိုင်ကြသေး၏။ ကောင်းစွာ ဟောကြားအပ်သော သာသနာတော်၌ ရဟန်းပြုနေကြပါလျက် အချင်းချင်း မရိုသေ မကိုင်းညွတ် သဘောတူ အသက်မမွေးဘဲ နေကြခြင်းသည် တင့်တယ်ပါမည်လော” စသည်ဖြင့် မိန့်ကြားတော်မူပြီး -

“ရဟန်းတို့ သီတင်းကြီးအစဉ်အတိုင်း (ဝါစဉ်အတိုင်း) ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေ ပြုခြင်း၊ နေရာဦး၊ ရေဦး၊ ဆွမ်းဦးတို့ကို ငါဘုရား ခွင့်ပြုတော်မူ၏။ ရဟန်းတို့ သံဃိကကျောင်း၊ အိပ်ရာနေရာ၌ ဝါစဉ်အတိုင်း နေထိုင်ခြင်းကို မတားမြစ်ရ။ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ” ဟု ဘုရားဥပဒေ ထုတ်တော်မူလေသည်။

ထိုအဆွေခင်ပွန်း ၃ ယောက်ဇာတ်လမ်းတွင် ဆင်သည် အရှင်မောဂ္ဂလ္လာန်အလောင်း၊ မျောက်သည် အရှင်သာရိပုတ္တရာအလောင်း၊ ခါသည် ဘုရားအလောင်း ဖြစ်ခဲ့လေသည်။

ထိုပစ္စုပ္ပန်ဝတ္ထု၌ မာမကျန်းသည့် ရဟန်း, သက်ကြီးရွယ်အို ရဟန်းတို့ကို စောင့်ရှောက်ချီးမြှောက် ကူညီကာ ဘုရားအမှူးရှိသော သံဃာတော်များ၏ နောက်ဆုံးမှ လိုက်ပါခဲ့သော လက်ယာရံ အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာ၏ ကြီးမားလှသော မေတ္တာ၊ ကရုဏာနှင့် အိပ်ရာနေရာ မရတော့သဖြင့် တစ်ညဉ့်လုံးပင် သစ်ပင်ရင်း၌ နေထိုင်သော အရှင်သာရိပုတ္တရာ၏ ကြီးမားလှသော ခန္တီတရားကို မှန်းဆအာရုံပြုသောအခါ လွန်စွာပင် ကြည်ညိုသဒ္ဒါပွားရပေသည်။ လွန်စွာပင် လေးစားရပါပေသည်။

http://www.dhammadownload.com

# ၃၂။ အနာထပိဏ် အလွန်ကြည်ညိုခံရသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးသည် ဖျားနာ၍၊ ကိုယ်ဆင်းရဲရောက်နေ၏။ အသည်းအသန် မကျန်းမမာ ဖြစ်နေ၏။ သေရာညောင်စောင်း၌ လဲလျောင်းနေဆဲ ဖြစ်၏။ ထိုအခါ အနာထပိဏ်သူဌေးသည် အစေအပါး ယောက်ျားတစ်ယောက်ကို ခေါ်၍ "အမောင်ယောက်ျား သွားပါလေ။ သင်သည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီး ငါ၏ စကားဖြင့် "မြတ်စွာဘုရား အနာထပိဏ် သူဌေးသည် ဖျားနာနေ, ကိုယ်ဆင်းရဲရောက်နေ, အသည်းအသန် မကျန်းမမာ ဖြစ်နေပါသည်။ ထို အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏"ဟု လျှောက်ထားကာ (ငါ့ကိုယ်စား) မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါလော့။ အရှင်သာရိပုတ္တရာ အထံသို့လည်း ချဉ်းကပ်ပြီး ငါ၏ စကားဖြင့် အရှင်ဘုရား၊ အနာထပိဏ်သူဌေးသည် ဖျားနာနေ, ကိုယ်ဆင်းရဲရောက်နေ, အသည်းအသန် မကျန်းမမာ ဖြစ်နေပါသည်။ ထို အနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏ဟု လျှောက်ထားကာ (ငါ့ကိုယ်စား)အရှင်သာရိပုတ္တရာ၏ ခြေတော်

http://www.dhammadownload.com



တို့ကို ဦးတိုက်ပါလေ။ 'အရှင်ဘုရား တောင်းဆိုစကား လျှောက်ထားလိုပါသေးသည်။ အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေး၏ အိမ်သို့ မေတ္တာ၊ ကရုဏာ ရှေ့ထားပြီး ကြွတော်မူစေချင်ပါသည်တဲ့ ဘုရား' ဟူ၍လည်း လျှောက်ထားလေလော့" ဟု ပြောဆိုမှာကြား၍ လွှတ်လိုက်လေ၏။

ထိုအစေအပါးယောက်ျားသည် "ကောင်းပါပြီ အရှင်သူဌေး" ဟု အနာထပိဏ်သူဌေး၏ စကားကို ဝန်ခံကာ သူဌေးမှာလိုက်သည့်အတိုင်း မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်လျှောက်ထားဦးတိုက်ပြီး အရှင်သာရိပုတ္တရာထံသို့လည်း ချဉ်းကပ်လျှောက်ထားဦးတိုက်ကာ သူဌေးမှာလိုက်သည့်အတိုင်း ပင့်လျှောက်လေ၏။ အရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေသဖြင့် ထိုပင့်လျှောက်ချက်ကို လက်ခံတော်မူ၏။ ထို့နောက် အရှင်သာရိပုတ္တရာသည် သင်္ကန်းကို ပြင်ဝတ်ပြီး သပိတ်သင်္ကန်းကို ယူဆောင်ကာ အရှင်အာနန္ဒာကို နောက်လိုက်အဖော်ခေါ်လျက် အနာထပိဏ်သူဌေးအိမ်သို့ကြွသွားပြီး အသင့်ခင်းထားသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးကို "သူဌေး ဘယ့်နှယ်လဲ။ ခံ့ကျန်းပါရဲ့လား။ မျှတပါရဲ့လား။ ဒုက္ခ ဝေဒနာတို့ ဆုတ်ယုတ်ကြပါရဲ့လား။ မတိုးတက်ဘဲ ရှိကြပါရဲ့လား။ ဒုက္ခ ဝေဒနာတို့ တိုးတက်မယ့် အရိပ်မထင်ဘဲ ဆုတ်ယုတ်မယ့်အရိပ် ထင်ပါရဲ့လား" ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာကို မိမိအဖို့ရာ မခံ့ကျန်းကြောင်း၊ မမျှတကြောင်း၊ ဒုက္ခဝေဒနာတို့ မဆုတ်ယုတ်ဘဲ တိုးတက်၍သာ နေကြောင်း၊ ဆုတ်ယုတ်မည့် အရိပ်မထင်ဘဲ တိုးတက်မည့်အရိပ်သာ ထင်နေကြောင်း ဥပမာ ၄ ချက်တို့ဖြင့် အကျယ်တဝင့် ပြန်ကြားလျှောက်ထားလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် "သူဌေးကြီး၊ ဤရောဂါဝေဒနာကား သေမှ အဆုံးသတ်ရပ်မည့် ရောဂါ

http://www.dhammadownload.com



ဝေဒနာ ဖြစ်သည်။ တားမြစ်ခြင်းငှာ မတတ်နိုင်ချေ။ ဤအခြေအနေမျိုးတွင် အခြားစကားများသည် အကျိုးမရှိ။ ထိုသူဌေးကြီးအား တရားစကားကိုသာ ငါဟောကြားတော့မည်” ဟု ကြံစည်ဆင်ခြင်တော်မူပြီး ဤဆိုအပ်လတ္တံ့သောတရားစကားအကျယ်ကို ဟောတော်မူလေသည်။

“သူဌေး၊ ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဝေဒနာ ၆ ပါး၊ ဓာတ် ၆ ပါး၊ ခန္ဓာ ၅ ပါး၊ အရူပစျာန် ၄ ပါး၊ မျက်မှောက်လောကနှင့် တမလွန်လောက အလုံးစုံ (မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရ၊ ရောက်ရ၊ ရှာမှီးရ၊ အဖန်ဖန် ရှာမှီးရ၊ စိတ်ဖြင့် လေ့လာရသော အာရုံအလုံးစုံ) တို့၌ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတို့ဖြင့် ငါ့ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာဟု စွဲယူနေသော သူသည် မိမိသန္တာန်ဝယ် ဖြစ်ပေါ်လာသည့် သေမှ အဆုံးသတ်ရပ်မည့် ရောဂါဝေဒနာကို တားမြစ်ခြင်းငှာ စွမ်းနိုင်သည်မည်သည် မရှိချေ။

“ထို့ကြောင့် သင်သည် ဤသို့ကျင့်ရမည်။ ငါသည် ထိုဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဓာတ် ၆ ပါး၊ ခန္ဓာ ၅ ပါး၊ အရူပစျာန် ၄ ပါး၊ မျက်မှောက်လောကနှင့် တမလွန်လောက တရားအလုံးစုံတို့ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း ထိုတရားတို့၌ သိမ်မွေ့သော နိကန္တိတဏှာဖြင့် မမှီတွယ်မိအောင် ဟူသော မွန်မြတ်သောရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါးကို ကျင့်ကြံကြိုးကုတ်အားထုတ်ရမည်”ဟု အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေးကြီးအား ဝါရပေါင်း ၉ ဝါရတို့ဖြင့် တန်ဆာဆင်လျက် အကျယ်တဝင့် တရားဟောတော်မူ၏။ အရှင်သာရိပုတ္တရာ တရားဟောပြီးသောအခါ အနာထပိဏ်သူဌေးကြီးသည် သည်းထန်စွာ ငိုကြွေးလေ၏။ ထိုအခါ အရှင်အာနန္ဒာနှင့် အနာထပိဏ်သူဌေးကြီးတို့ အတုံ့အလှယ် ပြောဆိုကြသည်မှာ -

http://www.dhammadownload.com



အရှင်အာနန္ဒာ ။ ။ သူဌေး- သင်သည် စည်းစိမ်တို့၌ ငြိကပ်သလော၊ သူဌေး- သင်သည် ကုသိုလ်၌ ဆုတ်နစ်သလော။

အနာထပိဏ်သူဌေး ။ ။ အရှင်ဘုရား အာနန္ဒာ၊ တပည့်တော်သည် စည်းစိမ်တို့၌ မငြိကပ်ပါ။ ကုသိုလ်တို့၌ လည်း မဆုတ်နစ်ပါ။ စင်စစ်သော်ကား တပည့်တော်သည် ကာလရှည်မြင့်စွာ မြတ်စွာဘုရားကိုလည်း ဆည်းကပ်ခဲ့ပါ၏၊ စိတ်နှလုံးကို တိုးပွား စိုပြည်တတ်သည့် ရဟန်းတို့ကိုလည်း ဆည်းကပ်ခဲ့ပါ၏။ သို့သော်လည်း တပည့်တော်သည် ဤသို့သဘောရှိသော တရားစကားကို မကြားနာရစဖူးပါ။

အရှင်အာနန္ဒာ ။ ။ သူဌေး၊ လူဝတ်ကြောင်တို့မှာ လယ်မြေ၊ ယာမြေ၊ ငွေ၊ ရွှေ၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ သား၊ မယား စသည်တို့၌ တွယ်တာမှု၊ တပ်နှစ်သက်မှုကား ပြင်းထန်လှဘိ၏။ ထိုလူတို့အဖို့ "ဤလယ်မြေ၊ ယာမြေစသည်တို့၌ တွယ်တာမှုကို မပြုသင့်၊ တပ်မက်မှုကို မပြုသင့်" ဤသို့ စသော တရားစကားသည် မထင်နိုင်ရာ၊ ဤတရားစကားမျိုးကို မနှစ်သက်နိုင်ရာ။

အနာထပိဏ်သူဌေး။ ။ အရှင်ဘုရား သာရိပုတ္တရာ၊ တပည့်တော် တောင်းဆိုတိုက်တွန်းပါရစေ။ ဤသို့သော တရားမျိုးကို လူဝတ်ကြောင်တို့အား လည်း ဟောတော်မူပါ။ ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန် နည်းပါးကြသည့် အမျိုး

http://www.dhammadownload.com



ကောင်းသားတို့ များစွာ ရှိကြပါသည်။ ထိုသူ
တို့အဖို့ရာ တရားမနာရခြင်းကြောင့် လော
ကုတ္တရာတရားမှ ဆုံးရှုံး နစ်နာကြပါသည်။
အရှင်ဘုရားတို့ဟောကြားလျှင် တရားတော်
ကို သိနိုင်သူတို့လည်း ထင်ရှားဖြစ်ပေါ်လာကြ
ပါလိမ့်မည်။

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့သည် အနာထပိဏ်သူဌေးအား ဤအဆုံးအမဖြင့် ဆုံးမတော်မူကြပြီး နေရာမှ ထကာ ဖဲသွားတော်မူကြလေ၏။ ထို့နောက် အနာထပိဏ်သူဌေးသည် အရှင်နှစ်ပါး ဖဲကြွသွား၍ မကြာမြင့်မီပင် ကွယ်လွန်ကာ တုသိတာနတ်ပြည်သို့ ရောက်သွားလေသည်။

ထိုအခါ အနာထပိဏ္ဍိကနတ်သားသည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားထံတော်မှောက်သို့ လာရောက်ရှိခိုးကာ သင့်တင့် လျောက်ပတ်သောအရပ်၌ ရပ်တည်လျက် မြတ်စွာဘုရားအား ဇေတဝန်ကျောင်းတိုက်, အရိယမဂ်နှင့် ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်တို့၏ ဂုဏ်တို့ကို ဂါထာ ၃ ပုဒ်တို့ဖြင့် လျှောက်ထားပြီး အရှင်သာရိပုတ္တဂုဏ်ကိုလည်း အောက်ပါအတိုင်း ဂါထာတစ်ပုဒ်ဖြင့် လျှောက်ထားလေသည်။

"ရဟန်းသည် နိဗ္ဗာန်သို့ရောက်ပြီးလျှင် အမြတ်ဆုံးပန်းတိုင်သို့ ရောက်ပြီးသူ ဖြစ်ပါသည်။ အရှင်သာရိပုတ္တရာသည်သာ သီလဂုဏ်၊ ပညာဂုဏ်၊ ကိလေသာငြိမ်းခြင်း ဂုဏ်တို့ဖြင့် အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူပါပေသည်။"

အနာထပိဏ္ဍိကနတ်သား၏ ဂါထာ ၄ ဂါထာတို့ဖြင့် လျှောက်ထားချက်ကို ဘုရားရှင်သည် ခွင့်ပြုတော်မူ၏။ ထိုအခါ အနာထပိဏ္ဍိကနတ်သားသည် "ငါ၏ လျှောက်ထားချက်ကို မြတ်စွာဘုရားသည် မဟန့်

http://www.dhammadownload.com



မတား ခွင့်ပြုတော်မူ၏” ဟု အောက်မေ့ဝမ်းမြောက်ကာ မြတ်စွာဘုရားကို ရှိခိုးပြီး ထိုအရပ်မှာပင် ကွယ်ပျောက်သွားလေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဥ့်လွန်မြောက် နောက်တစ်နေ့ ရောက်သောအခါ ရဟန်းတို့ကို “ရဟန်းတို့၊ ဤညဥ့်၌ နတ်သားတစ်ဦးသည် သန်းခေါင်ယံအချိန်၌ ငါဘုရားထံမှောက်သို့ လာရောက်ရှိခိုးလျက် သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်တည်ပြီး ငါဘုရားအား ဂါထာ ၄ ဂါထာတို့ဖြင့် လျှောက်ထား၏” ဟု မိန့်တော်မူ၍ အနာထပိဏ္ဍိက နတ်သားလျှောက်ထားသည့် ၄ ဂါထာတို့ကို ရဟန်းတို့အား တစ်ဖန်ပြန်၍ ဟောကြားတော်မူလေသည်။

မြတ်စွာဘုရား၊ ဟောကြားတော်မူပြီးသောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို အချိန်မဆိုင်းဘဲ “မြတ်စွာဘုရား၊ ထိုနတ်သားသည် ဧကန်ပင် အနာထပိဏ္ဍိကနတ်သား ဖြစ်ပါလိမ့်မည်။ မြတ်စွာဘုရား၊ အနာထပိဏ် သူဌေးသည် အရှင်သာရိပုတ္တရာ၌ အလွန်ကြည်ညိုသူ ဖြစ်ပါသည် ဘုရား” ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား “အာနန္ဒာ၊ ကောင်းပေစွ၊ ကောင်းပေစွ။ အာနန္ဒာ၊ ကြံစည် တွေးဆခြင်းဖြင့် ရောက်သင့်ရောက်ထိုက်သော အရာမှန်သမျှသို့ သင် ချစ်သား ရောက်ပေ၏။ အာနန္ဒာ၊ ထိုနတ်သားသည် အနာထပိဏ္ဍိက နတ်သားပင်တည်း” ဟု မိန့်တော်မူလေ၏။

http://www.dhammadownload.com

# ၃၃။ အဘိဓမ္မာကို ပထမဆုံး ပို့ချပေးခဲ့သော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် သတ္တမ ဝါကို တာဝတိံသာနတ်ပြည်၌ ကပ်တော်မူကာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် မယ်တော်မိနတ်သား(သန္တုသိတနတ်သား)အမှူးပြုသည့် စကြာဝဠာပေါင်း တိုက်တစ်သောင်းတို့မှ ခညောင်းရောက်ရှိလာကြသည့် နတ်ဗြဟ္မာပရိသတ်အလယ်၌ ကောင်းကင်မြစ်ကြီး တသွင်သွင်ယိုစီးသည့်အလား အဘိဓမ္မာ တရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားတို့မှာ "မည်သည့်အချိန်၌ မည်သည့်ကိစ္စ ဆောင်ရွက်မည်"ဟု ကောင်းစွာ ပိုင်းခြားမှတ်သားအပ်ပြီး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အဘိဓမ္မာတရား ဟောကြားတော်မူရင်းကပင် လူ့ပြည်လောက၌ ဆိုက်ရောက်နေသည့် အချိန်ကာလကို ဆင်ခြင်ကြည့်ရှုတော်မူ၏။ ယင်းသို့ ဆင်ခြင်ကြည့်ရှုတော်မူသောအခါ ဆွမ်းခံချိန် ကျရောက်လျှင် မြတ်စွာဘုရားသည် နိမ္မိတရုပ်ပွား (တန်ခိုးဖြင့် ဖန်ဆင်းအပ်သော ရုပ်ပွား) ကို ဖန်ဆင်းတော်မူ၍ "ဤနိမ္မိတရုပ်ပွား၏ သင်္ကန်းဝတ်ပုံ၊ သပိတ်ကိုင်ပုံ၊ အသံပြုပုံ အသွင်အပြင်အလုံးစုံသည် ငါဘုရားနှင့် ထပ်တူညီမျှ ဖြစ်စေသား၊ ဤမျှ အတိုင်းအရှည်ရှိသော တရားကို ငါ၏ကိုယ်စား

http://www.dhammadownload.com



ဟောကြားရစ်စေသား” ဟူ၍ အမိန့်ရှိတော်မူပြီး သပိတ် သင်္ကန်းကို ယူဆောင်တော်မူကာ အနောတတ်အိုင်သို့ ကြွတော်မူလေ၏။

အနောတတ်အိုင်၌ မြတ်စွာဘုရားအား နတ်များက ကွမ်းရိုး၊ ဒန်ပူကို ဆက်ကပ်ကြလေသည်။ ထိုဒန်ပူကို ဝါးတော်မူပြီး အနောတတ်အိုင်၌ ရေချိုးသန့်စင် ကိုယ်တော်ကို သုတ်သင်ကာ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ ရပ်တော်မူ၍ ကောင်းစွာ ဆေးဆိုးထားအပ်သည့် နှစ်ထပ်သင်္ကန်းကို ဝတ်ရုံတော်မူလျက် စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့ လှူဒါန်းဆက်ကပ်အပ်သည့် အနားလေးရစ်ရှိ ကျောက်ညိုသပိတ်ကို ယူတော်မူ၍ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူလေသည်။ ထိုမြောက်ကျွန်းမှ ဆွမ်းကို ခံယူတော်မူခဲ့ပြီး အနောတတ်အိုင်၏ ဆိပ်ကမ်းသာဝယ် သပ္ပါယ်စွာ ထိုင်နေလျက် ထိုဆွမ်းကို ဘုဉ်းပေးပြီး နေ့သန့်စင်တော်မူရန် စန္ဒကူးတောသို့ ကြွတော်မူလေသည်။

တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည်လည်း ထိုစန္ဒကူးတောသို့ သွားရောက်၍ မြတ်စွာဘုရားအား ဝတ်ကြီး ဝတ်ငယ်ပြုပြီး သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေတော်မူလေသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား “ချစ်သား သာရိပုတ္တရာ၊ ငါဘုရားသည် ဤမျှသော တရားကို ဟောကြားအပ်ခဲ့ပြီ”ဟု နည်းပေးကာ အကျဉ်းချုပ် ညွှန်ပြဟောကြားတော်မူလေသည်။ ဤသို့ မြတ်စွာဘုရားထံက နည်းရတော်မူပြီးသောအခါ ပဋိသမ္ဘိဒါဉာဏ် ၄ ပါးသို့ ရောက်တော်မူပြီးသော အဂ္ဂသာဝက အရှင်သာရိပုတ္တရာအဖို့မှာ ကမ်းနား၌ ရပ်တည်၍ လက်ကို ဆန့်တန်းကာ မဟာသမုဒ္ဒရာကြီးကို ပြအပ်သကဲ့သို့ နည်းရတော်မူလေသည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာ အဖို့မှာလည်း နည်းပေါင်း အရာအထောင်အသိန်းတို့ဖြင့် မြတ်စွာဘုရား ဟောကြားအပ်သည့် တရားတော်များ ထင်လင်းလေတော့၏။ အကျယ်ဖြန့်ချိ၍ သိတော်မူလေ၏။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာသည် ဘုရားရှင် အကျဉ်းဆုံးနည်းဖြင့် နေ့စဉ် နေ့စဉ် ဟောကြားလိုက်သော အဘိဓမ္မာတရားတော်ကို ဆောင်တော်မူခဲ့ပြီး မိမိ၏ အတူနေ တပည့်ရဟန်း ငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်ဖြစ်သော နည်းဖြင့် တစ်ဖန်ပြန်၍ နေ့စဉ် နေ့စဉ် ဟောကြားပို့ချ ပြသတော်မူလေသည်။ မြတ်စွာဘုရား၏ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးခြင်းနှင့် လူ့ပြည်၌ ထိုရဟန်း ၅၀၀ တို့၏ အရှင်သာရိပုတ္တရာထံ အဘိဓမ္မာ ၇ ကျမ်း အပြည့်အစုံ နာယူသင်ကြားမှု ပြီးဆုံးခြင်း ဤနှစ်ရပ်ပင် တစ်ပြိုင်နက် တစ်ချိန်တည်း၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် နေ့စဉ် နေ့စဉ်ပင် ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း စန္ဒကူးတော၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသောအခါ အရှင်သာရိပုတ္တရာအား "ချစ်သား သာရိပုတ္တရာ၊ ယနေ့ ငါဘုရားသည် ဤသို့ ဤသို့သော အခြင်းအရာဖြင့် ဤမျှ အတိုင်းအရှည်ရှိသော အဘိဓမ္မာတရားတော်ကို ဟောကြားအပ်ပြီ၊ နိမ္မိတရုပ်ပွားက ဤမျှ အတိုင်းအတာအရှည်ရှိသော အဘိဓမ္မာ တရားတော်ကို ဟောကြားအပ်ပြီ၊ သင် ချစ်သားသည် မိမိ၏တပည့် ရဟန်း ၅၀၀ တို့အား ပို့ချလေလော့"ဟု အကျဉ်းချုပ် မိန့်ကြားတော်မူပြီး ကိုယ်တော်တိုင်ကမူ တာဝတိံသာ နတ်ပြည်သို့ ကြွသွား၍ နိမ္မိတရုပ်ပွားတော်မြတ် ဟောကြားအပ်ပြီးသော ဌာနမှ အစဉ်မပြတ် ဆက်လက်၍ ကိုယ်တော်တိုင် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူလေသည်။

ဤနည်းဖြင့် ဝါတွင်းသုံးလ ပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရား ဟောကြား၍ ပြီးဆုံးလေသည်။ ထိုအခါ ကုဋေပေါင်းရှစ်သောင်းသော နတ်ဗြဟ္မာတို့သစ္စာလေးပါး သိမြင် ကျွတ်တမ်းဝင်ကြလေသည်။ မယ်တော်မိနတ်သား (သန္တုသိတနတ်သား) သည်လည်း သောတာပန်ဖြစ်လေသည်။

http://www.dhammadownload.com

# ၃၄။ ဗုဒ္ဓသာသနာ ကြာရှည်စွာ တည်တံ့ရေးအတွက် လေးလေးနက်နက် တွေးခဲ့ မေးခဲ့သော အရှင်သာရိပုတ္တရာ

ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီး တစ်ပါးတည်း သီတင်းသုံးနေသော အရှင်သာရိပုတ္တရာမှာ "အဘယ်ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်လေသနည်း။ အဘယ်ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်လေသနည်း" ဟူသော စိတ်အကြံ ဖြစ်ပေါ်လာလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် ညနေချမ်း အချိန်၌ တစ်ပါးတည်း သီတင်းသုံးရာမှ ထပြီး မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကာ ရိုသေစွာ ရှိခိုး၍ တစ်ခုသော နေရာမှာ ထိုင်ပြီး မြတ်စွာဘုရားအား သူ့အကြံကို လျှောက်ထားပြလေသည်။

ထိုအခါ မြတ်စွာဘုရားက -

"သာရိပုတ္တရာ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ခဲ့ချေ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့သည်" ဟု မိန့်တော်မူသည်။

"မြတ်စွာဘုရား၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ မြတ်စွာဘုရားတို့၏ သာသနာတော် ကြာမြင့်စွာ မတည်ရခြင်း၏အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်၏။

http://www.dhammadownload.com



"သာရိပုတ္တရာ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ မြတ်စွာဘုရားတို့သည် တပည့်တို့အား တရားတော်ကို အကျယ်ဟောတော်မူရန် ကြောင့်ကြစိုက်တော်မမူကြ။ ထိုမြတ်စွာဘုရားတို့၏ သုတ်၊ ဂေယျ၊ ဗျာကရဏ်း၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လတို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏။ တပည့်တို့အတွက် ဘုရားဥပဒေတော်တို့ကို ထားတော်မမူခဲ့ကြ။ ဘုရားဥပဒေတော်တို့ကိုလည်း ရွတ်ပြတော်မမူခဲ့ကြချေ။ အမျိုးမျိုးသော အမည်၊ အမျိုးမျိုးသော အနွယ်၊ အမျိုးမျိုးသော ဇာတ်၊ အမျိုးမျိုးသော အမျိုးတို့မှ ရဟန်းပြုလာကြသည့် နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာတော်ကို လျင်မြန်စွာ ကွယ်ပျောက်စေကုန်၏။"

"သာရိပုတ္တရာ၊ ဥပမာအားဖြင့် ချည်မျှင်ဖြင့် မသီကုံးဘဲ ပျဉ်ပြားပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် သီကုံးမထားသောကြောင့် လေသည် ဖရိုဖရဲ ဖြန့်ကြဲ တိုက်ခိုက်မှုတ်လွှင့် ဖျက်ဆီးသကဲ့သို့ ဖြစ်သည်။ ဤသည်ကား ထိုသုံးဆူသော မြတ်စွာဘုရားတို့၏ သာသနာကြာရှည်စွာ မတည်ခြင်း၏အကြောင်း အထောက်အပံ့ ဖြစ်သည်။"

"သာရိပုတ္တရာ၊ ထိုသုံးဆူသော မြတ်စွာဘုရားတို့သည် တပည့်တို့၏ စိတ်အကြံကို သိတော်မူပြီး ဆုံးမဖို့ ကြောင့်ကြစိုက်ကြ၏။ သာရိပုတ္တရာ၊ ရှေး၌ ဖြစ်ဖူးသည်ကား ဝေဿဘူမြတ်စွာဘုရားသည် ကြောက်မက်ဖွယ်ရာ တောအုပ်တစ်ခု၌ ရဟန်းတို့၏စိတ်ကို သိတော်မူ၍ 'ဤသို့ ကြံကြလော့၊ ဤသို့ မကြံကြလင့်။ ဤသို့ နှလုံးသွင်းကြလော့၊ ဤသို့ နှလုံးမသွင်းကြလင့်။ ဤတရားကို ပယ်ကြလော့။ ဤတရားသို့ ရောက်၍ နေထိုင်ကြလော့' ဟူ၍ ရဟန်းတစ်ထောင်ကို သွန်သင်တော်မူ၏၊ ဆုံးမတော်မူ၏။ ထိုသို့ ဝေဿဘူ မြတ်စွာဘုရား သွန်သင်ဆုံးမတော်မူသော အခါ ထိုရဟန်းတစ်ထောင်တို့ ရဟန္တာ ဖြစ်ကြသည်။

"သာရိပုတ္တရာ၊ ရာဂ မကင်းသူ တစ်ဦးတစ်ယောက် ထိုတောအုပ်သို့ ဝင်လျှင် များသောအားဖြင့် ကြက်သီးမွေးညင်းတို့ ထကြသည်။

http://www.dhammadownload.com



ဤကြက်သီးမွေးညင်းထခြင်းသည် ထိုတောအုပ်၏ ကြောက်မက်ဖွယ်ကောင်းသည့်အဖြစ် ဖြစ်သည်။"

ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်စွာဘုရားတို့၏ သာသနာတော် ကြာရှည်စွာ တည်ရခြင်းအကြောင်းကိုလည်း အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားသဖြင့် မြတ်စွာဘုရားက ဝိပဿီ၊ သိခီ၊ ဝေဿဘူ မြတ်စွာဘုရားတို့၏ သာသနာကြာရှည်စွာ မတည်ရခြင်းအကြောင်း၏ ပြောင်းပြန်အားဖြင့် အရှင်သာရိပုတ္တရာအား ဖြေကြားတော်မူခဲ့ပါသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် နေရာမှ ထပြီး လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို လက်ကန်တော့တင်ကာ မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီမိုး၍ မြတ်စွာဘုရားအား -

"မြတ်စွာဘုရား၊ ဤသာသနာတော် ကြာမြင့်စွာ တည်ရန် မြတ်စွာဘုရားသည် တပည့်တို့အား ဘုရားဥပဒေတော်တို့ကို ထားတော်မူရာပါ၏ ဘုရား။ ဥပဒေတော်တို့ကို ရွတ်ပြတော်မူရာပါ၏။ မြတ်စွာဘုရား၊ ဘုရားဥပဒေတော်တို့ကို ထားဖို့ ရွတ်ပြဖို့ အချိန်တန်ပါပြီ" ဟု လျှောက်ထားလေသည်။

"သာရိပုတ္တရာ၊ ဆိုင်းငံ့ဦးလော့။ သာရိပုတ္တရာ၊ ဆိုင်းငံ့ဦးလော့။ မြတ်စွာဘုရားသည်သာ ဘုရားဥပဒေတော်တို့ကို ထားဖို့ ရွတ်ပြဖို့ အချိန်ကို သိတော်မူလိမ့်မည်"

"သာရိပုတ္တရာ၊ ဤသာသနာတော်၌ အချို့သော အပြစ်လွန်ကျူးမှုတို့ သံဃာ၌ ထင်ရှားမဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် တပည့်တို့အား ဘုရားဥပဒေတော်တို့ကို ထားတော်မမူသေး၊ ရွတ်ပြတော်မမူသေး။ ထိုအပြစ် ကျူးလွန်မှုတို့ သံဃာ၌ ဖြစ်ပေါ်လာမှ ထိုအပြစ်ကျူးလွန်မှုတို့ကို ပယ်ဖျောက်ဖို့ရာ ဘုရားဥပဒေတော်တို့ကို ထားမည်၊ ရွတ်ပြမည်။"

http://www.dhammadownload.com



"သာရိပုတ္တရာ၊ ဝါရင့်သံဃာတို့ မများသေးသမျှ သံဃာအငယ်၊ အလတ်၊ အကြီးတို့ မများသေးသမျှ၊ သံဃာမှာ လာဘ်မပေါ်များသေး သမျှ၊ သံဃာမှာ အကြားအမြင် မများသေးသမျှ ကာလပတ်လုံး ဤ သာသနာတော်၌ အချို့သော အပြစ်ကျူးလွန်မှုတို့ သံဃာ၌ ထင်ရှား မဖြစ်ကြသေး။ သာရိပုတ္တရာ၊ ဝါရင့်သံဃာတို့ များလာသောအခါ၊ သံဃာ အငယ်၊ အလတ်၊ အကြီးတို့ များလာသောအခါ၊ သံဃာမှာ လာဘ်ပေါ များလာသောအခါ၊ သံဃာမှာ အကြားအမြင် များလာသောအခါ အချို့ သော အပြစ်ကျူးလွန်မှုတို့ သံဃာ၌ ဖြစ်ပေါ်လာကြလိမ့်မည်။ ထိုအခါ ထိုအပြစ်လွန်ကျူးမှုတို့ကို ပယ်ဖျောက်ဖို့ရာ မြတ်စွာဘုရားသည် တပည့် တို့အား ဘုရားဥပဒေတော်တို့ကို ထားမည်၊ ရွတ်ပြမည်"

"သာရိပုတ္တရာ၊ ယခုအခါ ရဟန်းသံဃာသည် (သီလမရှိသူ အဖြစ် တည်းဟူသော) အမြှုပ်မှ ကင်း၏၊ အပြစ်မှ ကင်း၏၊ အမည်းအညစ်မှ ကင်း၏၊ စင်ကြယ်၏၊ (သီလစသော) အနှစ်၌ တည်၏။ သာရိပုတ္တရာ ဤရဟန်း ၅၀၀ တို့တွင် အညံ့ဆုံးရဟန်းသည် သောတာပန် ဖြစ်၏"ဟု မိန့်တော်မူသည်။

ဗုဒ္ဓသာသနာတော်၏ တန်ဖိုးကို သိကြသူတို့အဖို့ ဗုဒ္ဓသာသနာ သည် တန်ဖိုးမဖြတ်နိုင်သော ရတနာ ဖြစ်၏။ အရှင်သာရိပုတ္တရာသည် ဗုဒ္ဓသာသနာတော်၏ ကျေးဇူးကို အထူးသိသူဖြစ်သဖြင့် ဗုဒ္ဓသာသနာ တော်၏ တန်ဖိုးမဖြတ်နိုင်သော ရတနာအဖြစ် အထူးသိတော်မူသည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ဤဗုဒ္ဓမြတ်စွာ၏ သာသနာတော် ကို အချိန်တိုတိုဖြင့် မကွယ်လွန်စေလို၊ ကြာရှည်စွာ တည်စေလို၏။ ဗုဒ္ဓ သာသနာ နောင်အခါ ကြာရှည်စွာ တည်တံ့နိုင်ရေးကို ကြိုတင်မျှော်ခေါ် တွေးကာ အလေးဂရုပြုတော်မူခဲ့သော အရှင်သာရိပုတ္တရာသည် နောင် လာ နောက်သား ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူတို့အဖို့ အလွန်ပင် ကျေးဇူးတင်စရာ အလေးပြုစရာ ပုဂ္ဂိုလ် ဖြစ်နေပါသည်။

http://www.dhammadownload.com

## ၃၅။ ထွေးပြီးတံတွေးကို ပြန်မမျိုသော အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေ၏။ အရှင်သာရိပုတ္တရာသည်လည်း ဇေတဝန်ကျောင်း၌ပင် သီတင်းသုံးနေတော်မူ၏။ အရှင်သာရိပုတ္တရာသည် မုန့်ခဲဖွယ်ကို ဘုဉ်းပေးတော်မူစဉ်က လူတို့သည် သံဃာဖို့ များစွာသော မုန့်ခဲဖွယ်ကို ယူပြီး ကျောင်းသို့ လာကြ၏။ သံဃာတို့ ဘုဉ်းပေးပြီးသော်လည်း မုန့်တို့သည် များစွာ ကျန်ရှိနေသေး၏။ "အရှင်ဘုရားတို့၊ ရွာတွင်း၌ ရှိသည့် ရဟန်းတို့အတွက် ခံယူတော်မူကြပါကုန်" ဟု လူတို့က လျှောက်ထားကြ၏။ ထိုအခါတွင် အရှင်သာရိပုတ္တရာ၏ အတူနေ တပည့်ရဟန်းငယ်သည် ရွာတွင်း၌ နေ၏။ ထိုရဟန်းငယ်၏ ဝေစုကို ထိုရဟန်းတို့ ယူခဲ့ကြ၏။ ထိုရဟန်းငယ် မလာမီ နေ အလွန်မြင့်လာ၏။ ထို့ကြောင့် ထိုဝေစုကို အရှင်သာရိပုတ္တရာအား လှူလိုက်ကြ၏။ အရှင်သာရိပုတ္တရာ၊ ထိုမုန့်ကို ဘုဉ်းပေးပြီးသောအခါ ထိုရဟန်းငယ် ရောက်လာသည်။ ထိုအခါ ရဟန်းတို့က ရဟန်းငယ်ကို "ငါ့ါရှင်၊ ငါတို့သည် သင့်ဖို့ထားသော မုန့်၊ ခဲဖွယ်ကို အရှင်သာရိပုတ္တရာ ဘုဉ်းပေးပြီးပြီ"ဟုပြောကြ၏။ "အရှင်ဘုရားတို့၊ အဘယ်သူသည် ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ကို မနှစ်သက်ဘဲ ရှိပါအံ့နည်း" ဟု ထိုရဟန်းငယ်က ပြောလေသည်။ အရှင်သာရိပုတ္တရာမှာ သံဝေဂ ဖြစ်လေ၏။ အရှင်သာရိပုတ္တရာသည် ထိုနေ့မှစ၍ မုန့်၊ ခဲဖွယ်ကို နောင်သောအခါ မစားတော့အံ့ဟု အဓိဋ္ဌာန်တော်မူလေ၏။ ထိုအခါမှ

http://www.dhammadownload.com



စ၍ အရှင်သာရိပုတ္တရာသည် မုန့်၊ ခဲဖွယ်ကို မစားဖူးသတတ်။ အရှင်သာရိပုတ္တရာသည် မုန့်၊ ခဲဖွယ်ကို မစားသည့်အဖြစ်သည် ရဟန်းသံဃာ၌ ထင်ရှားနေလေသည်။

ရဟန်းတို့သည် အရှင်သာရိပုတ္တရာ၏ အကြောင်းကို ပြောဆိုလျက် တရားသဘင်၌ စည်းဝေးနေကြ၏။ ထိုအခါ မြတ်စွာဘုရား ကြွတော်မူလာပြီး "ရဟန်းတို့၊ ယခု ငါဘုရား ကြွလာချိန်၌ အဘယ်စကားဖြင့် စည်းဝေးနေကြသနည်း" ဟု မေးတော်မူ၏။ "ဤမည်သော စကားဖြင့် စည်းဝေးနေကြပါသည်" ဟု ရဟန်းတို့က လျှောက်ထားသောအခါ "ရဟန်းတို့၊ အရှင်သာရိပုတ္တရာသည် တစ်ကြိမ် စွန့်ပြီးသော ဝတ္ထုကို အသက်ပင် စွန့်ရသော်ငြားလည်း တစ်ဖန် မယူသည်သာတည်း"ဟု မိန့်တော်မူ၍ အတိတ်ဇာတ်ကြောင်းကို ဟောပြတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် အဆိပ်ကို ဖြေတတ်သော အမျိုး၌ ဖြစ်၏။ ဆေးကုသည့်အမှုဖြင့် အသက်မွေး၏။ ထိုအခါ ဇနပုဒ်၌ နေသော လူတစ်ယောက်သည် မြွေကိုက်ခံရ၏။ ထိုလူ၏ ဆွေမျိုးတို့သည် လျင်စွာ ဆေးဆရာကို ပင့်ကြ၏။ ဆေးဆရာသည်လည်း ရှေးဦးစွာ ဆေးဖြင့် လိမ်းကျံပေး၏၊ စည်းပေး၏။ ထို့နောက် "အဆိပ်ကို ဖျောက်ရမည်လော၊ ထိုသို့မဟုတ် ကိုက်သော မြွေကို ခေါ်ပြီး ထိုမြွေကိုပင် အဆိပ်ကို စုပ်စေရ မည်လော" ဟု ဆေးဆရာက လူနာ့ဆွေမျိုးတို့အား မေး၏။ ဆွေမျိုးတို့က "ကိုက်သောမြွေကို ခေါ်ပြီး အဆိပ်ကို စုပ်စေပါလော့" ဟု ပြောကြ၏။ ထိုဆေးဆရာသည် "သင်သည် ဤလူကို ကိုက်သည် မဟုတ်လော" ဟု မြွေကို မေး၏။ "ငါ ကိုက်တာ မှန်၏" ဟု မြွေက ဖြေ၏။ ထိုအခါ ဆေးဆရာက "သင်ကိုက်ရာအရပ်မှ အဆိပ်ကို သင့်ခံတွင်းဖြင့် စုပ်ယူလော့"ဟု ပြောသောအခါ မြွေက "ငါသည် တစ်ကြိမ်စွန့်ပြီးသော ဝတ္ထုကို တစ်ဖန် မယူစဖူး၊ ငါသည် စွန့်ပြီးသော အဆိပ်ကို မစုပ်"

http://www.dhammadownload.com



ဟု ပြောလေသည်။ ဆေးဆရာသည် ထင်းမီးကို ယူဆောင်ပြီး "သင်၏ အဆိပ်ကို သင် မစုပ်လျှင် ဤမီးသို့ ဝင်လော့" ဟု ပြောသဖြင့် "မီးသို့သာ ဝင်အံ့။ ငါသည် တစ်ကြိမ်စွန့်ပြီးသော အဆိပ်ကို မစုပ်အံ့" ဟု မြွေက ပြောကာ-

"ငါသည် အသက်ဟူသော အကြောင်းကြောင့် အန်ပြီးသော အဆိပ်ကို ပြန်မမျို၊ အန်ပြီးသော အဆိပ်ကို ပြန်မျိုရခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ အန်ပြီးသော အဆိပ်ကို ပြန်မျို၍ အသက်ရှင်ရသည်ထက် သေရသည်က မြတ်သေးသည်" ဟု ပြောပြီး မီးသို့ဝင်ရန် သွားလေ၏။ ထိုအခါ ဆေးဆရာသည် မြွေကို မသွားဖို့ တားမြစ်လေသည်။ မြွေကိုက်ခံရသည့် လူကို ဆေးမန္တရားတို့ဖြင့် အဆိပ်မရှိအောင် ပြုပြီး အနာမရှိအောင် ပြုကာ မြွေအားလည်း သီလပေး၏။ "ဤနေ့မှစ၍ တစ်စုံတစ်ယောက်သောသူကိုမျှ မညှဉ်းဆဲလင့်" ဟု ဆုံးမ၍ လွှတ်လိုက်လေသည်။

ဤဇာတ်လမ်း၌ မြွေသည် အရှင်သာရိပုတ္တရာလောင်း ဖြစ်၏။ ဆေးဆရာသည် ငါဘုရားလောင်း ဖြစ်သည်ဟု ဘုရားရှင်က မိန့်တော်မူခဲ့ပါသည်။

"အသက်ပင် သေသွားပါစေ။ ထွေးအန်ပြီးသည့် မြွေဆိပ်ကိုမူ ပြန်၍မမျိုနိုင်" ဟု ပြောကြားသော အရှင်သာရိပုတ္တရာလောင်းလျာ မြွေ၏ ရဲရင့်ပြတ်သားသော သတ္တိနှင့် "နောင်အခါ မုန့်၊ ခဲဖွယ်ကို မစားတော့အံ့" ဟု ခိုင်မာမြဲမြံသော ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ကာ ကျင့်သုံးခဲ့သော အရှင်သာရိပုတ္တရာ၏ ရဲရင့်ပြတ်သားသော သတ္တိတို့မှာ အားရစရာ ကောင်းလှပါပေသည်။ အာဇာနည်ပုဂ္ဂိုလ်တို့မှာ ခိုင်မာသော ဆုံးဖြတ်ချက်ချပြီးလျှင် ထိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ကြသည်မှာလည်း ထိုအာဇာနည်တို့၏ ထူးခြားသော အရည်အသွေးတစ်ခုပင် ဖြစ်ပါပေသည်။

http://www.dhammadownload.com

## ၃၆။ သူတို့ပြောပြသော အရှင်သာရိပုတ္တရာ၏ ဂုဏ်ရည်များ

တစ်စုံတစ်ယောက်၏ ဂုဏ်ကို ချီးမွမ်းပြောဆိုလိုလျှင် ထိုတစ်စုံတစ်ယောက်နှင့် သဘောမတူသော ပုဂ္ဂိုလ်ထံမှောက်တွင် ချီးမွမ်းပြောဆိုရန် မသင့်လျော်ချေ။ ချီးမွမ်းပြောဆိုသော် ပြီးဆုံးခြင်းသို့ မရောက်နိုင်ရာပေ။ "ဤမည်သော ရဟန်းသည် သီလရှိ၏" ဟု ချီးမွမ်းပြောဆိုလေလျှင် "သူ့ရဲ့သီလက ဘာလဲ။ နွားရဲ့ သီလလို သီလလား။ သူမှ တစ်ပါး အခြား သီလရှိသူကို သင် မမြင်ဖူးဘူးလော" ဟု ပြောဆိုကာ ချီးမွမ်းစကားကို အန္တရာယ်ပြုတတ်လေသည်။ "ဤမည်သော ရဟန်းသည် ပညာရှိ၏" ဟု ချီးမွမ်းပြောဆိုလျှင်လည်း "သူက ဘယ်လိုပညာ ရှိသူလဲ။ သူမှတစ်ပါး အခြားပညာရှိသူကို သင် မမြင်ဖူးဘူးလား" ဟု ပြောဆိုကာ ချီးမွမ်းစကားကို အန္တရာယ်ပြုတတ်လေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့မှာ သဘောတူပုဂ္ဂိုလ်တို့ ဖြစ်ကြလေသည်။ အရှင်အာနန္ဒာသည် မွန်မွန်မြတ်မြတ် သင်္ကန်း စသည့် ပစ္စည်းတို့ကို ရလာလျှင် အရှင်သာရိပုတ္တရာအား လှူသည်။ မိမိ၏ အလုပ်အကျွေးကလေးတို့ကို ရှင်ပြုပေးပြီး အရှင်သာရိပုတ္တရာထံတွင် ဥပဇ္ဈာယ် ယူစေသည်။ ရဟန်းအဖြစ် ခံယူစေသည်။ အရှင်သာရိပုတ္တရာကလည်း အရှင်အာနန္ဒာအပေါ် ထိုနည်းအတိုင်းပင် ပြုလုပ်သည်။ ထိုသို့ ပြုလုပ်ကြသည်မှာ တစ်ပါး၏ ဂုဏ်တို့ကို တစ်ပါးက ကြည်ညိုသောကြောင့် ဖြစ်ပေသည်။

http://www.dhammadownload.com



အရှင်အာနန္ဒာသည်“ငါတို့၏ နောင်တော်ကြီး အရှင်သာရိပုတ္တရာသည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်ပြီး ၁၆ ပါးသော ပညာကို ထိုးထွင်းသိကာ တရားစစ်သူကြီးအရာမှာ တည်တော်မူပေသည်” ဟု အရှင်သာရိပုတ္တရာ၏ ဂုဏ်တို့ကို ကြည်ညိုသောကြောင့်သာ အရှင်သာရိပုတ္တရာကို မြတ်နိုးလေသည်။ အရှင်သာရိပုတ္တရာသည်လည်း “မြတ်စွာဘုရားအပေါ် ငါပြုလုပ်ရမည့် မျက်နှာသစ်ရေ ကပ်လှူခြင်းစသည့် ကိစ္စအားလုံးကို အာနန္ဒာ ပြုပေသည်။ အာနန္ဒာကို အမှီပြုပြီး ငါသည် သမာပတ်ကို အလိုရှိတိုင်း ဝင်စားခွင့်ရပေသည်” ဟု အရှင်အာနန္ဒာဂုဏ်တို့ကို ကြည်ညိုသောကြောင့် အရှင်အာနန္ဒာကို မြတ်နိုးလေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို အရှင်အာနန္ဒာကို ပြောကြားစေလိုသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့ထံ ချဉ်းကပ်လာသော အရှင်အာနန္ဒာကို “အာနန္ဒာ၊ သင်ကကော သာရိပုတ္တရာကို နှစ်သက်သဘောကျရဲ့လား” ဟု မိန့်တော်မူလေသည်။

“အာနန္ဒာ၊ သာရိပုတ္တရာရဲ့ အကျင့်၊ လှည့်လည်ကျက်စားသင့်ရာမှာ လှည့်လည်ကျက်စားမှု၊ နေထိုင်မှု၊ ရှေ့သို့ သွားမှု၊ နောက်သို့ သွားမှု၊ ရှေ့ရှုအရပ်ကို ကြည့်မှု၊ ထောင့်အရပ်ကို ကြည့်မှု၊ လက်ခြေကွေးမှု၊ ဆန့်မှုတို့ကို ငါဘုရား နှစ်သက်သဘောကျတော်မူသည်။ ၈၀ သော မဟာထေရ်တို့လည်း နှစ်သက်သဘောကျကြသည်။ လူ၊ နတ်၊ ဗြဟ္မာတို့လည်း နှစ်သက်သဘောကျကြသည်။ သင်ကော နှစ်သက်သဘောကျရဲ့လား” ဟု ဘုရားရှင်က မိန့်တော်မူလိုခြင်း ဖြစ်ပေသည်။

ထိုအခါ အရှင်အာနန္ဒာမှာ အရှင်သာရိပုတ္တရာ၏ ဂုဏ်တို့ကို လျှောက်ထားရတော့မည်ဖြစ်၍ ဝမ်းသာရွှင်ပျကာ “မြတ်စွာဘုရားသည် ငါချစ်ခင်ကြည်ညိုသည့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ပြောဆိုစေလိုနေတော်မူ၏။ ယနေ့ ဇမ္ဗူဒိပ်၏ အလံတံခွန်သဖွယ်ဖြစ်သည့် သပြေပင်

http://www.dhammadownload.com



ကြီးကို လှုပ်ခါသကဲ့သို့လည်းကောင်း၊ တိမ်တိုက်ကြားမှ လမင်းကို ထုတ်ဆောင်ပြီး ပြသသူကဲ့သို့လည်းကောင်း အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ပြောဆိုခွင့် ရပေတော့မည်" ဟု တွေးပြီး မြတ်စွာဘုရားအား ဤသို့ လျှောက်ထားလေသည်။

"မြတ်စွာဘုရား၊ လူဖျင်း လူအ မဟုတ်ရင်၊ ဒေါသထွက်သူ မဟုတ်ရင်၊ တွေဝေမိုက်မဲသူ မဟုတ်ရင်၊ ရူးသူမဟုတ်ရင် မည်သူမဆို အရှင်သာရိပုတ္တရာကို နှစ်သက်သဘောကျရာပါသည် ဘုရား။ မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာသည် ဓာတ်၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ အကြောင်းဟုတ်သည် မဟုတ်သည်၌ တတ်ကျွမ်းသော ပညာရှိပါ၏"

"မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာသည် ကြီးမားသော ပညာရှိပါ၏၊ ပြန့်ကျယ်သော ပညာ ရှိပါ၏၊ ရွှင်သောပညာ ရှိပါ၏၊ လျင်သော ပညာ ရှိပါ၏၊ ထက်သောပညာ ရှိပါ၏၊ ကိလေသာတို့ကို ဖောက်ထွင်းနိုင်သောပညာ ရှိပါ၏၊ အလိုနည်းပါ၏၊ ရောင့်ရဲလွယ်ပါ၏၊ နီဝရဏမှ ကင်းဆိတ်ပါ၏၊ လူတို့နှင့် ရောနှောခြင်းမှ ကင်းပါ၏၊ ထက်သန်သော လုံ့လ ရှိပါ၏၊ ရဟန်းတို့၏အပြစ်ကို တွေ့လျှင် တွေ့ရာအရပ်မှာပင် သွန်သင်ဆုံးမတတ်ပါ၏၊ သူ့ကို သူတစ်ပါးတို့က ဆုံးမသွန်သင်လာလျှင်လည်း ရိုသေလေးမြတ်စွာ ခံယူတတ်ပါ၏၊ သူတစ်ပါးအပြစ် ကျူးလွန်သည်ကိုတွေ့လျှင် ဘုရားစကားတော်နှင့်အညီ ဆုံးမသွန်သင်တတ်ပါ၏၊ မကောင်းသော ပုဂ္ဂိုလ်တို့နှင့် မကောင်းသော တရားတို့ကို ကဲ့ရဲ့တတ်ပါ၏။ မြတ်စွာဘုရား၊ လူဖျင်း၊ လူအ မဟုတ်ရင်၊ ဒေါသထွက်သူ မဟုတ်ရင်၊ တွေဝေမိုက်မဲသူ မဟုတ်ရင်၊ ရူးသူမဟုတ်ရင် မည်သူမဆို အရှင်သာရိပုတ္တရာကို နှစ်သက်သဘောကျပါသည် ဘုရား။"

အရှင်အာနန္ဒာက ဤသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ သင်လျှောက်ထားသည့်အတိုင်း မှန်ပေသည်။ အာနန္ဒာ

http://www.dhammadownload.com



သင် လျှောက်ထားသည့်အတိုင်း မှန်ပေသည်” ဟု မိန့်တော်မူကာ အရှင်အာနန္ဒာ ချီးမွမ်းသည့်အတိုင်း ချီးမွမ်းစကား မိန့်ကြားတော်မူလေသည်။

မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာတို့က အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို မိန့်ကြားတော်မူကြသောအခါ ဘုမ္မစိုးနတ်တို့သည် မြတ်စွာဘုရားနှင့်အရှင်အာနန္ဒာတို့ ချီးမွမ်းသည့် ဂုဏ်ထူး ၁၆ ခု တို့ဖြင့်ပင် အရှင်သာရိပုတ္တရာ၏ဂုဏ်ကို ပြောဆိုကြလေသည်။ ထို့နောက်မှ အာကာသစိုးနတ်များ၊ လနတ်သား၊ နေနတ်သား၊ စတုမဟာရာဇ်တို့မှ စ၍ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင်သော နတ်ဗြဟ္မာတို့က ထိုဂုဏ်ထူး ၁၆ ခု တို့ဖြင့်ပင် အရှင်သာရိပုတ္တရာ၏ဂုဏ်ကို ချီးမွမ်း ပြောဆိုကြလေသည်။ ဤနည်းအားဖြင့် စကြဝဠာတစ်ခုမှစ၍ စကြဝဠာတစ်သောင်းရှိ နတ်ဗြဟ္မာတို့သည် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုကြလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာ၏ အတူနေတပည့် ဖြစ်ခဲ့သော သုသိမ နတ်သားသည် “ဒီနတ်တွေဟာ သူတို့ရဲ့ နက္ခတ်ပွဲသဘင်၌ ပျော်ပါးမှုကို ဖယ်ရှားပြီး ဟိုဟိုဒီဒီအရပ်တွေ သွားကာ ငါ့ဥပဇ္ဈာယ်ဆရာရဲ့ ဂုဏ်တွေကိုသာ ပြောဆိုနေကြတယ်။ ငါလည်း မြတ်စွာဘုရားထံ သွားဦးမယ်။ သွားပြီး အရှင်သာရိပုတ္တရာ၏ ဂုဏ်ချီးမွမ်းခန်းကိုပဲ နတ်သား လျှောက်ထားတဲ့ စကားအဖြစ်ရောက်အောင် ပြုလုပ်ဦးမယ်” ဟု ကြံစည်ကာ များစွာသော နတ်ပရိသတ်ခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး ရှိခိုး၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်လျက် -

“မြတ်စွာဘုရား၊ မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာတို့ ချီးမွမ်းပြောဆိုကြသည့် စကားတို့သည် အဲဒီအတိုင်း မှန်ပါသည် ဘုရား”ဟု လျှောက်ထားကာ မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာတို့ ချီးမွမ်းကြသည့်အတိုင်းပင် ချီးမွမ်းစကား လျှောက်ထားလေသည်။

http://www.dhammadownload.com



"မြတ်စွာဘုရား၊ တပည့်တော် ချဉ်းကပ်ခဲ့ရာ နတ်ပရိသတ်မှာ အရှင်သာရိပုတ္တရာအား အရှင်ဘုရားတို့ ချီးမွမ်းကြသည့်အတိုင်း ချီးမွမ်း ပြောဆိုနေကြသံတွေကို များစွာ ကြားနေရပါတယ် ဘုရား" ဟုလည်း လျှောက်ထားလေသည်။

အရှင်သာရိပုတ္တရာ၏ဂုဏ်ကို ချီးမွမ်းပြောဆိုစဉ် သုသိမနတ်သား ၏ နတ်ပရိသတ်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်ကြသည်ဖြစ်၍ ထို နတ်ပရိသတ်၌ အနီရောင်ရှိရာအရပ်သည် အလွန်အကဲ နီလာလေ သည်။ အဝါရောင်ရှိရာ အရပ်သည် အလွန်အကဲ ဝါလာလေသည်။ အညိုရောင်ရှိရာ အရပ်သည် အလွန်အကဲ ညိုလာလေသည်။ အဖြူ ရောင်ရှိရာ အရပ်သည် အလွန်အကဲ ဖြူလာလေသည်။ ဥပမာအားဖြင့် ပြရလျှင် ပတ္တမြားတစ်လုံးသည် ကြောင်မျက်ရွဲ ဖြစ်၏၊ တင့်တယ် ကောင်းမြတ်၏၊ ထွက်ရာအရပ်ဒေသ ကောင်း၏၊ ပွတ်တိုက်ဆေးကြော ခြင်းစသော ပြုဖွယ်ဟူသမျှ ပြုပြီးဖြစ်၏၊ ရှစ်ထောင့်ရှိ၏၊ နီသော ကမ္ဗလာ ပေါ်တွင် တင်ထားအပ်၏။ နောက်ဥပမာအားဖြင့်ပြရလျှင် အလွန်ကျွမ်းကျင် သည့် ပန်းပဲဆရာ၏ သား၏ ဖိုဝ၌ မီးပေး၍ လှော်ပြီး ဦးပြီးသော ဇမ္ဗော နဒရွှေဖြင့် ပြုလုပ်သော အဆင်တန်ဆာသည် နီသောကမ္ဗလာပေါ်တွင် တင်ထားလျှင် တင့်တယ်တောက်ပသကဲ့သို့လည်း ဖြစ်ပါသည်။

နောက်ဥပမာတစ်မျိုးအားဖြင့် ပြရလျှင် သရဒဥတုအခါတွင် ဝေး သော မိုးတိမ်ကင်းစင်သော ကောင်းကင်ဝယ် နေမင်းသည် ကောင်းကင် ရှိ အမိုက်မှောင်အားလုံးကို ပယ်ရှားပြီး တင့်တယ်တောက်ပသကဲ့သို့ လည်း ဖြစ်ပါသည်။

ထိုအခါ သုသိမနတ်သားသည် အရှင်သာရိပုတ္တရာကို အကြောင်း ပြုပြီး မြတ်စွာဘုရားအထံ၌ ဂါထာဖြင့် အောက်ပါစကားကို လျှောက် ထားပါသည်။

http://www.dhammadownload.com



"အရှင်သာရိပုတ္တရာသည် ပညာရှိဟု ကောင်းစွာ ထင်ရှား၏။ အမျက် ဒေါသမရှိ၊ အလို နည်း၏၊ ကောင်းသောအမှု၌ မွေ့လျော်၏၊ ယဉ်ကျေး၏၊ မြတ်စွာဘုရား ချီးမွမ်းအပ်သော ဂုဏ်တို့ ရှိ၏။"

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကို အကြောင်းပြုပြီး သုသိမနတ်သားအား ဂါထာဖြင့် အောက်ပါစကားတို့ကို ပြန်လည်မိန့်ကြားတော်မူခဲ့ပါသည်။

"သာရိပုတ္တရာသည် ပညာရှိဟု ကောင်းစွာ ထင်ရှား၏။ အမျက်၊ ဒေါသ မရှိ၊ အလို နည်း၏၊ ကောင်းသောအမှု၌ မွေ့လျော်၏၊ ယဉ်ကျေး၏၊ လွန်စွာ ယဉ်ကျေး၏၊ ပရိနိဗ္ဗာန်စံရမည့် အချိန်အခါကို တောင့်တနေ၏။"

http://www.dhammadownload.com

## ၃၇။ သူတစ်ပါးကျေးဇူးကို သိပြီး တုံ့ပြန်ခဲ့သော အရှင်သာရိပုတ္တရာလျှောင်းလျှာ

ဆွမ်းတစ်ဇွန်း လောင်းလှူဖူးသော ရာဓပုဏ္ဏားဧ် ကျေးဇူးကိုပင် မမေ့ဘဲ ကျေးဇူးဆပ်သည့်အနေဖြင့် ရာဓပုဏ္ဏားကို ရဟန်းဝတ်ပေးခဲ့သော အရှင်သာရိပုတ္တရာ၏ ကျေးဇူးသိတတ်မှု ကျေးဇူးပြန်ဆပ်မှုတို့ကို အကြောင်းပြုပြီး သံဃာ့သဘင်၌ ရဟန်းတော်တို့က "ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာသည် သူတစ်ပါးကျေးဇူးကိုလည်း သိတော်မူပါပေတယ်။ သူတစ်ပါးအား ကျေးဇူးဆပ်မှုကိုလည်း ပြုတော်မူပါပေတယ်" ဟု ချီးမွမ်းစကား ပြောဆိုနေကြလေ၏။ ထိုချီးမွမ်းစကားကို ကြားတော်မူသော မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့၊ သာရိပုတ္တရာ၏ ယခုနောက်ဆုံးဘဝမှာ သူတစ်ပါးကျေးဇူးကိုသိခြင်း ကျေးဇူးတုံ့ပြန်၍ ဆပ်ခြင်းဟာ မအံ့သြလောက်သေးဘူး။ သာရိပုတ္တရာဟာ ရှေးအခါက တိရစ္ဆာန်ဖြစ်စဉ်ကလည်း သူတစ်ပါးကျေးဇူးကို သိခဲ့တယ်။ ဆပ်လည်း ဆပ်ခဲ့တယ်" ဟု မိန့်တော်မူပါသည်။ ရဟန်းတို့က "မြတ်စွာဘုရား၊ အဘယ်အခါမှာပါနည်း ဘုရား" ဟု မေးလျှောက်ကြသဖြင့် မြတ်စွာဘုရားသည် အတိတ်ဖြစ်ရပ် အလီနစိတ္တဇာတ်ကို ဤသို့ ဟောတော်မူခဲ့ပါသည်။

http://www.dhammadownload.com



## ဆင်ပြောင်ကြီးကို ဆေးကုပေးကြသော လက်သမားများ

ရဟန်းတို့၊ လွန်လေပြီးသောအခါဝယ် တောင်ခြေ၌ နေထိုင်ကြသည့် လက်သမားယောကျ်ား ၅၀၀ တို့သည် တောအုပ်ကြီးအတွင်းသို့ ဝင်၍ သစ်အဆောက်အဦးတို့ကို ဖြတ်တောက်ခုတ်ရွေကြပြီး ကြီးစွာသော ဖောင်ကို ဖွဲ့လျက် မြစ်ကြောအတိုင်း မျှောဆောင်လေ့ ရှိကြကုန်၏။ ထို့နောက် ဆင်ပြောင်ကြီးတစ်ကောင်သည် မြေမညီညွတ်သည့် တစ်ခုသောနေရာ၌ နှာမောင်းဖြင့် သစ်ခက်ကိုချိုးယူသောအခါ သစ်ခက်ကျိုးက ကြီးမားလှသဖြင့် ထိုသစ်ခက်အကျိုး၏အဟုန်ကို မထိန်းမဆောင်နိုင်တော့ဘဲ ထက်လှစွာသော သစ်ငုတ်တစ်ခု၌ ခြေဖြင့် နင်းမိလေ၏။ ခြေထောက်ကို သစ်ငုတ်စူးဝင်သဖြင့် ဆင်ပြောင်ကြီး၏ ကိုယ်မှာ ဒုက္ခ ဝေဒနာတို့ ပြင်းစွာ ဖြစ်လေကုန်၏။ ဆင်ပြောင်ကြီးသည် အလွန်နာကျင်လှ၍ ခရီးဆက်ပြီး မသွားနိုင်တော့ဘဲ ထိုနေရာ၌ပင် လဲလျောင်း၍ နေရလေ၏။

ဆင်ပြောင်ကြီးသည် နှစ်ရက်၊ သုံးရက်လွန်သောအခါ ထို လက်သမားများ မိမိ၏အနီးမှ သွားကြသည်တို့ကို မြင်၍ "ဤလက်သမားတို့ကို အမှီပြုပြီးလျှင် ငါသည် အသက်ရှင်မှုကို ရပေလိမ့်မည်" ဟု ကြံစည်အောက်မေ့ကာ ထိုလက်သမားတို့၏နောက်သို့ ထပြီး လိုက်ပါသွားလေ၏။ လက်သမားတို့သည် နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ဆင်ပြောင်ကြီးကို မြင်ရသဖြင့် အလွန်ကြောက်လန့်ကာ ပြေးသွားကြလေသည်။ ဆင်ပြောင်ကြီးသည် လက်သမားများ ကြောက်သဖြင့် ပြေးသောအခါ ရပ်တည်နေ၍ တစ်ဖန်လက်သမားတို့ ရပ်ပြန်သောအခါ လိုက်ပြန်လေသည်။

အမြော်အမြင် ပညာရှိသော လက်သမားဆရာကြီးသည် "ဤဆင်ကြီးကား ငါတို့ရပ်ကြလျှင် လိုက်လာ၍ ငါတို့ပြေးကြလျှင် ရပ်တည်

http://www.dhammadownload.com



နေ၏။ ဤသို့ပြုလုပ်ရာ၌ အကြောင်းထူးတစ်ခုခု ရှိရမည်” ဟု ကြံစည် ဆင်ခြင်မိလေ၏။ ထို့နောက် လက်သမားများအားလုံးပင် ထိုထိုသစ်ပင် ထက်သို့ တက်ကြ၍ ဆင်ပြောင်ကြီးအလာကို စောင့်နေကြကုန်၏။ ဆင် ပြောင်ကြီးသည် ထိုလက်သမားတို့အထံသို့ သွားရောက်၍ မိမိ၏ သစ် ငုတ်စူးနေသော ခြေကို ပြန်လှဲလျက် ပြသကာ လဲလျောင်းနေလေ၏။ ထိုအခါ လက်သမားတို့ စိတ်သန္တာန်ဝယ် “အမောင်တို့ ဤဆင်ကြီးသည် မကျန်းမမာသောကြောင့် အနီးသို့ ငါတို့နောက်သို့ လိုက်ပါလာ၏။ အခြားအကြောင်းကြောင့် မဟုတ်” ဟု အသိဉာဏ်ဝင်လာပြီး ဆင်ပြောင် ကြီးအနီးသို့ သွားရောက်ကြည့်ရှုကြသောအခါ ခြေဖဝါး၌ စူးဝင်နေသော သစ်ငုတ်ငြောင့်ကြီးကို မြင်ကြ၍ “ဤငြောင့်စူးနေခြင်း ဟူသော အကြောင်းကြောင့် ဤဆင်ကြီးသည် ငါတို့နောက်သို့ လိုက်ပါလာသည်” ဟု အမှန်အတိုင်း စဉ်းစားသိရှိလာကြသဖြင့် ထက်လှစွာသော ပဲခွပ်ဖြင့် သစ်ငုတ်ငြောင့်ကြီး၏ အစွန်အဖျား၌ အရေးအရစ် ထွင်းလှစ်ကြပြီး မြဲမြံ စွာသော ကြိုးဖြင့် ဖွဲ့ချည်ကာ ဆွဲငင်ထုတ်ကြလေသည်။ ထို့နောက်မှ ဆင်ပြောင်ကြီး၏ ဖဝါးအနာဝကို ညှစ်၍ ပြည်သွေးများကို ထုတ်ပစ်ကြ လျက် ဖန်ဆေးကြပြီးနောက် မိမိတို့တတ်သိမှတ်မိသော ဆေးဝါးများကို လိမ်းကျံပေးကာ မကြာမီပင် ပကတိချမ်းသာအောင် ပြုစုကုသပေးကြ လေသည်။

## လက်သမားတို့အား ကျေးဇူးဆပ်သောအားဖြင့်

ဆင်ပြောင်ကြီးသည် နာလန်ထပြီးနောက် “ဤ လက်သမားတို့ သည် ငါ၏အပေါ်၌ အလွန်ကျေးဇူးများကြကုန်၏။ ငါသည် ဤ လက် သမားတို့အပေါ်၌ ကျေးဇူးကို သိသူ ကျေးဇူးကို တုံ့ဆပ်သူ ဖြစ်မှ သင့် တော်မည်” ဟု ကြံစည်ကာ မိမိနေရာ တောအရပ်သို့ သွားရောက်၍ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ဂန္ဓအမျိုး မင်္ဂလာဆင်ဖြူတော် သားငယ်

http://www.dhammadownload.com



ကို ခေါ်ဆောင်၍ လာလေ၏။ လက်သမားတို့သည် ဆင်ဖြူတော် သားငယ်ကို မြင်ရလေလျှင် “ငါတို့၏ဆင်ကြီးသည် သားကိုလည်း ခေါ်ဆောင်၍ လာလေပြီ” ဟု အလွန်အားရဝမ်းမြောက်သော စိတ်ရှိကြလေကုန်၏။ ထို့နောက် ဆင်ကြီးသည် “ငါ ဤအရပ်၌ ဆက်လက်တည်ရှိနေလျှင် ‘အဘယ်ကြောင့် ဤဆင်ကြီး လာသည်’ ဟု ငါ၏ လာရောက်ခြင်း အကြောင်းကို လက်သမားများ သိကြလိမ့်မည် မဟုတ်” ဟု ကြံစည်၍ မိမိရပ်တည်ရာဌာနမှ ဖဲသွားလေ၏။

ဆင်ဖြူတော်သားငယ်သည် ဖခင်ဆင်ပြောင်ကြီး၏ နောက်မှ လိုက်လေ၏။ ဆင်ပြောင်ကြီးသည် သားငယ်လိုက်ပါလာသည်ကို သိ၍ လက်သမားတို့ထံ ပြန်နေရစ်ဖို့ရန် အသံဖြင့် အမှတ်အသားကို ပေးလေ၏။ သားငယ်ဆင်ဖြူတော်ကလေးသည် ဖခင်ဆင်ပြောင်ကြီး၏ စကားအသံ ကို ကြားသိရ၍ ပြန်နေရစ်ပြီး လက်သမားတို့အထံသို့ သွားရောက်လေ၏။ ထိုအခါရောက်မှ လက်သမားတို့သည် “ဤဆင်ပြောင်ကြီးကား ဤ မိမိသားငယ်ဆင်ဖြူတော်ကလေးကို ငါတို့အား ပေးဖို့ရန် လာရောက်သည် ဖြစ်လိမ့်မည်” ဟု သိကြ၍ သားငယ်ဆင်ဖြူတော်ကလေးကို “ငါတို့၏ အထံ၌ သင်ပြုလုပ်ရမည့်ကိစ္စ မရှိပါ။ သင့်ဖခင်၏ အထံသို့သာလျှင် ပြန်သွားလော့” ဟု ခွင့်ပြုစေလွှတ်ကြကုန်၏။ ဆင်ပြောင်ကြီးသည် မိမိ၏ သားငယ်ကို သုံးကြိမ်တိုင်တိုင် မိမိအထံသို့ လာရောက်သော်လည်း တစ်ဖန် လက်သမားတို့၏အထံသို့သာလျှင် သားငယ်ကို ပြန်၍စေလွှတ်လေ၏။

## ဖခင်စကားကို လိုက်နာသော ဆင်ဖြူတော်လေး

ထိုအချိန်မှစ၍ လက်သမားတို့သည် ဆင်ဖြူတော်ငယ်ကို မိမိတို့အထံ၌သာ ထား၍ ကျွေးမွေးကြလေကုန်၏။ ထမင်းစားချိန်၌ လက်သမားတစ်ယောက်တစ်ယောက်လျှင် ထမင်းတစ်ဆုပ်တစ်ဆုပ်ကျ ဆင်

http://www.dhammadownload.com



ဖြူတော်ငယ်အား ပေးကြလေ၏။ ထို့ကြောင့် ထိုဆင်ဖြူတော်ငယ်အဖို့ ရာ အစာထမင်းသည် လိုသလောက် ပြည့်စုံလေ၏။ ဆင်ဖြူတော်ငယ်သည် လက်သမားများ တောတွင်း၌ ဖြတ်တောက်ခုတ်ရွေအပ်ပြီးသမျှသော သစ်အဆောက်အဦးအားလုံးကို တောမှ ထုတ်ဆောင် သယ်ယူခဲ့၍ ဟင်းလင်းလွင်ပြင်၌ စုပုံ၍ထားလေ၏။ ဤနည်းဖြင့်ပင် လက်သမားတို့ အပေါ်ဝယ် အခြားကျေးဇူးကိုလည်း ပြုပေးလေ၏။

ထိုအချိန်မှစ၍ ဆင်ဖြူတော်ကလေးသည် လက်သမားတို့၏ စကားကို လိုက်နာဆုံးမသည်ကို ခံယူလျက် ခပ်သိမ်းသော အလုပ်ကိစ္စတို့ကို ဆောင်ရွက်ပြုလုပ်ပေးလေသည်။ ထိုလက်သမားတို့ကလည်း ဆင်ဖြူတော် ကလေးကို နေ့စဉ် နေ့စဉ် ထမင်းတစ်လုတ်ကျစီ ပေး၍ မွေးမြူကြကုန်၏။ ဆင်ဖြူတော်ကလေးသည် အလုပ်ပြီးဆုံးလျှင် မြစ်သို့ ဆင်း၍ ရေချိုး ရေကစားပြီးမှ ပြန်လာ၏။ လက်သမားတို့၏ သားငယ်များသည်လည်း ဆင်ဖြူတော်ကလေးကို နှာမောင်း၌သည်တို့၌ ဆွဲကိုင်ကြကာ ရေ၌ လည်းကောင်း၊ ကုန်း၌လည်းကောင်း ဆင်ဖြူတော်လေးနှင့် အတူတကွ ကစားကြကုန်၏။

အထူးသဖြင့် ဆင် အာဇာနည်၊ မြင်း အာဇာနည်၊ ယောက်ျား အာဇာနည်တို့သည် ရေ၌ ကျင်ကြီး၊ ကျင်ငယ်ကို မစွန့်ကြကုန်။ ထို့ကြောင့် ဆင်ဖြူတော်ကလေးသည်လည်း မြစ်အတွင်း၌ ကျင်ကြီး၊ ကျင်ငယ်ကို မစွန့်ဘဲ မြစ်မှလွတ်ရာ အပြင်အပ၌သာ ကျင်ကြီး၊ ကျင်ငယ်ကို စွန့်လေသည်။

## ဆင်ဖြူတော်လေးကို အလိုရှိနေသော ဗာရာဏသီမင်း

တစ်နေ့သ၌ ဗာရာဏသီပြည်မှ အထက်မြစ်ညာဝယ် ဆင်ဖြူတော်ကလေး နေရာ၌ မိုးသည်းထန်စွာ ရွာသွန်းလေ၏။ ထိုအခါ ဆင်ဖြူတော်ကလေး မြစ်အပြင်အပ၌ စွန့်ထားသော ကျင်ကြီးခြောက်တစ်ခုသည်

http://www.dhammadownload.com



မိုးကျရေဖြင့် မြစ်အတွင်းသို့ သက်ရောက်သွားပြီး ဗာရာဏသီမြို့တော် ရေဆိပ်ဝယ် တစ်ခုသော ချုံ၌ ငြိတွယ်၍ တည်လေ၏။ ထိုအခါ မင်းကြီး၏ ဆင်ထိန်းတို့သည် "ဆင်များကို ရေချိုးပေးကုန်အံ့" ဟု ကြံ၍ ဆင်အစီး ၅၀၀ တို့ကို မြစ်ဆိပ်သို့ မောင်းနှင်ခေါ် ဆောင်လာကြကုန်၏။

အာဇာနည်ဆင်ဖြူတော်ကလေး၏ ကျင်ကြီးနံ့ကို နမ်းရှူမိကြ၍ ဆင်တစ်ကောင်မျှ မြစ်တွင်းသို့ မဆင်းဝံ့ကြဘဲ ဆင်အားလုံးတို့ပင် အမြီးကို ထောင်၍ ပြေးရန် အားထုတ်ကြကုန်၏။ ဆင်ထိန်းတို့သည် ဆင်ဆေးဆရာတို့အား ထိုအကြောင်းကို ပြောကြားကြကုန်၏။ ဆင် ဆေးဆရာတို့သည် "ရေထဲ၌ တစ်စုံတစ်ခု ဘေးရန်ရှိသည် ဖြစ်လိမ့်မည်" ဟု ပြောကာ ရေကို သုတ်သင်စေကြသောအခါ ချုံပုတ်၌ ကပ်ငြိနေသော ဆင်အာဇာနည်၏ ကျင်ကြီးကို တွေ့မြင်ကြ၍ "ဤဆင်များ ပြေးသွားရန် အားထုတ်မှု၌ ဤကျင်ကြီးသည် အကြောင်းရင်း ဖြစ်သည်" ဟု သိရှိကြကာ အိုးစရည်းကို ယူဆောင်စေ၍ ရေအပြည့်ထည့်ကြလျက် ထိုဆင်အာဇာနည်၏ ကျင်ကြီးကို အိုးစရည်းအတွင်း၌ နယ်စေကြပြီး ၅၀၀ သော ဆင်တို့၏ ကိုယ်၌ လောင်းစေကြကုန်၏။ ဆင်များ၏ ကိုယ်တို့သည် ရနံ့ကောင်းများ မွှေးကြိုင်လှိုင်၍ နေကုန်၏။ ထိုအခါမှာမှ ဆင်တို့သည် မြစ်သို့ ဆင်း၍ ရေချိုးကြလေကုန်၏။

ဆင်ဆေးဆရာတို့သည် ထိုအကြောင်းကို မင်းကြီးအား ပြောကြားပြီး "အရှင်မင်းကြီး ထိုဆင်အာဇာနည်ကို တွေ့အောင်ရှာ၍ ရွှေနန်းတော် အရောက် ဆောင်ယူမှ သင့်တော်မည်" ဟု လျှောက်ထားကြလေ၏။ မင်းကြီးသည် လှေအပေါင်းတို့ဖြင့် မြစ်ကိုဆန်တက်ခဲ့ရာ အထက်မြစ်ညာသို့ ဆန်သော လှေအပေါင်းတို့ဖြင့် လက်သမားများနေရာ တောင်ခြေတောအုပ်သို့ ရောက်လေ၏။ ဆင်ဖြူတော်ကလေးသည် မြစ်ဆိပ်၌ ရေကစားစဉ် စည်သံကို ကြား၍ ပြေးသွားကာ လက်သမားတို့၏အနီး၌

http://www.dhammadownload.com



ရပ်တည်လာလေ၏။ လက်သမားတို့သည် မင်းကြီးအား ခရီးဦးကြိုဆိုကြပြီး “အရှင်မင်းကြီး၊ အကယ်၍ သစ်သားတို့ကို အလိုရှိပါလျှင် အဘယ်ကြောင့် မင်းကြီးကိုယ်တိုင် ကြွရောက်တော်မူလာရပါသနည်း။ တမန်စေလွှတ်၍ အဆက်အသခိုင်းရန် မသင့်လျော်ပါသလော” ဟု လောကဝတ် ပျူငှာစကား လျှောက်ထားကြကုန်၏။

မင်းကြီးက “အမောင် လက်သမားတို့၊ ငါသည် သစ်သားတို့ကို ရယူရန်အကျိုးငှာ လာသည် မဟုတ်။ စင်စစ်သော်ကား သင်တို့ထံမှာ ရှိနေသည့် ဤဆင်ဖြူငယ်ကို ရယူရန် အလို့ငှာ ငါ လာရောက်ပေသည်” ဟု မိန့်ဆိုလေလျှင် လက်သမားတို့သည် “အရှင်မင်းကြီး၊ ထိုသို့ဖြစ်လျှင် အလိုတော်ရှိတိုင်း ဖမ်းယူစေ၍ ကြွသွားတော်မူကြပါကုန်လော့” ဟု ခွင့်ပြုစကား လျှောက်ထားကြကုန်၏။

## ဗာရာဏသီမင်းနောက် လိုက်ပါသွားရသော ဆင်ဖြူတော်လေး

ဆင်ဖြူတော်ကလေးသည် လိုက်ပါခြင်းငှာ အလိုမရှိ။ ဆင်ဆရာတို့က ဖမ်းယူဆွဲဆောင်ကြသော်လည်း ကြံ့ကြံ့ရပ်တည်၍သာ နေ၏။ ထိုအခါ မင်းကြီးက ဆင်ဆရာတို့ကို “အမောင် ဆင်ဆရာတို့ ဆင်ဖြူတော်သည် အဘယ်အမှုကို ပြုစေလိုသနည်း” ဟု မေး၍ ဆင်ဆရာတို့က “အရှင်မင်းကြီး၊ ဆင်ဖြူတော်သည် လက်သမားတို့အား ကျွေးမွေးခကို ပေးဆောင်စေလိုပါ၏” ဟု လျှောက်ထားသောအခါ မင်းကြီးသည် “ကောင်းပြီ အမောင်တို့” ဟုဆို၍ ဆင်ဖြူတော်၏ ခြေလေးဖက် နှာမောင်း အမြီး ဤခြောက်ဌာနတို့ အနီး၌ အသပြာတစ်သိန်းစီ တစ်သိန်းစီကို စုပုံထားစေလေ၏။ ဆင်ဖြူတော်သည် ဤခြောက်သိန်းသော အသပြာမျှဖြင့်လည်း မလိုက်ပါပြန်သဖြင့် လက်သမားအားလုံးတို့အား ဝတ်စုံတစ်စုံစီ၊ လက်သမားမယားတို့အား ထဘီဝတ်စုံ တစ်စုံစီ မိမိနှင့် ကစားဖော်သူငယ်တို့အား သူငယ်တို့အသုံးအဆောင် အစုံအလင်ကို

http://www.dhammadownload.com



မင်းကြီးက ပေးစေလေသည်။ ထိုသို့ ပေးစေမှသာလျှင် ဆင်ဖြူတော်သည် လက်သမားများ၊ လက်သမားမိန်းမများ၊ ကစားဖော် သူငယ်များကို ပြန်နစ်ကာ ကြည့်လျက် ကြည့်လျက်ပင် မင်းကြီးနှင့် တကွ လိုက်ပါလာလေ၏။

မင်းကြီးသည် ဆင်ဖြူတော်ကို ယူဆောင်၍ မြို့သို့ ရောက်သောအခါ မြို့ကိုလည်းကောင်း၊ ဆင်တင်းကုပ်ကို လည်းကောင်း၊ တန်ဆာဆင်စေ၍ ဆင်ဖြူတော်ကို မြို့ကို လက်ယာရစ် လှည့်လည်စေလျက် ဆင်တင်းကုပ်သို့ သွင်းပြီး ဆင်တော်ဆိုင်ရာ အဆင်တန်ဆာအစုံတို့ဖြင့် တန်ဆာဆင်ကာ မင်္ဂလာအဘိသိက် သွန်းတော်မူပြီးလျှင် မင်းစီးဆင်ပြုလုပ်၍ မိမိ၏ အဆွေတော်အရာ၌ ထားလျက် တိုင်းပြည်၏ စည်းစိမ်တစ်ဝက်ကို ဆင်ဖြူတော်အား ပေးပြီးလျှင် မိမိ၏အဆောင်အယောင်အခမ်းအနားတူ ပြုမူချီးမြှောက်တော်မူလေ၏။ ဆင်ဖြူတော်ရောက်သည့် အချိန်မှစ၍ ဗာရာဏသီမင်းကြီး၏အဖို့ရာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ မင်းအဖြစ်သည် လက်တော်သို့ ရောက်ပြီး (ရပြီး) သာလျှင်ဖြစ်လေ၏။

## ဘုရားအလောင်းတော် အလီနစိတ္တမင်းသား

ဤနည်းဖြင့် အချိန်အတန်ကြာသောအခါ ဘုရားအလောင်းတော်သည် ထိုဗာရာဏသီမင်းကြီး၏ မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေ ယူနေတော်မူလာ၏။ မိဖုရားကြီး၏ ကိုယ်ဝန်ရင့်ကျက်သောအခါ ဗာရာဏသီမင်းကြီး နတ်ရွာစံလေ၏။ ဆင်ဖြူတော်သည် အကယ်၍ မင်းကြီးနတ်ရွာစံကြောင်း သိရှိလျှင် ထိုသိရာနေရာမှာပင် နှလုံးကွဲ၍ သေပွဲဝင်လေရာ၏။ ထို့ကြောင့် မှူးမတ်တို့က မင်းကြီး နတ်ရွာစံကြောင်း အသိမပေးကြဘဲ ပြုစုလုပ်ကျွေးမြဲ လုပ်ကျွေး၍ ထားကြလေ၏။

အထူးအားဖြင့် ဗာရာဏသီမင်းကြီး နတ်ရွာစံကြောင်း ကြားရ၍ "ဗာရာဏသီပြည်သည် မင်းမှ ဆိတ်သုဉ်းနေသတဲ့" ဟု အိမ်နီးချင်း

http://www.dhammadownload.com



ကောသလဘုရင် သိသောအခါ များစွာသော စစ်တပ်ကြီးဖြင့် လာရောက်၍ မြို့ကို ဝန်းရံထားလေ၏။ ဗာရာဏသီမြို့သားတို့သည် ကောသလမင်းအထံသို့ "အကျွန်ုပ်တို့ မင်းကြီး၏ မိဖုရားခေါင်ကြီးသည် ယခုအခါ ကိုယ်ဝန်အရင့်အမာရှိနေ၍ 'ယနေ့မှ နောက် ခုနစ်ရက်မြောက်၌ သားတော်ကို ဖွားမြင်လိမ့်မည်' ဟု အင်္ဂဝိဇ္ဇာတတ် လက္ခဏာဖတ် ဆရာတို့က ဟောဆိုကြပါသည်။ အကယ်၍ မိဖုရားကြီးက သားတော်ကို ဖွားမြင်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် ခုနစ်ရက်မြောက်နေ့၌ တိုင်းပြည်ကိုကား မပေး၊ စစ်ထိုးခြင်းကိုသာလျှင် ပေးကြပါကုန်အံ့။ ဤခုနစ်ရက်ကြာကာလပတ်လုံး စောင့်ဆိုင်းကုန်လော့' ဟု သတင်းစကား ပို့သကြသည်။ ကောသလမင်းသည် "ကောင်းပြီ" ဟု သဘောတူ လက်ခံလေ၏။

မိဖုရားကြီးသည် ခုနစ်ရက်မြောက် ရောက်သောနေ့၌ သားတော်ကို မီးရှူးသန့်စင် ဖွားမြင်လေ၏။ ထိုမင်းသားကို နာမည်မှည့်ရာနေ့၌ တိုင်းသားပြည်သူ လူအပေါင်းမှာ မဆုတ်နစ်သော စိတ်ကို ဖြစ်ပေါ်စေလျက် ဖွားမြောက်သန့်စင်လာသောကြောင့် "အလီနစိတ္တမင်းသား"ဟူ၍ နာမည်မှည့်ခေါ်ကြလေသည်။

(အလီနစိတ္တ = မဆုတ်နစ်သော စိတ်ကို ဖြစ်ပေါ်စေတတ်သော မင်းသားဟု ဆိုလိုသည်။)

## ဆင်ဖြူတော်အား သားတော်လေးကို အပ်ပေးနေသော မိဖုရားကြီး

အယူးအားဖြင့် မင်းသားဖွားမြင်ရာနေ့မှစ၍ ဗာရာဏသီမြို့သားတို့သည် ကောသလမင်းနှင့် ပြိုင်ဆိုင်စစ်ထိုးကြလေကုန်၏။ သို့သော်လည်း စစ်မြေဦးစီး ဘုရင်မင်းတရား မရှိသောကြောင့် များလှစွာသော စစ်သည် ဗိုလ်ပါတို့ စစ်ထိုးရင်း၊ စစ်ထိုးရင်းပင် အနည်းငယ် စိတ်ဓာတ်ကျဆင်း ဆုတ်နစ်၍ လာလေ၏။

http://www.dhammadownload.com



အမတ်တို့သည် ထိုအကြောင်းကို မိဖုရားကြီးအား ပြောကြားကြ၍ "အရှင်မိဖုရား၊ အကျွန်ုပ်တို့သည် ဤနည်းအတိုင်း စစ်သည်ဗိုလ်ပါများ စိတ်ဓာတ်ကျဆင်း ဆုတ်နစ်နေပါလျှင် စစ်ရှုံးမည်မှာ ကြောက်လန့်ကြရပါသည်။ အထူးလျှောက်ထားလိုသည်မှာ အကျွန်ုပ်တို့မင်းကြီး နတ်ရွာစံကြောင်း၊ သားတော်ဖွားမြင်ကြောင်း ကောသလမင်းကြီး လာရောက်၍ ကျွန်ုပ်တို့တိုင်းပြည်ကို စစ်ထိုးနေကြောင်းများကို မင်းကြီး၏ အဆွေမင်္ဂလာဆင်ဖြူတော် မသိရှိသေးပါ။ထိုအကြောင်းများကို မင်္ဂလာဆင်ဖြူတော်ကို အသိပေးကြပါကုန်စို့လား" ဟု မေးမြန်း တိုင်ပင်ကြလေကုန်၏။

မိဖုရားကြီးသည် "ကောင်းပြီ" ဟု ဝန်ခံ၍ သားတော်ကို တန်ဆာဆင်ပြီးလျှင် ဘွဲ့ဖြူခြင်းနှီး၌ လဲလျောင်းစေကာ ပြာသာဒ်မှ ဆင်း၍ အမတ်အပေါင်းခြံရံလျက် ဆင်တင်းကုပ်သို့ သွားရောက်ပြီး ဘုရားအလောင်းတော်မင်းသားကိုဆင်ဖြူတော်၏ခြေရင်း၌ သိပ်ထား၍ "အိုအရှင်ဆင်ဖြူတော်မင်း၊ အရှင်ဆင်မင်း၏ သူငယ်ချင်းကား နတ်ရွာစံလေပြီ။ အကျွန်ုပ်တို့သည် အရှင်ဆင်မင်း နှလုံးကွဲ၍ သေပွဲဝင်ရမည့် ဘေးမှ ကြောက်သဖြင့် မလျှောက်ထားခဲ့ကြပါကုန်။ ဤမင်းသားကား အရှင်ဆင်မင်းသူငယ်ချင်း၏ သားတော် ဖြစ်ပါသည်။ ယခုအခါ ကောသလမင်း လာရောက်၍ မြို့ကို ဝန်းရံပြီး အရှင်ဆင်မင်းသူငယ်ချင်း၏ သားတော်နှင့် စစ်ထိုးလျက် ရှိပါသည်။ ဗိုလ်ပါများလည်း စိတ်ဓာတ်ကျဆင်း ဆုတ်နစ်လျက်ရှိပါသည်။ မင်းသားကို အရှင်ဆင်မင်းပင် သတ်လိုမူလည်း သတ်လော့။ အရှင်ဆင်မင်းပင် မင်းသားအား မင်းအဖြစ်ကို ယူ၍ ပေးလိုမူလည်း ပေးလော့" ဟု မိဖုရားကြီးက ပြောဆိုလေ၏။

http://www.dhammadownload.com



## ကောသလမင်းကို အရှင်လတ်လတ် ဖမ်းပေးသော ဆင်ဖြူတော်လေး

ထိုအခါ ဆင်ဖြူတော်သည် ဘုရားအလောင်းတော် အလီနစိတ္တမင်းသားငယ်ကို နှာမောင်းဖြင့် သုံးသပ်ပွေ့မြှောက်ချီ၍ ဦးကင်း၌ ထားကာ သည်းထန်စွာ ငိုကြွေးလျက် ဘုရားအလောင်းတော်ကို ဦးကင်းမှ ပြန်ချပြီး မိဖုရားကြီး၏လက်၌ သိပ်ထားစေပြီးမှ "ကောသလမင်းကို အရှင်လတ်လတ် ငါ ဖမ်းယူအံ့" ဟု ကြုံးဝါးလျက် ဆင်တင်းကုပ်မှ ထွက်လေ၏။ ထိုအခါ အမတ်တို့က ဆင်ဖြူတော်အား ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ပေးပြီး မြို့တံခါးကို ဖွင့်ကြကာ ဆင်ဖြူတော်ကို ဝန်းရံကုန်လျက် မြို့မှ ထွက်ကြလေကုန်၏။ ဆင်ဖြူတော်သည် မြို့မှ ထွက်ပြီး ကြုံးကြာသံကို ဟစ်လျက် လူအပေါင်းကို ထိတ်လန့်ပြေးသွား ဖယ်ရှားစေ၍ ရန်သူမင်း၏ ဗိုလ်ပါရဲမက်အစုကို ဖောက်ထွင်းပြီးနောက် ရန်သူကောသလမင်းကို ဦးသျှောင်၌ဆွဲယူဖမ်းဆောင်ခဲ့၍ ဘုရားအလောင်းတော် အလီနစိတ္တမင်းသားငယ်၏ခြေရင်း၌ လဲလျောင်းစေ၍ ကောသလမင်းကို သတ်ဖို့ရန် ထကြွလုပ်ရှားသော မိမိတို့ဘက် ရဲမက်များကို ဟန့်တားပြီး "အသင် ကောသလမင်းသည် ဤအခါမှစ၍ မမေ့မလျော့သူ ဖြစ်လေလော့။ 'မင်းသားကလေး ငယ်ငယ်လေးပါ' ဟု အထင်သေးမှု မပြုလင့်" ဟူ၍ သတိပေးစကား ပြောကြားဆုံးမ၍ လွှတ်လိုက်လေ၏။

ထိုအချိန်မှစ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ မင်းစည်းစိမ်သည် အလောင်းတော် အလီနစိတ္တမင်းသား၏ လက်သို့ ရောက်ပြီးသည်သာလျှင် ဖြစ်တော့၏။ ထကြွပုန်ကန်ဝံ့သော အခြားရန်သူ တစ်ဦးတစ်ယောက်မျှ မရှိတော့လေပြီ။ ဘုရားအလောင်းတော်သည် အသက် ၇ နှစ် ရှိသော အခါ၌ ရာဇာဘိသိက်သွန်းခံ၍ အလီနစိတ္တ မည်သော မင်းဖြစ်လျက် တရားသဖြင့် မင်းပြုပြီး အသက်အဆုံး၌ နတ်ပြည်သို့ လားရောက်တော်မူလေသည်။

http://www.dhammadownload.com



ထိုအတိတ်ဇာတ်လမ်း၌ မယ်တော်သည် ယခုအခါ မဟာမာယာမိဖုရား၊ ခမည်းတော်သည် သုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏။ မင်းစည်းစိမ်ကို အရယူ၍ပေးသော ဆင်ဖြူတော်သည် ယခုအခါ လုံ့လဝီရိယ လျှော့ချသော ရဟန်း၊ ဖခင် ဆင်ပြောင်ကြီးသည် ယခုအခါ အရှင်သာရိပုတ္တရာ၊ ပြည်နီးဖြစ်သော ကောသလမင်းသည် ယခုအခါ အရှင်မဟာမောဂ္ဂလ္လာန် ဖြစ်လာ၍ အလီနစိတ္တမင်းသားသည် ယခုအခါ ငါ ဘုရား ဖြစ်လာသည်ဟု ဇာတ်တော်ကို ပေါင်းတော်မူလေသည်။

မြတ်စွာဘုရားသည် ဤအလီနစိတ္တဇာတ်တော်ကို ထုတ်ဆောင်ဟောပြတော်မူ၍ ရှေးအခါကလည်း အရှင်သာရိပုတ္တရာ၏ သူတစ်ပါးကျေးဇူးသိတတ် တုံ့ပြန်တတ်သည်၏ အဖြစ်ကို ပြတော်မူပေသည်။

အရှင်သာရိပုတ္တရာ၏ ပါရမီဖြည့်ခဲ့ရာ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်းဝယ် ဤကဲ့သို့ ကျေးဇူးသိတတ် တုံ့ပြန်တတ်သော ဘဝတွေ များစွာပင် ရှိပါလိမ့်မည်။ ထိုဘဝများစွာထဲမှ ဘဝတစ်စိတ်တစ်ဒေသမျှသာ ဖြစ်သော ဤတိရစ္ဆာန်ဘဝမှာပင် ဤမျှအထိ ကျေးဇူးသိကာ ကျေးဇူးဆပ်နေပါလျှင် ပါရမီပြည့်ရာ အရှင်သာရိပုတ္တရာ ဘဝတွင်မူ သူတစ်ပါးကျေးဇူး သိတတ်မှု တုံ့ပြန်တတ်မှုတို့မှာ အလွန့်အလွန်ပင် အားကောင်းလျက် ရှိနေပါလိမ့်မည်။ သူတစ်ပါးကျေးဇူးကို သိတတ်သူ တုံ့ပြန်တတ်သူတို့ကား လောကတွင် ရဖို့ရန် ခဲယဉ်းသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ လောက၌ ရခဲသော အရာသည် ရှားပါးသည် ဖြစ်ရာ ရှားပါးသော ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါသည်။ အရှင်သာရိပုတ္တရာသည်မူကား လောက၌ အရခဲဆုံး၊ အရှားပါးဆုံး၊ တန်ဖိုးအရှိဆုံး ပုဂ္ဂိုလ်တို့တွင် ထိပ်တန်းက ပါဝင်နေပေသည်။

http://www.dhammadownload.com

## ၃၈။ မြတ်စွာဘုရားတို့၏ ဩဝါဒနှင့်တူသော ဩဝါဒပိုင်ရှင် အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းတိုက်တော်ရှိ ဂန္ဓကုဋီပရိဝုဏ်အတွင်း ခင်းထားအပ်သော တရားပလ္လင်တော်၌ ရဟန်းအပေါင်းခြံရံလျက် ထိုင်နေတော်မူစဉ် ရဟန်းတို့ကို -

"ရဟန်းတို့၊ ယခုအခါ ငါဘုရားသည် အသက်အရွယ် ကြီးရင့်ခဲ့လေပြီ။ (ထိုအချိန်က မြတ်စွာဘုရားသည် အသက်တော်မှာ ၅၅ နှစ်ကျော်ခဲ့လေပြီ) အချို့ရဟန်းများသည် ငါဘုရားက ဤခရီးဖြင့် သွားကြကုန်စို့ဟု ပြောဆိုအပ်ပါလျက် အခြားခရီးဖြင့် ငါဘုရားကို စွန့်ခွာသွားကြကုန်၏။ (အရှင်မေဃိယကို ရည်ညွှန်းသည်။) အချို့ရဟန်းများကမူ ငါဘုရား၏သပိတ် သင်္ကန်းကို မြေ၌ ချထားမည့် အခြေအနေအထိ ပြုလုပ်ဘိကြသည်။ (အရှင်နာဂသမာလကို ရည်ညွှန်းပါသည်။) ငါ ဘုရားအတွက် အမြဲပြုစုလုပ်ကျွေးမည့် ရဟန်းတစ်ပါးကို သင်ချစ်သားတို့ စဉ်းစားကြလော့" ဟု မိန့်တော်မူ၏။

ထိုစကားကို ကြားရသောအခါ ရဟန်းတော်တို့ သံဝေဂဉာဏ်ဝယ် တရားသံဝေဂကြီးစွာ ဖြစ်လေသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး "မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားတို့ကိုသာလျှင် တောင့်တလျက် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဆည်းပူးခဲ့ပါသည်။ တပည့်တော်ကဲ့သို့သော ပညာကြီးသည့် ပုဂ္ဂိုလ်သည် အရှင်ဘုရားတို့အတွက် အလုပ်

http://www.dhammadownload.com



အကျွေးပုဂ္ဂိုလ် ဖြစ်သင့်သည် မဟုတ်ပါလော။ တပည့်တော်သည် ရှင်တော်ဘုရားတို့အား ပြုစုလုပ်ကျွေးပါရစေ” ဟု တောင်းပန်စကား လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကို “မသင့်ဘူး ချစ်သား သာရိပုတ္တရာ၊ အကြင်အရပ်၌ သင်ချစ်သား နေ၏။ ထိုအရပ်သည် စင်စစ် တရားမှ မဆိတ်သုဥ်းသည်သာ ဖြစ်၏။ မှန်၏။ သင်ချစ်သား၏ အဆုံးအမဩဝါဒသည် မြတ်စွာဘုရားတို့၏ အဆုံးအမဩဝါဒနှင့် တူ၏။ သို့ဖြစ်၍ သင်ချစ်သားသည် ငါဘုရားအား ပြုစုလုပ်ကျွေးရန် ကိစ္စ မရှိ” ဟု ချီးမြှောက်စကားမိန့်ကြားတော်မူကာ အရှင်သာရိပုတ္တရာ၏ တောင်းပန်လျှောက်ထားချက်ကို ပယ်မြစ်တော်မူ၏။ ဤနည်းဖြင့် အရှင်မဟာမောဂ္ဂလ္လာန်ကို အစပြု၍ ၈၀ သော မဟာသာဝကကြီးများသည် ကိုယ်စီကိုယ်င ထ၍ ထ၍ မြတ်စွာဘုရားအား မိမိတို့ ပြုစုလုပ်ကျွေးပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြလေသည်။ ထိုမဟာသာဝကကြီးများအားလုံးကိုပင် ပယ်မြစ်တော်မူလေသည်။ အရှင်အာနန္ဒာ တောင်းပန်လျှောက်ထားသောအခါမှ ခွင့်ပြုတော်မူလေသည်။

http://www.dhammadownload.com

# ၃၉။ လိုသည်ထက် ပို၍ ပေးသူနှင့်တူသော အရှင်သာရိပုတ္တရာ

အရှင်လကုဏ္ဍကဘဒ္ဒိယသည် ရဟန်းဖြစ်ပြီးနောက် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းတရားကို သင်ကြားနာယူ၍ ဝိပဿနာအလုပ် အားထုတ်လေလျှင် ရှေးဦးစွာ သောတာပန် ဖြစ်လေသည်။ ထိုအချိန်၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန်းများသည် များသောအားဖြင့် အရှင်သာရိပုတ္တရာထံ ဆည်းကပ်ကြ၍ အထက်မဂ်အလို့ငှာ ကမ္မဋ္ဌာန်းတောင်းကြ၊ တရားဒေသနာကို တောင်းကြ၊ ပြဿနာကို မေးလျှောက်ကြလေသည်။ အရှင်သာရိပုတ္တရာသည် ထိုတောင်းပန်လျှောက်ထားကြသော ရဟန်းတို့၏ အလိုကို ဖြည့်စွမ်းလျက် ကမ္မဋ္ဌာန်းအားထုတ်ပုံကို ပြောပြတော်မူ၏၊ တရားဒေသနာကို ဟောပြတော်မူ၏၊ ပြဿနာကို ဖြေတော်မူ၏။ ထိုရဟန်းများသည် ရဟန်းတရားကို ဆက်လက်အားထုတ်ကြလေလျှင် အချို့က သကဒါဂါမိဖိုလ်ကို၊ အချို့က အနာဂါမိဖိုလ်ကို၊ အချို့က အရဟတ္တဖိုလ်ကို၊ အချို့က ဝိဇ္ဇာသုံးပါးတို့ကို၊ အချို့က အဘိညာဉ် ခြောက်ပါးတို့ကို၊ အချို့က ပဋိသမ္ဘိဒါ ဉာဏ်လေးပါးတို့ကို ရကြ၊ ရောက်ကြလေသည်။

ထိုရဟန်းတို့ကို မြင်ရ၍ အရှင်လကုဏ္ဍကဘဒ္ဒိယသည်လည်း မိမိကိုယ်တိုင်က သောတာပန်အရိယာဖြစ်ကာ အခါကို သိ၍ မိမိ၏စိတ်ကျန်းခံ့ခြင်း, ကိလေသာတို့မှ ခေါင်းပါးခြင်းတို့ကို ဆင်ခြင်လျက် အရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ်ပြီး အစေ့အစပ်စကား ဝမ်းမြောက်ဝမ်းသာ

http://www.dhammadownload.com



စကား ပြောကြားပြီးနောက် တရားဟောဖို့ရန် တောင်းပန်လျှောက်ထား လေသည်။ အရှင်သာရိပုတ္တရာသည်လည်း အရှင်လကုဏ္ဍကဘဒ္ဒိယ၏ အလိုအဈ္ဈာသယနှင့် လိုက်လျောသော တရားစကားကို ဟောကြားတော် မူလေသည်။ အရှင်လကုဏ္ဍကဘဒ္ဒိယသည် အရှင်သာရိပုတ္တရာ ဟော ကြားတော်မူသည့်အတိုင်း တရားဒေသနာနောက် ဉာဏ်အစဉ် လျှောက် ၍ ဝိပဿနာတရား ပွားများ အားထုတ်တော်မူလေရာ အရှင်သာရိ ပုတ္တရာ၏ တရားဒေသနာ အာနုဘော်နှင့် မိမိ၏ ရှေးကောင်းမှုနှင့် ပြည့်စုံ ခြင်းဟူသော အကြောင်းနှစ်ပါးတို့ကြောင့် ဝိပဿနာဉာဏ် ရင့်သန် ပွား စီးကာ ရဟန္တာဖြစ်တော်မူလေသည်။

အရှင်လကုဏ္ဍကဘဒ္ဒိယသည် အရှင်သာရိပုတ္တရာထံမှ ပထမရ သော ဩဝါဒဖြင့်ပင် ရဟန္တာ ဖြစ်တော်မူခဲ့လေသည်။ သို့သော် အရှင် သာရိပုတ္တရာသည်ကား အရှင်လကုဏ္ဍကဘဒ္ဒိယ ရဟန္တာဖြစ်သည်ကို မဆင်ခြင်သည့်အတွက် မသိ၍ သေက္ခအရိယာပင် ထင်မှတ်တော်မူကာ နောက်တစ်နေ့ဝယ် နည်းနည်း တောင်းပါလျက် လိုသည်ထက် ပို၍ ပေး ကာ ကုသိုလ်ဆန္ဒကြီးမြတ်လှသည့် ဒါနရှင် ယောကျ်ားကဲ့သို့ ဆဆထင်ပိုး တိုး၍ တိုး၍ အကြောင်းပေါင်းများစွာဖြင့် အရှင်လကုဏ္ဍက ဘဒ္ဒိယ ရဟန္တာဖြစ်ရန် တရားအကျယ် ဟောတော်မူလေသည်။ အရှင်လကုဏ္ဍ က ဘဒ္ဒိယသည်လည်း "ငါကား ယခုအခါ ရဟန္တာဖြစ်ပြီးသူ ဖြစ်၏။ ဤအဆုံးအမဩဝါဒဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု မကြံစည်ဘဲ သူတော်ကောင်းတရား၌ ရိုသေသောစိတ်ဖြင့် ရှေးအခါက ကဲ့သို့ပင် ရိုသေစွာ နာယူမြဲ နာယူနေလေ၏။

http://www.dhammadownload.com

# ၄၀။ အချင်းချင်း မြတ်နိုးကြသော အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာ

"ဘုရားရတနာနှင့် သံဃာရတနာကို ပူဇော်မှုသည် ထင်ရှား၏။ တရားရတနာကိုမူ မည်သို့ ပူဇော်ရလေမည်နည်း" ဟု ပုဏ္ဏား တစ်ယောက်မှာ အကြံပေါ်နေလေ၏။ ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံ သွားပြီး ထိုအကြောင်းကို မေးလျှောက်၏။ "ပုဏ္ဏား၊ သင်သည် တရား ရတနာကို ပူဇော်လိုလျှင် အကြားအမြင်များသော ရဟန်းတစ်ပါးကို ပူ ဇော်လော့" ဘုရားရှင်က မိန့်ကြားတော်မူလေ၏။ ထိုပုဏ္ဏားက "မြတ်စွာဘုရား အကြားအမြင်များသော ရဟန်းကို မိန့်ကြားတော်မူပါ" ဟု လျှောက်ထားသောအခါ "ရဟန်းအပေါင်းကို မေးလျှောက်လေ" ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူလေသည်။

ထိုပုဏ္ဏားသည် ရဟန်းအပေါင်းသို့ ချဉ်းကပ်ပြီး "အရှင်ဘုရားတို့ တပည့်တော်အား အကြားအမြင်များသော ရဟန်းကို ညွှန်ပြတော်မူပါ" ဟု လျှောက်ထားလေ၏။ "ပုဏ္ဏား၊ အရှင်အာနန္ဒာသည် အကြားအမြင် များသော ရဟန်းဖြစ်သည်" ဟု ရဟန်းတို့က မိန့်ကြားလေသဖြင့် ပုဏ္ဏား သည် အရှင်အာနန္ဒာကို တစ်ထောင်တန်သင်္ကန်းဖြင့် ပူဇော်လေသည်။

အရှင်အာနန္ဒာသည် ထိုသင်္ကန်းကို ယူကာ မြတ်စွာဘုရားထံသို့ သွားလေပြီ။ "အာနန္ဒာ၊ ဒီသင်္ကန်းကို ဘယ်က ရလာသလဲ" ဟု မြတ်စွာ ဘုရားရှင်က မေးတော်မူသဖြင့် "မြတ်စွာဘုရား ဤသင်္ကန်းကို ပုဏ္ဏား တစ်ယောက်က လှူဒါန်းပါသည်။ ဤသင်္ကန်းကို တပည့်တော် အရှင်

http://www.dhammadownload.com



သာရိပုတ္တရာအား လှူဒါန်းလိုပါသည်” ဟု လျှောက်ထားသောအခါ “အာနန္ဒာ၊ လှူလေ” ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူလေသည်။ “မြတ်စွာဘုရား၊ ယခုအခါ အရှင်သာရိပုတ္တရာသည် ခရီးကြွသွားပါသည် ဘုရား” ဟု အရှင်အာနန္ဒာက လျှောက်ထားသောအခါ “ဒီလိုဆိုရင် ခရီးက ပြန်လာမှ လှူပေါ့” ဟု မိန့်တော်မူ၍ “မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းမှ အပိုဖြစ်သော ‘သင်္ကန်း မဆောင်ရ’ ဟု သိက္ခာပုဒ်ပညတ်ထားပါသည် ဘုရား”ဟု အရှင်အာနန္ဒာက လျှောက်ထားလေသည်။ “အာနန္ဒာ၊ သာရိပုတ္တရာ ဘယ်အခါ ပြန်လာမည်လဲ” ဟု မေးသဖြင့် “ဆယ်ရက်လောက် ကြာရင် ပြန်လာပါမည် ဘုရား”ဟု လျှောက်ထားသောအခါ “အာနန္ဒာ၊ အဓိဋ္ဌာန် မတင်အပ် ဝိကပ္ပနာ မပြုအပ်သော သင်္ကန်းကို အကြာဆုံး ၁၀ ရက်ထိ ထားခွင့်ပြုသည်” ဟုမိန့်ကာ သိက္ခာပုဒ် ပညတ်တော်မူလေသည်။ အရှင်သာရိပုတ္တရာသည်လည်း မြတ်နိုးဖွယ်တစ်စုံတစ်ရာ ရလာလေလျှင် ထိုမြတ်နိုးဖွယ် ပစ္စည်းကို အရှင်အာနန္ဒာအား လှူဒါန်းလေသည်။ ဤသို့လျှင် အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့သည် အချင်းချင်း မြတ်နိုးကြလေသည်။

http://www.dhammadownload.com

## ၄၁။ မြေကြီးကို ရွှေသီးစေခဲ့သော အရှင်သာရိပုတ္တရာ

ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးကြီးကို မှီခို၍နေရသည့် "ပုဏ္ဏ" အမည်ရှိသော အလုပ်သမား၊ ဇနီးဖြစ်သူ ဥတ္တရာနှင့် သမီးလေးတို့ နေကြလေ၏။ သမီးလေး၏အမည်ကိုလည်း အမိအမည်နှင့်အလားတူ 'ဥတ္တရာ' ဟူ၍ မှည့်ခေါ်ကြ၏။ တစ်နေ့သ၌ ၇ ရက် ကျင်းပမည်ဟု ကြွေးကြော်ထားသော ရာဇဂြိုဟ် နက္ခတ်ပွဲသဘင်ဝယ် ရာဇဂြိုဟ် သူဌေးကြီးသည် ပုဏ္ဏကို ခေါ်စေ၍ "အမောင်ပုဏ္ဏ၊ နက္ခတ်ပွဲသဘင်သည်လည်းကောင်း၊ ဥပုသ်စောင့်သုံးခြင်းသည်လည်းကောင်း ဆင်းရဲသော မောင်တို့လို လူအဖို့ရာ ဘာလုပ်အံ့နည်း။ အမောင်သည် ပွဲသဘင် အဖိုးအခ ရိက္ခာကို ယူ၍ ပွဲလမ်းသဘင်ကိုပင် ပျော်ရွှင်မည်လော၊ သို့မဟုတ် အားကောင်းသည့် နွားများ၊ ထွန်တုံး၊ ထွန်သွားများကို ယူကာ လယ်ထွန်မည်လော။ အမောင် နှစ်သက်ရာကို ပြောပါလေ" ဟု ဆိုလေ၏။ "အရှင်၊ နက္ခတ်ပွဲသဘင်မည်သည် ဥစ္စာရှိသူတို့အတွက် ဖြစ်ပါသည်။ ကျွန်တော်မျိုး အိမ်မှာတော့ နက်ဖြန်အတွက် ယာဂုဆန်ပင် မရှိပါ။ နက္ခတ်ပွဲဆိုတာ ကျွန်တော့်မှာ ဘာလုပ်မှာလဲ။ နွားတွေ ရလျှင် လယ်ထွန်သွားပါမည်" ဟု ပုဏ္ဏက

http://www.dhammadownload.com



ပြောပြလေ၏။ "ဒီလိုဆိုရင် နွားတို့ကို ယူလော" ဟု သူဌေးက ပြောသော အခါ ပုဏ္ဏသည် အားကောင်းသည့် နွားများ ထွန်တုံး ထွန်သွားများကို ယူ ကာ "အရှင်မ၊ မြို့သူမြို့သားတွေက နက္ခတ်ပွဲသဘင်ကို သွားနေကြ တယ်။ ငါတော့ ဆင်းရဲသားမို့ အခစား အလုပ်လုပ်ဖို့ သွားတော့မယ်။ ဒီနေ့ ငါ့အတွက် ထမင်းနှစ်ဆ ချက်ပြီး ယူခဲ့ပါ" ဟု ဇနီးကို ပြောပြီး လယ်သို့ သွားလေပြီ။

## ပုဏ္ဏနှင့် အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာသည်လည်း ၇ ရက်ပတ်လုံး နိရောဓ သမာပတ် ဝင်စားနေရာ ထိုနေ့၌ သမာပတ်မှ ထတော်မူ၍ "ငါဟာ ဒီနေ့ ဘယ်သူ့ကို ချီးမြှောက်သင့်သလဲ" ဟု ကြည့်ရှုသောအခါ သူ၏ ဉာဏ်ကွန်ယက်ထဲသို့ ပုဏ္ဏဝင်လာသည်ကို မြင်သဖြင့် "ပုဏ္ဏဟာ သဒ္ဓါတရားရှိသလား။ ငါ့ရဲ့ ချီးမြှောက်မှုကို ခံယူနိုင်လေမလား" ဟု ကြည့်ရှုပြန်ရာ ပုဏ္ဏ၏ သဒ္ဓါ တရားရှိသည်၏အဖြစ်၊ ချီးမြှောက်မှုကို ခံယူနိုင်သည့်အဖြစ်၊ ကြီးကျယ် သော စည်းစိမ်ကို ရနိုင်မည့် အဖြစ်တို့ကို သိရ၍ သပိတ်သင်္ကန်းကို ယူ ကာ ပုဏ္ဏလယ်ထွန်ရာ အရပ်သို့ သွားပြီး ရေတွင်းနှုတ်ခမ်းရှိ ချုံတစ်ချုံကို ကြည့်လျက် ရပ်တည်နေလေပြီ။

ပုဏ္ဏသည် အရှင်သာရိပုတ္တရာကို မြင်လျှင်မြင်ချင်းပင် လယ်ထွန် ခြင်း အမှုကို ထားခဲ့ပြီး ထိခြင်းကြီး ၅ ပါးဖြင့် အရှင်သာရိပုတ္တရာကို ရှိခိုးကာ "ဒန်ပူကို အရှင်သာရိပုတ္တရာ အလိုရှိတာ ဖြစ်လိမ့်မည်"ဟု တွေး ပြီး ဒန်ပူကို အပ်စပ်အောင်ပြုလုပ်ကာ လှူဒါန်းလေသည်။ ထိုအခါ ပုဏ္ဏ အား အရှင်သာရိပုတ္တရာသည် သပိတ်နှင့်ရေစစ်ကို ထုတ်ဆောင်ကာ ပေးလေ၏။ "အရှင်သာရိပုတ္တရာသည် ရေကို အလိုရှိတာ ဖြစ်လိမ့်မည်" ဟု ပုဏ္ဏ သိလေသဖြင့် သပိတ်နှင့် ရေစစ်ကို ယူကာ ရေကို စစ်ပြီး လှူဒါန်း လေ၏။ "ပုဏ္ဏဟာ သူတစ်ပါးတွေရဲ့ နောက်ဖေးအိမ်မှာ နေရရှာတယ်။

http://www.dhammadownload.com



ငါဟာ ပုဏ္ဏာရဲ့ အိမ်တံခါးကို သွားခဲ့ရင် ပုဏ္ဏာရဲ့ဇနီးဟာ ငါ့ကို ဖူးမြော်ခွင့်ရလိမ့်မည် မဟုတ်။ ပုဏ္ဏာဇနီး ထမင်းယူပြီး ဒီလမ်းကို လာသည့်အချိန်အထိ ဒီနေရာမှာပဲ ရှိနေမည်" ဟု အရှင်သာရိပုတ္တရာသည် ကြံစည်နေလေသည်။ အရှင်သာရိပုတ္တရာသည် အချိန်အနည်းငယ် စောင့်ပြီးသောအခါ ပုဏ္ဏာဇနီး လမ်းပေါ် လာနေသည်ကို သိသဖြင့် ရာဇဂြိုဟ်သို့ ရှေ့ရှုကာ ကြွသွားလေပြီ။

## ဥတ္တရာနှင့် အရှင်သာရိပုတ္တရာ

ပုဏ္ဏာဇနီး ဥတ္တရာသည် လမ်းခရီးအကြား၌ အရှင်သာရိပုတ္တရာကို ဖူးတွေ့ရသဖြင့် "တစ်ခါတစ်ရံ ငါဟာ လှူဖွယ်ပစ္စည်း ရှိပေမယ့် အရှင်သာရိပုတ္တရာကို မဖူးတွေ့ရ။ တစ်ခါတစ်ရံ ငါဟာ အရှင်သာရိပုတ္တရာကို ဖူးတွေ့ပေမယ့် လှူဖွယ်ပစ္စည်းက မရှိ။ ဒီနေ့တော့ ငါဟာ အရှင်သာရိပုတ္တရာကိုလည်း ဖူးတွေ့နေရတယ်။ ဒီလှူဖွယ်ပစ္စည်းကလည်း ရှိနေတယ်။ အရှင်သာရိပုတ္တရာဟာ ငါ့ကို ချီးမြှောက်လေမည်လား" ဟု စဉ်းစားနေလေ၏။ ဥတ္တရာသည် ထမင်းတောင်းကို ချကာ အရှင်သာရိပုတ္တရာကို ထိခြင်းကြီးငါးပါးဖြင့် ရှိခိုးပြီး "အရှင်ဘုရား၊ ဒီလှူဖွယ်ပစ္စည်းကို မွန်မြတ်တယ်၊ မမွန်မြတ်ဘူးလို့ သဘောထားတော်မမူဘဲ အရှင်ဘုရားတို့၏ ကျွန်ဒကာအား ချီးမြှောက်တော်မူပါဘုရား" ဟု လျှောက်ထားလေသည်။ အရှင်သာရိပုတ္တရာသည် သပိတ်ကို ဥတ္တရာ၏အနီးသို့ ကပ်ဆောင်ပေးသဖြင့် ဥတ္တရာသည် လက်တစ်ဖက်ဖြင့် ထမင်းအိုးကို သယ်ဆောင်ပြီး အခြားလက်တစ်ဖက်ဖြင့် ထမင်းအိုးမှ ထမင်းကို လောင်းလှူလတ်သော် ထမင်းတစ်ဝက်ကို လှူပြီးသောအခါ "ပြည့်စုံပြီ၊ တော်လောက်ပြီ" ဟု မိန့်ကြားကာ လက်ဖြင့် သပိတ်ကို ပိတ်လေသည်။

"အရှင်ဘုရား၊ ဤထမင်းသည် တစ်ယောက်စာအတွက်သာ ဖြစ်ပါသည်။ နှစ်ဖို့ခွဲလို့ မသင့်ပါ။ အရှင်ဘုရားတို့ရဲ့ ကျွန်ဒကာအား ဤ

http://www.dhammadownload.com



လောကအတွက် ချီးမြှောက်မှုကို မပြုဘဲ တမလွန်လောကအတွက် ချီးမြှောက်မှုကို ပြုတော်မူပါ။ တပည့်တော် ဤဆွမ်း အကုန်လုံး လောင်းလှူလိုပါတယ် ဘုရား” ဟု လျှောက်ထားကာ အရှင်သာရိပုတ္တရာ၏ သပိတ်ထဲ အကုန်လုံး လောင်းလှူပြီး“အရှင်ဘုရားတို့ သိမြင်အပ်သော တရားကို သိမြင်နိုင်တဲ့သူ ဖြစ်ရပါလို၏” ဟု ဆုတောင်းလေသည်။ အရှင်သာရိပုတ္တရာသည် “သင့်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ” ဟု မိန့်ကာ ရပ်လျက်ပင် အနုမောဒနာတရားစကား မိန့်ကြားပြီး ရေချမ်းသာရာ တစ်နေရာမှာ ထိုင်၍ ဆွမ်းကိစ္စကို ပြုလေပြီ။ ဥတ္တရာသည်လည်း အိမ်သို့ပြန်ကာ ဆန်တို့ကို ရှာပြီး ထမင်းချက်လေသည်။ ပုဏ္ဏသည်လည်း တစ်ကရီသခွဲမျှရှိသော အရပ်ကို ထွန်၍ ထမင်းဆာမှုကို သည်းခံနိုင်စွမ်းမရှိတော့သဖြင့် နွားတို့ကို လွှတ်ပြီး သစ်ပင်တစ်ပင်၏ အရိပ်သို့ ဝင်ကာ လမ်းကို ကြည့်လျက် ထိုင်နေလေသည်။

## ဇနီးသည်၏ ရင်ခွင်မှာ အိပ်ပျော်သွားသော ပုဏ္ဏ

ထိုအခါ ဥတ္တရာသည် ထမင်းကို ယူပြီး သွားလတ်သော် ပုဏ္ဏကို မြင်လျှင်မြင်ချင်း “ဒီကိုပုဏ္ဏဟာ ထမင်းဆာမှု နှိပ်စက်ခံရလို့ ငါ့ကို မျှော်ကြည့်ပြီး ထိုင်နေရှာတယ်။ ငါ့ကို အလွန်အကဲ ကြာရကောင်းလားဆိုပြီး ခြိမ်းခြောက် မာန်မဲကာ ကြိမ်တံပြာနဲ့ ရိုက်ခဲ့ရင် ငါလုပ်ထားတဲ့ ကောင်းမှုဟာ အကျိုးမရှိ ဖြစ်ပေရော့မယ်။ ကိုပုဏ္ဏအား စောစောက ကြိုတင်ပြောထားမှ တော်ရော့မယ်” ဟု ကြံစည်ကာ “အမောင် ဒီနေ့တစ်နေ့လုံး စိတ်ကို ကြည်ကြည်လင်လင် ထားပါ။ ကျွန်မပြုထားတဲ့ ကောင်းမှုကို အကျိုးမဲ့ မဖြစ်ပါစေနဲ့။ ကျွန်မ နံနက်စောစောကပဲ အမောင့်အတွက် ထမင်းကို သယ်ယူလာခဲ့ပါတယ်။ လမ်းခရီးအကြားမှာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာကို တွေ့တာနဲ့ အမောင့်အတွက် သယ်ယူလာတဲ့ ထမင်းကို အရှင်သာရိပုတ္တရာအား လှူလိုက်ပါတယ်။ အိမ်ပြန်ပြီး ထမင်းချက်ကာ

http://www.dhammadownload.com



လာခဲ့ပါတယ်။ အမောင် စိတ်ကို ကြည်ကြည်လင်လင် ထားပါနော်” ဟု ပြောပြလေသည်။ ပုဏ္ဏသည် “ရှင်မ ဘာကို ပြောလိုက်သလဲ” ဟု မေးသဖြင့် တစ်ဖန် ထိုအကြောင်းကို ကြားရပြန်သော် “ရှင်မ၊ ရှင်မ ငါ့အတွက် ချက်လာတဲ့ ထမင်းကို အရှင်သာရိပုတ္တရာအား လှူလိုက်တာ ကောင်းပါပေတယ်။ ငါလည်း အရှင်သာရိပုတ္တရာအား ဒီနေ့ နံနက်စောစောကပဲ ဒန်ပူနဲ့မျက်နှာသစ်ရေကို လှူလိုက်တယ်” ဟု ပြော၍ စိတ်ကြည်လင်ရွှင်ပျကာ ဥတ္တရာ၏စကားကို အလွန်သဘောကျနေလေသည်။ နေမြင့်မှ ထမင်းစားရသဖြင့် ကိုယ်ပင်ပန်းနွမ်းနယ်နေ၍ ဥတ္တရာ၏ ရင်ခွင်၌ ဦးခေါင်းထားကာ အိပ်ပျော်သွားလေသည်။

## မြေကြီးက ရွှေသီးနေလေပြီ

ထိုအခါ ပုဏ္ဏ၏ နံနက်စောစောကပင် ထွန်ထားရာနေရာသည် မြေမှုန့်မှစ၍ အလုံးစုံသည် မဟာလှေကားပန်းပုံကဲ့သို့ နီသော ရွှေသော အဆင်းရှိကာ တင့်တယ်စွာ တည်နေလေ၏။ အိပ်ရာမှ နိုးလာသော ပုဏ္ဏသည် ထွန်ထားသော နေရာကို ကြည့်ပြီး “ရှင်မ၊ ဒီထွန်ထားတဲ့ နေရာအားလုံးဟာ ငါ့အမြင်မှာ ရွှေတွေအဖြစ်နဲ့ ထင်ရှားနေတယ်။ အလွန်နေမြင့်တဲ့အခါမှာ ထမင်းစားရလို့ ငါ့မျက်စိတွေ ဝေနေရော့သလား” ဟု မေးလေသည်။

“အမောင်၊ ကျွန်မမျက်စိထဲမှာလည်း အဲဒီအတိုင်းပဲ ထင်ရှားနေတယ်” ဟု ဥတ္တရာက ပြောလေသည်။ ပုဏ္ဏသည် နေရာမှ ထပြီး ထွန်ထားသော နေရာသို့ သွားကာ ထွန်စိုင်ခဲတစ်လုံးကို ယူပြီး ထွန်တုံးဦး၌ ထုနှက်ကြည့်လေရာ ရွှေဖြစ်နေသည်ကို သိရသဖြင့် “တရားစစ်သူကြီး အရှင်သာရိပုတ္တရာအား ငါတို့လှူရတဲ့ အလှူရဲ့အကျိုးကို ဒီနေ့ပဲ မြင်တွေ့ရတာ အံ့ဩစရာကောင်းပါပေတယ်။ ဒီလောက်များတဲ့ ဥစ္စာကို ဖုံးကွယ်ထားပြီး သုံးစွဲဖို့ မသင့်တော်” ဟု ဇနီးအား ပြောကာ ယူလာသော ထမင်း

http://www.dhammadownload.com



ခွက်၌ ရွှေအပြည့်ထည့်ပြီး မင်းနန်းတော်သို့ သွားလေရာ မင်းက ဝင်ခွင့်ပြု သဖြင့် ဝင်ကာ မင်းကို ရှိခိုးပြီး "ဘာလဲ အမောင်" ဟု မင်းက ဆိုလေသော အခါ "အရှင်မင်းမြတ်၊ ယနေ့ ကျွန်တော်မျိုး ထွန်ထားရာ နေရာအားလုံး ဟာ ရွှေတွေဖြစ်ကာ တည်နေပါတယ်။ အဲဒီရွှေတွေကို ဆောင်ယူစေဖို့ သင့်ပါတယ်" ဟု မင်းအား လျှောက်ထားလေသည်။ "မောင်မင်း နာမည် က ဘာလဲ" ဟု မေးသဖြင့် "ပုဏ္ဏ ဖြစ်ပါကြောင်း" လျှောက်ထားသော အခါ "မောင်မင်း ဒီနေ့ ဘာလုပ်သလဲ" ဟု မင်းက ထပ်မေးပြန်သဖြင့် "ဒီနေ့ နံနက်စောစောကပင် ကျွန်တော်မျိုးသည် တရားစစ်သူကြီး အရှင် သာရိပုတ္တအား ဒန်ပူနဲ့ မျက်နှာသစ်ရေကို လှူခဲ့ပါသည်။ ကျွန်တော်မျိုး၏ ဇနီးကလည်း ကျွန်တော်မျိုးအတွက် သယ်ယူလာသည့် ထမင်းကို အရှင် သာရိပုတ္တရာအားပင် လှူခဲ့ပါသည်" ဟု လျှောက်ထားလေသည်။

## သောတာပန်ဖြစ်ကြလေပြီ

ထိုစကားကို ကြားရသဖြင့် မင်းသည် "မောင်မင်းတို့ ဒီနေ့ပဲ တရား စစ်သူကြီး အရှင်သာရိပုတ္တရာအား လှူအပ်တဲ့ အလှူရဲ့အကျိုးကို တွေ့ ရပြီတဲ့" ဟုပြောပြီး "မောင်မင်း ဘာကို လုပ်မည်လဲ" ဟု မေးလေသည်။ "အရှင်မင်းမြတ်၊ လှည်းအစီးထောင်ပေါင်းများစွာ စေလွှတ်ပြီး ရွှေတွေ ကို သယ်ဆောင်ခိုင်းတော်မူပါ" ဟု လျှောက်တင်သဖြင့် မင်းသည် လှည်း တို့ကို လွှတ်လေပြီ။ မင်းချင်းယောကျ်ားတို့သည် "မင်း၏ဥစ္စာတွေ" ဟု ပြောကာ ယူကြလေသဖြင့် ယူတိုင်း ယူတိုင်း မြေညက်ချည်းသာ ဖြစ်လေ သည်။ မင်းချင်းယောကျ်ားတို့သည် မင်းထံ သွား၍ မင်းအား ထိုအကြောင်း ကို လျှောက်တင်သောအခါ "မောင်မင်းတို့က ဘယ်လို ပြောပြီး ယူကြ သလဲ" ဟု မေးသဖြင့် "အရှင်မင်းမြတ် ဥစ္စာတွေဟု ပြောကာ ယူကြပါ သည်" ဟု လျှောက်တင်ကြလေသည်။ "မောင်မင်းတို့၊ အဲဒီရွှေတွေဟာ

http://www.dhammadownload.com



ငါ့ဥစ္စာမဟုတ်၊ သွားကြ။ 'ပုဏ္ဏာရဲ့ဥစ္စာတွေပဲ' လို့ ပြောကာ ယူကြ" ဟု မှာကြားလိုက်လေသည်။ မင်းချင်းတို့သည် မင်းမှာလိုက်သည့်အတိုင်း ပြုလုပ်ကြသဖြင့် ယူတိုင်း ယူတိုင်း ရွှေတွေသာ ဖြစ်လေတော့သည်။ ရွှေတွေအားလုံး သယ်ယူကာ မင်းရင်ပြင်တွင် စုပုံထားကြလေပြီ။ ရွှေပုံကြီးသည် အတောင် ၈၀ မြင့်လေသည်။

မင်းသည် မြို့သူမြို့သားတို့ကို စုဝေးစေကာ "ဒီမြို့မှာ ဒီလောက်အတိုင်းအတာရှိတဲ့ ရွှေ တစ်စုံတစ်ယောက်မှာ ရှိသလား" ဟု မေးသဖြင့် "မရှိပါ အရှင်မင်းမြတ်" ဟု လျှောက်တင်ကြလေရာ "ဒီပုဏ္ဏာအား ဘာကို ပေးသင့်သလဲ" ဟုမေး၍ "သူဌေးရာထူး ပေးသင့်ပါသည်" ဟု လျှောက်တင်ကြလေသည်။ မင်းသည် "ဗဟုဓနသူဌေး အမည်တွင်စေ" ဟု မိန့်ကာ များစွာသော ဥစ္စာနှင့်တကွ ပုဏ္ဏာအား သူဌေးရာထူး ပေးလေသည်။ "အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့ဟာ သူတစ်ပါးအိမ်မှာ နေခဲ့ရသူများဖြစ်ပါတယ်။ ကျွန်တော်မျိုးတို့အား နေဖို့ရာ နေရာ ပေးတော်မူပါ" ဟု ပုဏ္ဏာက လျှောက်တင်သဖြင့် "ဒီလိုဆိုရင် ဒီနေရာကို ကြည့်ပါ။ ဒီချုံရှိနေပါတယ်။ ဒီချုံကို ဖယ်ရှားခိုင်းပြီး အိမ်ဆောက်ခိုင်းပါ" ဟု မိန့်ကာ သူဌေးဟောင်း အိမ်နေရာကို ညွှန်ပြလေသည်။

ပုဏ္ဏာသူဌေးသည် ထိုနေရာ၌ ရက်အနည်းငယ်အတွင်းမှာပင် အိမ်ဆောက်လုပ်စေပြီး အိမ်ဝင်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာတို့ကို တစ်ပေါင်းတည်းပြုလျက် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ၇ ရက် ပတ်လုံး အလှူဒါန လုပ်လေသည်။ ထိုအခါ ပုဏ္ဏာအား မြတ်စွာဘုရားသည် အနုမောဒနာစကား မိန့်ကြားလျက် အစဉ်အတိုင်းသော တရားစကားကို မိန့်တော်မူလေသည်။ တရားဒေသနာတော်၏အဆုံး၌ ပုဏ္ဏာသူဌေး၊ ဇနီးဥတ္တရာနှင့် သမီး ဥတ္တရာသုံးယောက်တို့ သောတာပန် ဖြစ်ကြလေသည်။

http://www.dhammadownload.com



ဒါနကောင်းမှု တစ်ခုခုပြုလျှင် စိတ်ဖြစ်စဉ် တစ်ခုတစ်ခု၌ ကုသိုလ်ဇော ၇ ကြိမ်ဖြစ်လေသည်။ ထိုဇော ၇ ကြိမ်တို့တွင် ပထမဇောစိတ်တို့၌ ပါရှိသော ကုသိုလ်စေတနာသည် အကြောင်းညီညွတ်လျှင် မျက်မှောက်ဘဝ၌ သက်မဲ့ဖြစ်သည့် ရွှေငွေစသော ရုပ်ဝတ္ထုအကျိုးတို့ကို ဖြစ်စေတတ်သည်။

မျက်မှောက်ဘဝ၌ အကျိုးပေးရန် -

| | | |
|---|---|---|
| ၁။ | ဝတ္ထုသမ္ပဒါ | = အလှူခံပုဂ္ဂိုလ်က အနာဂါမ် အရိယာ၊ သို့မဟုတ် ရဟန္တာဖြစ်ခြင်း။ |
| ၂။ | ပစ္စယသမ္ပဒါ | = လှူဖွယ်ဝတ္ထုက တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်ခြင်း။ |
| ၃။ | စေတနာသမ္ပဒါ | = အလှူပေးပုဂ္ဂိုလ်၏ စေတနာသုံးတန်နှင့် ပြည့်စုံညီညွတ်ခြင်း။ |
| ၄။ | ဂုဏာတိရေကသမ္ပဒါ | = အလှူခံပုဂ္ဂိုလ်က သမာပတ်မှ ထပြီးစ ဖြစ်ခြင်း။ |

ယခုပစ္စုပ္ပန်ဘဝ၌ ဤအကြောင်း ၄ ပါးနှင့် ပြည့်စုံ၍ အလှူရှင်ကလည်း ရှေးဟောင်းမှုနှင့် ပြည့်စုံခြင်း၊ ဤအကြောင်းများ ညီညွတ်မှ မျက်မှောက်ဘဝ၌ အကျိုးပေးလေသည်။

ယခု ပုဏ္ဏ သူဆင်းရဲ ဇနီးမောင်နှံတို့၏ အလှူဒါနမှာလည်း ဆိုခဲ့ပြီးသော ပစ္စုပ္ပန်ဘဝအတွက် အကြောင်း ၄ ပါးတို့နှင့် ပြည့်စုံသည့်ပြင် မောင်ပုဏ္ဏ ကိုယ်တိုင်ကပင် သူဌေးဖြစ်ရန် အတိတ်ဘဝ ရှေးကောင်းမှုနှင့်လည်း ပြည့်စုံသူဖြစ်၍ ထိုနေ့မှာပင် ဗဟုနေသူဌေးကြီးဖြစ်အောင် သုံးမကုန် စွဲမကုန်နိုင်သည့် သက်မဲ့ရွှေတုံး ရွှေဆိုင် ရုပ်ဝတ္ထုအကျိုးတို့ကို ရရှိလေသည်။

http://www.dhammadownload.com



ဆင်းရဲသားတို့ကို သနားကရုဏာ လွန်စွာကြီးမားတော်မူသော အရှင်သာရိပုတ္တရာ၏ ချီးမြှောက်မှုကြောင့် ဆင်းရဲသားပုဏ္ဏ မိသားစုသည် သူဌေးမိသားစု ဖြစ်ခဲ့လေပြီ။ မြေကြီးသည် ရွှေသီးခဲ့လေပြီ။

(အခွင့်သာလျှင် ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ၏ အကြောင်းကို ဆက်ကာ ကြိုးစားပါဦးမည်။)

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာ စိတ်ထား

၁။ အရှင်သာရိပုတ္တရာ, ကျောင်းလှည့်ကာ, လိုတာ လိုက်လုပ်သည်။

၂။ သောက်ရေအိုးတွင်, ရေကင်းစင်, အရှင် ဖြည့်ပေးသည်။

၃။ မသန့်ရှင်းတာ, တွေ့ခဲ့ပါ, သူဟာ သန့်ရှင်းသည်။

၄။ ပစ္စည်းထားကြ, ချိုးမကျ, သူက ပြင်ထားသည်။

၅။ ကြောင့်ကြစိုက်တတ်, သူ့စိတ်ဓာတ်, မြင့်မြတ်လှပါသည်။

၆။ သူရဲ့နေရာ, ရှုပ်ပွတာ, ဘယ်ခါ မရှိပြီ။

၇။ အရှင်သာရိပုတ္တရာညီဖွား, အသင်ကား,
စိတ်ထား သူ့လို ရှိသင့်သည်။

၈။ သောက်ရေအိုးတွင်, ရေကင်းစင်, အသင် ဖြည့်သင့်သည်။

၉။ မသန့်ရှင်းတာ, တွေ့ခဲ့ပါ, သင်ဟာ ရှင်းသင့်သည်။

၁၀။ ပစ္စည်းထားကြ, ချိုးမကျ, သင်က ပြင်သင့်သည်။

၁၁။ ကြောင့်ကြစိုက်တတ်, သင့်စိတ်ဓာတ်, မြင့်မြတ်လှပါသည်။

၁၂။ သင့်ရဲ့နေရာ, ရှုပ်ပွတာ, ဘယ်ခါ မရှိသင့်ပြီ။

၁၃။ သန့်ရှင်းသပ်ရပ်, နေထိုင်တတ်, ဗုဒ္ဓမြတ်စွာ နှစ်ခြိုက်သည်။

၁၄။ သန့်ရှင်းသပ်ရပ်, နေထိုင်တတ်, ဉာဏ်ဓာတ်ပွင့်လင်းသည်။

**သာမဏေကျော်**

**သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်**

**လှော်ကားဥယျာဉ်အနီး**

**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။**

http://www.dhammadownload.com

## သာဓုခေါ်ပါလေ

* ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
* စာအုပ်လှူရာ, ပညာပါ, လှူရာရောက်ပါပေ။
* ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာတည်ပါစေ။
* ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

## သာမဏေကျော်စာပေ
## ပညာဒါန အလှူရှင်များ

| | | |
|---|---|---|
| ၁။ | ကိုမျိုးခိုင်ကို ရည်စူး၍ ကျန်ရစ်သည့် မောင်နှမတစ်စု အမှတ် (၃၄) (A)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ | ၁,၅၀၀,၀၀၀/- |
| ၂။ | မခင်ညွန့်လွင် (ခ) မဖြူ မန္တလေးမြို့။ | ၃၀၀,၀၀၀/- |
| ၃။ | ကိုတိုးတိုး (ခ) ကိုသန်းထွန်း - မခင်ဝင်းရီ၊ သမီး - ယွမ်ယွမ်၊ ဝမ်ဝမ်။ | ၂၀၀,၀၀၀/- |
| ၄။ | ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊ ဘုရင့်နောင်ပွဲရုံ | ၃၀၀,၀၀၀/- |

http://www.dhammadownload.com

| | |
|---|---|
| ၅။ ကိုရဲ၊ ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊ အမှတ် (၈၇)၊ ကုန်စျေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၂၀၀,၀၀၀ိ/- |
| ၆။ ကိုကြည်လင် မိသားစု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀ိ/- |
| ၇။ ကိုမောင်မောင် - မစန်းနု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀ိ/- |
| ၈။ မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရိုးယား။ | ၁၁၅၅၀၀ိ/- |
| ၉။ ကိုမျိုးအောင် - မစန်းစန်းဝင်း မိသားစု၊ (၅၃) ကမ်းနားလမ်း၊ ပုသိမ်မြို့။ | ၁၀၀,၀၀၀ိ/- |
| ၁၀။ ဦးအောင်ထွန်း - ဒေါ်မြင့်မြင့်အေး၊ သား - ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊ သမီး - မသဇင်အောင်၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀ိ/- |
| ၁၁။ ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊ ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀ိ/- |
| ၁၂။ ဦးစိမ်း မိသားစု။ | ၁၀၀,၀၀၀ိ/- |
| ၁၃။ ဦးခင်ဇော် - ဒေါ်စန်းစန်းအေး မိသားစု။ | ၁၀၀,၀၀၀ိ/- |
| ၁၄။ ဦးကုလားဖြူ မိသားစု။ | ၁၀၀,၀၀၀ိ/- |
| ၁၅။ ကိုထင်ကျော် - မအေးအေးခိုင်၊ သား - အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ | ၁၀၀,၀၀၀ိ/- |
| ၁၆။ ကိုဇင်မျိုးနိုင် - မဝင်းမာဦး မိသားစု။ | ၁၀၀,၀၀၀ိ/- |
| ၁၇။ ကောင်းဆက်ပွဲရုံ မိသားစု။ | ၁၀၀,၀၀၀ိ/- |

http://www.dhammadownload.com

၁၈။ မခင်ခင်ဦး၊ ညီမ မနန်းမိုးသီတာ၊
ပဲရစ် (၈) ရတနာကုမ္ပဏီလီမိတက်၊
မန္တလေးမြို့။ ၁၀၀,၀၀၀/-

၁၉။ ဦးအောင်မြင့်သိန်း၊ ကားဝပ်ရှော့၊
(၄၇၂) သစ္စာလမ်း၊ တောင်ဥက္ကလာ။ ၁၀၀,၀၀၀/-

၂၀။ ဦးတင်ဝင်း - ဒေါ်ဝမ်းဝမ်း မိသားစု။ ၃၀,၀၀၀/-

၂၁။ ဦးအောင်သူဆန်း - ဒေါ်ဌေးဌေးရီ မိသားစု။ ၃၀,၀၀၀/-

၂၂။ ဦးတင်အောင်၊ ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊
(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ ၃၀,၀၀၀/-

၂၃။ သာသနာ့မိခင်ကြီး ဒေါ်ကျင်ယုံ၊
မဟာစည်သာသနာ့ရိပ်သာ၊ သဃ်န်းကျွန်း။ ၁၅,၀၀၀/-

၂၄။ ဒေါ်ညွန့်ညွန့်၊ သား - ကိုထွန်းနိုင် မိသားစု။ ၁၀,၀၀၀/-